# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ကဆုန်လပြည့်ကျော် (၉)ရက် ၊ စနေနေ့ ၊ (9-5-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၀၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# သမိုင်းဝင်ပင်းတယရွှေဥမင်သဘာဝလိုဏ်ဂူဘုရားသို့ အင်းလေးခေါင်တိုင်လူရည်ချွန်စခန်း ရောက်ရှိနေသည့် လူရည်ချွန်မောင်မယ်များ သွားရောက်လေ့လာလည်ပတ်



ညောင်ရွှေ မေ ၈

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးခေါင်တိုင် လူရည်ချွန်စခန်း၌ ရောက်ရှိနေသော ဒသမတန်းလူရည်ချွန်မောင်မယ် ၁၃၂ ဦးသည် ကြီးကြပ်ဆရာ၊ ဆရာမများ၊ လူရည်ချွန်စခန်း တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့သို့ သွားရောက်လေ့လာလည်ပတ်ကြသည်။

ဦးစွာ လူရည်ချွန်မောင်မယ်များသည် အထင်ကရနေရာတစ်ခုဖြစ်သည့် ရွှေဥမင်သဘာဝလိုဏ်ဂူဘုရားကြီးအတွင်း ဝင်ရောက်လေ့လာကာ ဘုရားပရိဝုဏ်ရှိ ဈေးဆိုင်ခန်းများ၌ ဒေသရိုးရာစားသောက်ကုန်များ၊ အမှတ်တရလက်ဆောင်ပစ္စည်းများဝယ်ယူကြသည်။

မွန်းလွဲပိုင်းတွင် လူရည်ချွန်မောင်မယ်များသည် သမိုင်းဝင်ပုန်းတလုတ်ရေကန်ကြီးသို့ လည်ပတ်ကြပြီး အထက(၁)ခန်းမတွင် နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

စိုင်းအယ်ဘဲ

သမိုင်းဝင်ပင်းတယရွှေဥမင်သဘာဝလိုဏ်ဂူဘုရားသို့ အင်းလေးခေါင်တိုင်လူရည်ချွန်စခန်း ရောက်ရှိနေသည့် လူရည်ချွန်မောင်မယ်များ သွားရောက်လေ့လာလည်ပတ်ကြစဉ်။


**တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၃၅၇၁၀ စိုက်ပျိုးမည်** စာမျက်နှာ - ၁၅

**ဉာဏ်ရည်တု AI လက်တွေ့ဘဝကို ဖော်ဆောင်သည့် အရှေ့တောင်အာရှ၏ ဒစ်ဂျစ်တယ်စီးပွားရေး** ဆောင်းပါး စာမျက်နှာ - ၂၈



# ပြည်တွင်း စက်သုံးဆီဈေးနှုန်းများ လျော့နည်းကျဆင်း

၂၀၂၆ ခုနှစ် မေလ ၈ ရက်

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းသုံးစွဲရန် လိုအပ်လျက်ရှိသော စက်သုံးဆီများကို ပြည်ပမှ အဓိကတင်သွင်းအသုံးပြုနေရသည့် နိုင်ငံတစ်ခုဖြစ်ပါသည်။ စက်သုံးဆီများဝယ်ယူခြင်းကို အရှေ့တောင်အာရှနိုင်ငံများတွင် Mean of Platts Singapore (MOPS) ဈေးနှုန်းများအပေါ်မူတည်၍ ဆောင်ရွက်လျက်ရှိပါသည်။

ဖြစ်ပေါ်နေသည့် ပဋိပက္ခအခြေအနေများအပေါ်မူတည်၍ Mean of Platts Singapore (MOPS) ဈေးနှုန်းများ အတက်၊ အကျတည်ငြိမ်မှုမရှိသော်လည်း နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးမှုနှင့်မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း(MPTA)တို့၏ပူးပေါင်းဆောင်ရွက်ပေးမှုတို့ကြောင့်

စာမျက်နှာ ၂၁ ကော်လံ ၁





**ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက်**

သင်္ဘောကျင်းလုပ်ငန်း



ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)



ငါးမွေးမြူရေးလုပ်ငန်း(မအူပင်)



ငွေပင်လယ်လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း

ISO 9001:2015



ADDRESS : NO. 55/61, STRAND ROAD, BOTAHTAUNG TOWNSHIP, YANGON, MYANMAR

FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com

ရတနာပုံ
၂၀၁၆ ခုနှစ် မေ ၉ ရက်
အယ်ဒီတာ့အာဘော်

# မျိုးချစ်တပ်မတော်သားတို့၏ ပြည်သူ့အတွက်အောင်ပွဲများ

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးသည် အခြေခံအုတ်မြစ်ပင်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းစေရန် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုး၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် ဒေသများ၌လည်း အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေးများဆင်နွှဲပြီး တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ တပ်မတော်အနေဖြင့် အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေးများ ဆင်နွှဲပြီး မြို့၊ ရွာများကို အဆင့်ဆင့် ပြန်လည်သိမ်းပိုက်၍ ပြည်သူများအတွက် အရေးပါသည့်ဆက်သွယ်ရေးလမ်းကြောင်းများကို အပိုင်းလိုက်ပြန်လည်ဖွင့်လှစ်ပေးလျက်ရှိသည်။ မန္တလေး-မတ္တရာ-သပိတ်ကျင်း-တကောင်း-ထီးချိုင့် - ကသာ - အင်းတော် - မော်လူး - နန့်စီးအောင် - မိုးညှင်း- မိုးကောင်း- မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းတစ်လျှောက်ကို ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် တပ်မတော်သည် လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုများဆောင်ရွက်ပြီး ပြန်လည်တိုက်ခိုက်ထိန်းချုပ်သိမ်းပိုက်ခဲ့ရာ သပိတ်ကျင်းမြို့နှင့် ၎င်းဒေသတစ်ဝိုက်ကို ၂၀၂၅ ခုနှစ် ဇူလိုင် ၂၃ ရက်၊ မတ္တရာမြို့၏ အရှေ့ဘက်ရှိ ဖယောင်းတောင်သတ္တုတွင်းဒေသကို ဩဂုတ် ၂၄ ရက်နှင့် အယ်လ်ဖာဘိလပ်မြေစက်ရုံကို ဩဂုတ် ၂၈ ရက်၊ ဆည်တော်ကြီးဒေသကို နိုဝင်ဘာ ၇ ရက်၊ စဉ့်ကူးဒေသကို ဒီဇင်ဘာ ၁၉ ရက်တွင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

ဆက်လက်ပြီး ယခုနှစ်တွင်လည်း မန္တလေး - မတ္တရာ - စဉ့်ကူး - သပိတ်ကျင်း ဆက်သွယ်ရေးလမ်းပိုင်း၊ တကောင်းမြို့၊ မန္တလေး- မတ္တရာ-သပိတ်ကျင်း-တကောင်းလမ်းပိုင်း၊ တကောင်း- ထီးချိုင့်လမ်းကြောင်း၊ ထီးချိုင့်- ကသာ လမ်းကြောင်း၊ အင်းတော်မြို့၊ မန္တလေးမြို့မှ အင်းတော်မြို့အထိ၊ ထိုမှတစ်ဆင့် မော်လူးမြို့ကို တစ်ဆင့်ပြီးတစ်ဆင့် ခက်ခက်ခဲခဲ ပြန်လည်တိုက်ခိုက်ထိန်းချုပ်ခဲ့သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါဆက်သွယ်ရေးလမ်းကြောင်းတစ်လျှောက်ကို မေ ၆ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ထိုသို့ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် မိမိအသက်ကို ပဓာနမထားဘဲ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ပြည်သူလူထုပူးပေါင်းပါဝင်မှုတို့ဖြင့် စစ်နည်းဗျူဟာမြောက် ရှပ်ရှပ်ချွံချွံ အဆင့်ဆင့် ပြန်လည်တိုက်ခိုက်ထိန်းချုပ်သိမ်းပိုက်ခဲ့ရာ စစ်ဆင်ရေးကာလ တစ်နှစ်နှင့်သုံးလကျော် ကြာမြင့်ခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး၊ တိုက်ပွဲငယ် ထိတွေ့မှုစုစုပေါင်း ၃၂၂ ကြိမ်ဖြစ်ပွားခဲ့ကာ ရန်သူ့ထံမှ အလောင်း ၁၃၈ လောင်း၊ လက်နက်မျိုးစုံ ၃၃၂ လက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်မှ အရာရှိ၊ စစ်သည်တချို့ နိုင်ငံတော်နှင့် တပ်မတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ရသည်။

လက်ရှိတွင် တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါဒေသများအတွင်း လိုအပ်သည့်နယ်မြေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်ကာ အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဒေသခံပြည်သူများ၏ နေအိမ်အဆောက်အအုံများ၊ စာသင်ကျောင်းများနှင့် လမ်း၊ တံတားများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်း၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ပါ၍ တပ်မတော်စစ်ကြောင်းများ အပြည့်အဝထိန်းချုပ်၍ ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သည့် မန္တလေး- မတ္တရာ-သပိတ်ကျင်း- တကောင်း - ထီးချိုင့် - ကသာ - အင်းတော် - မော်လူး - နန့်စီးအောင် - မိုးညှင်း-မိုးကောင်း - မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းတစ်လျှောက်တွင် ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ပုံမှန်အတိုင်းပြန်လည်သွားလာနိုင်ပြီဖြစ်သောကြောင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အသက်ကိုပင် ပဓာနမထားဘဲ ရဲဝံ့စွန့်စားစွာ နေ့မအား ညမအား အစွမ်းကုန် ရှပ်ရှပ်ချွံချွံတိုက်ပွဲဝင်ခဲ့ကြသည့် တပ်မတော်သားများကို လေးစားဂုဏ်ယူမိပါကြောင်း ရေးသားလိုက်ရပေသည်။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ဧက ၁၉၁၅၀ စိုက်ပျိုးမည်



ယခင်နှစ်က ဝါစိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ဧက ၁၉၁၅၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၅၀၀၀၊ ကနီမြို့နယ်တွင် ဧက ၇၀၀၀၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၃၂၀၀၊ ပုလဲမြို့နယ်တွင် ဧက ၃၉၅၀ စုစုပေါင်း ဧက ၁၉၁၅၀ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ဝါဧက ၁၉၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မေလတတိယပတ်ကနေ စတင်စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားပါမယ်။ ဝါစိုက်ပျိုးထုတ်လုပ်ရာမှာ စိုက်ပျိုးရာသီအမီ စိုက်ပျိုးနိုင်ဖို့ ဝါမျိုးစေ့တွေ ပံ့ပိုးပေးပါမယ်" ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ဝါစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး လိုအပ်သည့် နည်းပညာများကို ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝါကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း သုံးစွဲမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဝါကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ပြင်ဦးလွင်မြို့နယ် အင်းကြီးကျေးရွာ၌ ကျေးရွာတွင်းရေပိုက်လိုင်းသွယ်တန်းပြီးစီးမှု စစ်ဆေး

**ပြင်ဦးလွင် မေ ၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်း ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မေ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာညို၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ အင်းကြီးကျေးရွာ၌ ကျေးရွာတွင်း ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဇေယျာညိုက ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

အင်းကြီးကျေးရွာ၌ အရှည်ပေ ၄၀၅၀ ရှိ တစ်လက်မခွဲ PVC ပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ်နှစ်သန်း စုစုပေါင်း ၁၂ သန်း အသုံးပြု၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် မတ်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီးဖြစ်ကြောင်း သိရသည်။

အောင်ရဲကျော်

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ငပုတော မေ ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းဆွေက ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မတ်လအတွင်းက မိကျောင်းကွမ်းဖတ် ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မိကျောင်းကွမ်းဖတ်တွေကို ငပုတောမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချနေပါတယ်။ ဧပြီလအတွင်း မိကျောင်းကွမ်းဖတ်ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ကနေတစ်ဆင့် ပြည်ပဈေးကွက်ကို တင်ပို့ရောင်းချတာလို့သိရတယ်။ တင်ပို့ရောင်းချမှုကောင်းလာတော့ စိုက်တဲ့သူတွေ အဆင်ပြေနေပါတယ်။ ငပုတောမြို့နယ်ဘက်မှာ အရင်ကထက် မိကျောင်းကွမ်းဖတ် စိုက်ပျိုးသူတွေ ပိုမိုများပြားလာပါတယ်။ မိကျောင်းကွမ်းဖတ်တွေကို ပင်လယ်ကမ်းစပ်နဲ့နီးစပ်တဲ့ ကျေးရွာတွေမှာ အများဆုံးစိုက်ပျိုးကြပါတယ်" ဟု ငပုတောမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းဆွေက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သာစည်မြို့နယ် ချမ်းသာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှု စစ်ဆေး

**သာစည် မေ ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ကြက်မောက်ကျေးရွာအုပ်စု ချမ်းသာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ချမ်းသာကြီးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၅ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချမ်းသာကြီးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၁၄ ဒသမ ၅သန်း၊ မွေးမြူ ရေးလုပ်ငန်း လုပ်ကိုင်သူ ၈၉ ဦးကို ငွေကျပ် ၂၆ ဒသမ ၉၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင် သူ ၄၅ ဦးကို ငွေကျပ် ၁၃ ဒသမ ၆၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၂ ဦးကို ရန်ပုံငွေကျပ် ၅၅ ဒသမ ၁ သန်း ထုတ်ချေး ပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



ပြည်ကြီးတံခွန်မြို့နယ် တောင်မြင့်ရပ်ကွက်အတွင်းရှိ ပြည်သူများ ဓာတ်အားပြည့်ဝစွာ ရရှိစေရန်၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရန်၊ ဓာတ်အားတည်ငြိမ်စွာ အသုံးပြုနိုင်စေရန်နှင့် ဓာတ်အားစနစ် ပိုမိုကောင်းမွန်စေရန်အတွက် ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေထရန်စဖော်မာကို မေ ၇ ရက်က Load Center ကျသည့် နေရာသို့ ပြည်ကြီးတံခွန်မြို့နယ် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ အင်ဂျင်နီယာဦးဆောင်သောအဖွဲ့က ပြောင်းရွှေ့တည်ဆောက်မှု လုပ်ငန်းကို တွေ့ရစဉ်။

# မြောင်မြို့နယ်တွင် လာမည့်မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၀၆၂ ဧက စိုက်ပျိုးမည်



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် လာမည့် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၀၆၂ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၀၆၂ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်မှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ မတ်ပဲ ၃၀၆၂ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မတ်ပဲ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ မတ်ပဲ စိုက်ပျိုးရာမှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှား ရောဂါကာကွယ်ရေး နည်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်သွားပါမယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြောင်မြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ကျိုက်မရောမြို့နယ် ကော့ကလော့ကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ စစ်ဆေး

**ကျိုက်မရော မေ ၈**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ ကော့ကလော့ကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို မေ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးနှင့် ဝန်ထမ်းများက ကော့ကလော့ကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မြို့နယ်ဦးစီးမှူးက မှာကြားခဲ့ကြောင်း သိရသည်။

ကော့ကလော့ကျေးရွာ၌ အရှည်ပေ ၄၉၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၃၀ ဒသမ ၈၁ သန်းဖြင့် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၆ ခုနှစ် ဧပြီလ ဒုတိယပတ်မှ စတင်၍ တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ကျိုက်မရောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးက ပြောပြ၍ သိရသည်။

**သုတ**

# ဝါးခယ်မမြို့နယ်မှထွက်ရှိသည့် ဒေသထွက် ငရုတ်သီးခြောက်များ အရောင်းအဝယ် ကောင်းမွန်နေ

**ဝါးခယ်မ မေ ၈**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှထွက်ရှိသည့် ဒေသထွက် ငရုတ်သီးခြောက်များ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဝါးခယ်မမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူသူဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မေလ ပထမပတ်မှစတင်ပြီး ယနေ့ထိ ငရုတ်သီးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ ယခုကာလသည် အဆိုပါဒေသတွင် ငရုတ်သီးခြောက်များ ပေါ်နေချိန်ဖြစ်ပြီး ငရုတ်သီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ ရှိကြောင်း သိရသည်။

"ငရုတ်သီးခြောက်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ဒီဘက်မှာတော့ တောင်သူတွေရဲ့ ငရုတ်သီးခြောက်ကို အမျိုးအစားနှစ်မျိုးက အရောင်းအဝယ်ဖြစ်နေတာ တွေ့ရပါတယ်။ လက်ရှိအရောင်းအဝယ်ဖြစ်နေတဲ့ ငရုတ်သီးခြောက်တွေက အသစ်တွေဖြစ်ပါတယ်။ အခုလိုငရုတ်သီးခြောက်တွေ အရောင်းအဝယ်ကောင်းမွန်နေတော့ စိုက်ပျိုးတဲ့တောင်သူတွေ အဆင်ပြေသလို လယ်ယာလုပ်သားတွေလဲ အဆင်ပြေလာတာတွေ့ရပါတယ်"ဟု ဝါးခယ်မမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူသူဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ တောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် ငရုတ်သီးခြောက်များသည် အရည်အသွေးကောင်းမွန်ပြီး ပိုးမွှားရောဂါနှင့် မှိုကပ်သည့်အန္တရာယ်ကင်းရှင်းကြောင်း၊ အဆိုပါဒေသထွက် ငရုတ်သီးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေလျက်ရှိကြောင်းသိရသည်။

**ကျော်ကျော်လင်း**



# ကန်စွန်းရွက်မှပေးသောကျန်းမာရေးအကျိုးကျေးဇူးများ

ဒေါက်တာလပြည့်ခင်

**ကန်စွန်းရွက်**

ကန်စွန်းရွက်၏ အင်္ဂလိပ်အမည်မှာ Water Greens/Water Spinach ဖြစ်ပြီး Convolulaceae မျိုးရင်းနှင့် ရုက္ခဗေဒအမည်မှာ Ipomaea Reptans Poir / Ipomaea Aquatica ဖြစ်သည်။ ကန်စွန်းပင်သည် အပူပိုင်းဒေသ ကုန်းတစ်ပိုင်း၊ ရေတစ်ပိုင်း ပေါက်ရောက်သော အပင်မျိုးဖြစ်ပြီး ဟင်းသီးဟင်းရွက်အဖြစ် စိုက်ပျိုးလေ့ရှိသည်။

**ကန်စွန်းရွက်အမျိုးအစား**

ကန်စွန်းရွက် အမျိုးမျိုးရှိသည့်အနက် လယ်ကန်စွန်း၊ ကုန်းကန်စွန်း၊ ကန်စွန်းရိုးနီ၊ တရုတ်ကန်စွန်း ဟူ၍ လူသိများသည့် ကန်စွန်းမျိုးများရှိသည်။ လယ်ကန်စွန်းနှင့် ကန်စွန်းရိုးနီတို့မှာ ဒေသအလိုက် ရေမြောင်း၊ ရေကန်၊ ရေချိုင့် စသည့်တို့တွင် သဘာဝအလျောက်ဖြစ်ထွန်းလျက်ရှိကြသည်။ မြန်မာ့လယ်ကွင်းထဲတွင် အလေ့ကျပေါက်သည့် အရွက်နှင့်အပင်အရွယ်အစားသေးငယ်ပြီး နူးညံ့မှုနည်းသည့် မြန်မာကန်စွန်းဟုခေါ်သော ကန်စွန်းရိုးနီနှင့် ကန်စွန်းရိုးစိမ်းသည် ရာသီဥတုဒဏ်ကို ပိုမိုခံနိုင်ရည်ရှိပြီး လယ်မဟုတ်သော်လည်း အစိုဓာတ်များလျှင် ကုန်းပေါ်၌လည်းပေါက်နိုင်ပြီး အပင်ဖြစ်ထွန်းမှုနည်းသည်။ တရုတ်ကန်စွန်းသည် အရည်ရွှမ်းသော အစိမ်းရောင်အရွက်နှင့် အရိုးပင်စည်မှာ ကြီးထွားပြီး အသားနူးညံ့မှုရှိကာ အပင်ဖြစ်သန်မာသည်။ ကြော်စားရန်သာကောင်းပြီး ချက်ပြုတ်စားလျှင် မကောင်းပါ။ တရုတ်ကန်စွန်းကိုမူ စနစ်တကျ မြေပေါင်များတင်၍ စိုက်ပျိုးကြပြီး အချို့မိုးများသော ဒေသနှင့်လမ်းဘေးရေမြောင်းများထဲတွင် စိုက်ကွက်များကန့်၍လည်း စိုက်ပျိုးကြသည်။

**ကန်စွန်းရွက်တွင် ပါဝင်သောအာဟာရဓာတ်များ**

ကန်စွန်းရွက်၏ အစိတ်အပိုင်းအများစုမှာ စားသုံး၍ရပြီး အာဟာရဓာတ်များစွာ ပါဝင်ပြီး ဗီတာမင် A၊ ဗီတာမင် C၊ သံဓာတ် (Fe) နှင့် အခြားအရေးကြီးသည့်သတ္တုဓာတ်များ ကြွယ်ဝစွာပါဝင်သည်။ မြန်မာကန်စွန်းတွင် အာဟာရဓာတ်များ အနေဖြင့် ရေငွေ့ ၉၀ ဒသမ ၃ ရာခိုင်နှုန်း၊ ကာဘိုဟိုက်ဒရိတ် ၄ ဒသမ ၃ ရာခိုင်နှုန်း၊ ပရိုတင်း ၂ ဒသမ ၉ ရာခိုင်နှုန်း၊ အဆီ သုည ဒသမ ၄ ရာခိုင်နှုန်း၊ သတ္တု ၂ ဒသမ ၁ ရာခိုင်နှုန်း၊ ထုံး သုည ဒသမ ၁၁ ရာခိုင်နှုန်း၊ မီးစုန်း သုည ဒသမ ၀၅ ရာခိုင်နှုန်း၊ သံဓာတ်ဂရမ် ၁၀၀ လျှင် ၃ ဒသမ ၉ မီလီဂရမ်၊ ကယ်လိုရီ ၃၂၊ ဗီတာမင် A ၃၈၀၀ အိုင်ယူ၊ ဗီတာမင် B ၁၂၉ အိုင်ယူ၊ ဗီတာမင် C ၁၃၇ မီလီဂရမ် ပါဝင်သည်။ ကန်စွန်းရွက်ကို အစိမ်းတိုင်းဖြစ်စေ၊ ချက်ပြုတ်၍ဖြစ်စေ စားသုံးပေးနိုင်ပြီး ကျန်းမာရေးကိုကောင်းကျိုး များစွာရှိသည်။

**ကန်စွန်းရွက်ကိုဆေးဖက်ဝင်အသုံးပြုပုံများ**

ပြည်တွင်း၊ ပြည်ပဆေးကျမ်းများကလည်း ကန်စွန်းရွက်သည် စိန် (Arsenic) အဆိပ်ကို ပြေစေသည်ဟုအဆိုရှိသည်။ မြန်မာ့တိုင်းရင်းဆေးကျမ်းတွင် ကန်စွန်းရွက်သည် နှလုံးရောဂါကိုလျော့ပါးစေခြင်း၊ ကင်ဆာကိုကာကွယ်ခြင်း၊ အမျိုးအစား (၂) ဆီးချိုရောဂါကိုသက်သာစေခြင်း၊ အဆိပ်အတောက်ဖြစ်ပါက ထနောင်းလျက်နှင့် ကန်စွန်းရွက်ကိုကျိုချ၍ သောက်သုံးနိုင်ခြင်း စသည်ဖြင့်ကန်စွန်းရွက်၏ ဆေးဖက်ဝင်ပုံများကို ဖော်ပြထားသည်။ ထို့ပြင် ကန်စွန်းရွက်ရည်ကို မီးလောင်နာ၊ ရေတော်နာ၊ ဆီးနှင့်ပတ်သက်သည့် အဖျားရောဂါများ ပျောက်ရန်အတွက်လည်းကောင်း၊ အဆိပ်အတောက်ပြေစေရန်အတွက်လည်းကောင်း အသုံးပြုသည်။ အရွက်ကို ဟင်းချက်စားပါက သွေးဝမ်းရောဂါပျောက်ကင်းသည်။ ကန်စွန်းရွက်ကို ထန်းလျက်၊ မန်ကျည်းမှည့်နှင့် ဆားထည့်၍ ကျိုသောက်က ဆီးကျောက်တည်ခြင်းနှင့်တကွ ဆီးရောဂါဟူသမျှ ပျောက်ကင်းသည်။ ဆီးအိမ်တွင် ဆီးရှိသော်လည်း ဆီးမထွက်ခြင်းနှင့် ဓမ္မတာလွန်ခြင်းရောဂါအတွက် ကန်စွန်းရွက်ကို ဘူးရွက်၊ မန်ကျည်းရွက်တို့နှင့် ညီမျှစွာကြိတ်၍ ဆန်မှုန့်ညက်နှင့်ဖျော်ပြီး ဆီးခုံပေါ်တင်ထားပါက ၁၅ မိနစ်အတွင်း ဆီးကျဆင်းပြီး ဓမ္မတာလွန်ခြင်းလည်း ရပ်တန့်စေသည်။ ကန်စွန်းရွက်ကိုပြုတ်သောက်ပါက ရင်ပြည့်ဝမ်းကျရောဂါပျောက်ကင်းပြီး ငန်းမန်းရှိသောအနာကို ဘူးရွက်များနှင့်ရောစပ်၍ရေစိမ်ပြီး အနာကိုဆွတ်လိမ်းခြင်းအားဖြင့် ငန်းမန်းကျစေနိုင်သည်ဟု ဖော်ပြထားသည်။

**ကန်စွန်းရိုးနီ၏ ကျန်းမာရေးအကျိုးကျေးဇူးများ**

မြန်မာကန်စွန်း ခေါ် ကုန်းပေါ်ပေါက်သော ကန်စွန်းသေးသေးက ရိုးရိုးပွသော တရုတ်ကန်စွန်း



ထက်ပို၍ဆေးဖက်ဝင်သည်ဟု အယူရှိကြသည်။ မြန်မာကန်စွန်းတွင်ပင် ကန်စွန်းရိုးနီက ပို၍ဆေးဖက်ဝင်ပြီး ဝမ်းကိုပျော့ပျော့သွားစေကာ ပိုးသတ်ဆေးအဆိပ်သင့်မှုများကို ရှေးဦးသူနာပြုနည်းအဖြစ် သုံးစွဲနိုင်သည်။ မြန်မာဆေးကျမ်းများအလိုအရ ကန်စွန်းရိုးနီသည် ချို၍အေးခြင်း၊ နှီရည်ကိုဖြစ်စေခြင်း၊ ရေချုံဖြစ်သောပိုးတို့ကိုပယ်တတ်ခြင်း၊ လေနှင့်သလိပ်ကိုဖြစ်စေခြင်း၊ အဆိပ်ကိုပြေစေခြင်းနှင့် အရွက်ရည်သည် မီးလောင်နာ၊ ဆီးနှင့်ပတ်သက်သော ရောဂါနှင့် ပူလောင်ခြင်းတို့ကိုပျောက်ကင်းစေသည်ဟု ဖော်ပြထားသည်။

**သွေးတွင်းကိုလက်စထရောကျစေခြင်း**

ကန်စွန်းရွက်သည် သဘာဝအတိုင်းကိုယ်အလေးချိန်လျှော့ချပေးနိုင်ပြီး ကိုလက်စထရောများကိုလည်း လျှော့ချပေးနိုင်သောကြောင့် ကန်စွန်းရွက်ကိုကြော်စားပေးခြင်းဖြင့် Triglycoside ကဲ့သို့ မကောင်းသည့် ကိုလက်စထရောများ ကျစေပြီး ကိုယ်အလေးချိန်ကျစေရန် အထောက်အကူပြုသည်။ ထို့ကြောင့် ကန်စွန်းရွက်က ကိုလက်စထရောပမာဏကို လျှော့ချရာတွင် အကောင်းဆုံး အခန်းကဏ္ဍမှ ပါဝင်နေသည်။

**အသည်းအတွက်ကောင်းမွန်စေခြင်း**

ကန်စွန်းရွက်တွင်ပါဝင်သော အဆိပ်ပြေစေသည့် ဓာတ်တိုးဆန့်ကျင်အာနိသင်များ၏ အစွမ်းသတ္တိကြောင့် အသည်းကို အဆိပ်အတောက်ကင်းစင်စေရန်နှင့် အသည်းနှင့် ပတ်သက်သည့်ပြဿနာများနှင့် အသားဝါခြင်းကို ပြန်လည်ကုစားရာတွင် အထောက်အကူပေးသည်။ Ayurvedic ဆေးပညာသုတေသနပြုချက်များအရ ကန်စွန်းရွက်တွင် Detoxification အင်ဇိုင်းများကို ပြုပြင်ပေးခြင်း၊ Antioxidant နှင့် Free Radical Scavenger ဂုဏ်သတ္တိများပါဝင်နေသောကြောင့် ကန်စွန်းရွက်က ထုတ်ယူမှုသည် ဓာတုဗေဒနည်းကြောင့်ဖြစ်စေသော အသည်းပျက်စီးမှုကို ကာကွယ်ပေးနိုင်ကြောင်း ကိုဖော်ထုတ်ထားသည်။

**သွေးအားနည်းခြင်းကို ကာကွယ်ပေးနိုင်ခြင်း**

ကန်စွန်းရွက်တွင် ဟေမိုဂလိုဘင်ဖွဲ့စည်းရန်အတွက် ခန္ဓာကိုယ်မှလိုအပ်သည့် အရေးကြီးသတ္တုဓာတ်တစ်မျိုးဖြစ်သော သံဓာတ်ပါဝင်မှုကြောင့် သွေးနီဥဆဲလ်များ ဖြစ်ပေါ်မှုကိုအားပေးပြီး သွေးအားကောင်းစေသည်။ သံဓာတ်သည် သွေးအားနည်းရောဂါရှိသူများနှင့် ကိုယ်ဝန်ဆောင်ချိန်တွင် သံဓာတ်လုံလောက်စွာရရှိပါက သွေးအားနည်းရောဂါများ မဖြစ်ပွားစေနိုင်သဖြင့် ကန်စွန်းရွက်နုများသည် သွေးအားနည်းသူများအတွက် အကောင်းဆုံးဓာတ်စာဖြစ်သည်။ ကန်စွန်းရိုးနီကို ပြုတ်သောက်ခြင်းဖြင့်လည်း သွေးအားနည်းခြင်းကို သက်သာစေနိုင်သည်။

**အစာကြေဝမ်းမှန်စေနိုင်ခြင်း**

ကန်စွန်းရွက်တွင် အမျှင်ဓာတ်များကြွယ်ဝမှုကြောင့် မတူညီသောအစာခြေစနစ်ကို ကောင်းမွန်စေသည့်အပြင် အစာအိမ်လမ်းကြောင်းတွင် ပြဿနာများမဖြစ်စေရန်လည်း သဘာဝအတိုင်းသက်သာစေရန်ကာကွယ်ပေးသည်။ အမျှင်ဓာတ်လုံလောက်စွာရရှိသည့်အခါ အစာခြေဖျက်နိုင်စွမ်းပိုကောင်းစေပြီး ဝမ်းမှန်စေသည့်အတွက် ဝမ်းချုပ်သည့်အခါတွင် ကန်စွန်းရွက်ကြော်စားခြင်း သို့မဟုတ် ရေလုံပြုတ်စားခြင်းများ ပြုလုပ်ပေးနိုင်သည်။ ကန်စွန်းရွက်သည် အပျော့စားဝမ်းနုတ်ဆေးဖြစ်သောကြောင့် အစာမကြေခြင်းနှင့် ဝမ်းချုပ်ခြင်းဝေဒနာခံစားရသူများအတွက် ကန်စွန်းရွက်ပြုတ်ရည်က ဝမ်းချုပ်မှုကိုဖြေလျှော့ပေးနိုင်ပြီး အူလမ်းကြောင်းပိုးဝင်ခြင်းအတွက် ကုသရာတွင်လည်းအသုံးပြုနိုင်သည်။

**မျက်စိအားကောင်းစေခြင်း**

ကန်စွန်းရွက်တွင် မျက်စိကျန်းမာရေးအတွက် အဓိကအရေးပါသည့် ဗီတာမင် A၊ ကာရိုတီးနွိုက် (Carotenoid)နှင့် လူတင် (Lutein) ဓာတ်များပါဝင်ပြီး ကန်စွန်းရွက်က မျက်စိအတွင်း တိမ်ဖြစ်ခြင်းကို ကာကွယ်ပေးသည့် Glutathione ပမာဏကိုလည်း မြင့်တင်ပေးသောကြောင့် မျက်စိအားကောင်းလိုသူများ ကန်စွန်းရွက်ကို စားသုံးပေးသင့်သည်။

**ဆီးချိုကိုသက်သာစေခြင်း**

ကန်စွန်းရွက်ကို ပုံမှန်စားသုံးခြင်းသည် ဆီးချိုကြောင့်ဖြစ်စေသော ဓာတ်တိုးဖိစီးမှုအားခုခံနိုင်စွမ်းကိုတိုးစေသောကြောင်း သုတေသနပြုချက်များအရသိရှိရသည်။ ထို့ပြင် ကိုယ်ဝန်ဆောင်မိခင်များ ဆီးချိုရောဂါကုသရာတွင်လည်း အသုံးပြုနိုင်သည်။

**ကိုယ်ခံအားကောင်းစေခြင်း**

ကန်စွန်းရွက်တွင် ခန္ဓာကိုယ်ထဲတွင်ရှိသည့် Free Radicals များကို လျှော့ချပေးသည့် ဓာတ်တိုးဆန့်ကျင်အာနိသင်များရှိနေသည့်အပြင် ဗီတာမင်နှင့်သတ္တုဓာတ်များ၏အစွမ်းကြောင့် ကိုယ်ခံအားစနစ်ကျန်းမာစေရန် အထောက်အကူဖြစ်စေသည့်အပြင် ဗီတာမင် C များစွာ ပါဝင်သောကြောင့် ကိုယ်ခံအားကိုကောင်းမွန်စေသည်။

**နှလုံးကျန်းမာစေခြင်း**

ကန်စွန်းရွက်တွင် ဗီတာမင် A နှင့် ဗီတာမင် C တို့ကဲ့သို့ ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သည့် အာဟာရဓာတ်များပါရှိသည့်အပြင် ဘီတာကာရိုတင်း (Betacarotene) မြင့်မားစွာ ပါဝင်သောကြောင့် ခန္ဓာကိုယ်တွင်းရှိ Free Radicals များကို လျှော့ချရန် Antioxidants များအဖြစ် လုပ်ဆောင်ပေးပြီး ကိုလက်စထရောများ Oxidized မဖြစ်စေရန် ကာကွယ်ပေးသည်။ Oxidized cholesterol က သွေးကြောနံရံများတွင် ကပ်နေပြီး သွေးကြောများ ပိတ်ဆို့ခြင်း၊ အဆီပိတ်ခြင်း၊ သွေးကြောကျဉ်းခြင်း၊ နှလုံးဖောက်ခြင်း သို့မဟုတ် လေဖြတ်ခြင်းတို့ဖြစ်စေနိုင်သည်။ သွေးတွင်းကိုလက်စထရောပါ ကျဆင်းစေသောကြောင့် နှလုံးသွေးကြောပိတ်ခြင်း၊ နှလုံးထိခိုက်ခြင်း၊ လေဖြတ်ခြင်းတို့ကို ကာကွယ်ပေးပြီး လျော့ကျစေသည်။ ထို့ပြင် ဖောလိတ်ဓာတ်ပါဝင်မှုကြောင့် နှလုံးထိခိုက်ခြင်း၊ လေဖြတ်ခြင်းတို့ကို ဖြစ်စေသည့်အန္တရာယ်ဓာတ်ပစ္စည်း ဟိုမိုဆိုက်စတင်း (Homocysteine) ကို ဟန့်တားပေးနိုင်ပြီး မဂ္ဂနီစီယမ် (Mg) ကြောင့် သွေးဖိအားကို ကျစေပြီး နှလုံးရောဂါမဖြစ်အောင် ကာကွယ်ပေးနိုင်သဖြင့် နှလုံးကျန်းမာလိုသူများ ကန်စွန်းရွက်ပုံမှန်စားသုံးပေးသင့်သည်။

**ဆီးနှင့်ကျောက်ကပ်ကျန်းမာရေးကို ကောင်းကျိုးပြုနိုင်ခြင်း**

ကန်စွန်းရွက်တွင် ရေဓာတ်ပါဝင်မှုများသောကြောင့် ဆီးသွားစေရန် ထောက်အကူပြုပြီး ကျောက်ကပ်ကောင်းမွန်စွာ အလုပ်လုပ်နိုင်ရန် ကူညီပေးသည်။ ကျောက်ကပ်မကျန်းမာခြင်း၊ ဆီးပြဿနာရှိခြင်း ခံစားနေရသည်ဆိုပါက ကန်စွန်းရွက်စားသုံးပေးသင့်သည်။

**အရေပြားကျန်းမာရေးအတွက် ကောင်းမွန်ခြင်း**

ကန်စွန်းရွက်တွင်ပါဝင်သည့် အာဟာရဓာတ်များသည် အရေပြားဆဲလ်များ အသစ်ပြန်လည်ဖြစ်ပေါ်ရန်အတွက်ကူညီပေးပြီး အရေပြားတွင် အမာရွတ်ဖြစ်ပေါ်ခြင်း၊ အစီစက်များဖြစ်ပေါ်ခြင်းကို သက်သာစေနိုင်သည်။ အင်းဆက်ပိုးမွှားများ ကိုက်သောကြောင့် အမာရွတ်ကျန်ခြင်းကို သက်သာစေချင်သည်ဆိုပါက အနာပေါ်ကန်စွန်းရွက်အေးအေးလေး ကပ်ပေးခြင်းဖြင့် အဆင်ပြေသွားနိုင်သည်။

**အနည်းငယ်သတိထားရမည့်အချက်**

ကျန်းမာရေးအတွက် ကောင်းကျိုးများစွာရရှိစေသော ကန်စွန်းရွက်ကို အများကြီးစားလျှင် ဝမ်းနှုန်းနိုင်သောကြောင့် အလွန်အကျွံမစားရန်လိုသည်။

**အနှစ်ချုပ်**

ကန်စွန်းရွက်သည် အဆိပ်အတောက်ဖြေရာ၌ အထောက်အကူပြုပေးနိုင်ခြင်း၊ ကန်စွန်းရွက်နှင့် ရေရောစပ်ပြီး အအေးကြပ်ထုပ်ပြုလုပ်၍ ဖျားနာမှုကို ကုသနိုင်ခြင်း၊ ကန်စွန်းပြုတ်ရည်ကို သောက်ပေးခြင်းဖြင့် ဝမ်းချုပ်မှုကိုသက်သာစေနိုင်ခြင်း၊ သန်ကောင်ပြန့်ပွားမှုကိုကုသနိုင်ခြင်း၊ အသားဝါရောဂါနှင့် အသည်းရောဂါပြဿနာများကုသနိုင်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များတွင် ဆီးချိုရောဂါကိုကုသနိုင်ခြင်း၊ စိတ်အပန်းပြေမှုကိုပေးစွမ်းနိုင်ခြင်း စသည့်ကောင်းကျိုးများရရှိနိုင်ပြီး ကန်စွန်းဖူးကို ပွေးသဲဝဲ စသည့် အနာများအတွက် အနာအုံဆေးအဖြစ် အသုံးပြုနိုင်သည်။ ဤကဲ့သို့ ဆေးဖက်ဝင်ပြီး ဈေးနှုန်းချိုသာ၍ နေရာတိုင်းတွင် လွယ်လင့်တကူဝယ်ယူရရှိနိုင်သည့် ကန်စွန်းရွက်ကို ကျန်းမာလိုသူတိုင်း သင့်တင့်မျှတစွာ စားသုံးပေးသင့်ပါကြောင်း ကန်စွန်းရွက်မှပေးသော ကျန်းမာရေးအကျိုးကျေးဇူးများကို ရေးသားလိုက်ရပါသည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ်လမ်းထလျှောက်မိတတ်ကြပါတယ်။ အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။ ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လောက်သာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ခင်ဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံ ၆၆၄၈ ဧက စိုက်ပျိုးမည်


ယခင်နှစ်က ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ခင်ဦး မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် လာမည့် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံ ၆၆၄၈ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၀၀၅ ဧက၊ ဖူးစားပြောင်း ၅၆၄၃ ဧက စုစုပေါင်း ၆၆၄၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ပြောင်းသီးနှံ ၆၆၄၈ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ပြောင်းသီးနှံတွေဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေဖို့ အသိပညာပေး ဆောင်ရွက်ပေးသွားပါမယ်" ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်းတောင်ပိုးကြိုတင်ကာကွယ်ရေး၊ သဘာဝပိုးသတ်ဆေးနှင့်သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲတတ်စေရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပြောင်းသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ပွင့်ဖြူမြို့နယ် စေတကူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**ပွင့်ဖြူ မေ ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်ဆွယ်ကျေးရွာအုပ်စု စေတကူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှငွေမောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် စီမံကိန်းရန်ပုံငွေများထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဦးစီးမှူး ဒေါ်လှကြူနွဲ့နှင့် မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်း စက်ဝန်းကာလနှင့် အတိုးနှုန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေနည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီးမြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေများလွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စေတကူကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၉ ဦးကို ငွေကျပ် ၃၁ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၁ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၂ ဒသမ ၇ သန်း၊ အသက်မွေးဝမ်း ကျောင်းလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၂ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၇ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ကရုဏာရှင်မည် ကြက်ခြေနီ

\- တစ်သက်မသွေဖည်
ကြက်ခြေနီ စိတ်မွန်မြတ်၊
ပြည်သူ့ဘေးဘယအဖြာဖြာ
ဖေးမကာ ကူညီခြင်း
ဆောင်ကြဉ်းမပြတ်။

\- မီးဘေး ရေဘေး လေပြင်းဘေး
မုန်တိုင်းဘေးဖြစ်စဉ်
ကြုံတိုင်းသာပင်၊
အပြေးလာ ပါဝင်
ကြည်ရွှင်စွာ ထာဝရ၊
ပြုစုစောင့်ရှောက် စေတနာတရား
ပွားများတက်ကြွ။

\- ကြက်ခြေနီ မောင်မယ်များ
စွမ်းဆောင်အားနှင့်ရပ်တည်ဟန်၊
ခေတ်တိုင်းပင် မပြောင်းလဲ
ကောင်းမြဲအမှန်၊
ပြည်သူနှင့်နိုင်ငံ
အကျိုးနှစ်တန် ရှိစေရေး၊
ဖော်ဆောင်သည့် ကဏ္ဍတွေ
အောင်မြင်စေရန် ရွယ်ကိုးလျက်
ထမ်းရွက်ပြန်သေး။

\- ရန်သူမိတ်ဆွေမခွဲခြား
အမုန်းတရားကင်းစွာလေ၊
ရိုင်းပင်းကူညီမှု
ပြုရပျော်ပေ၊
မပျက်အရှည်တည်နေ
ကြက်ခြေနီတွေ၏အလှ၊
ကရုဏာရှင်များဟု
ညွှန်းပြဖွယ်ပ။ ။

**မနေသာသစ်(ပခုက္ကူ)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား ဟော်မုဇ်ရေလက်ကြား၌ အပြန်အလှန်တိုက်ခိုက်

**တီဟီရန် မေ ၈**

အပစ်အခတ်ရပ်စဲရေးသဘော တူညီချက် ရယူထားသော်လည်း အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား မေ ၇ ရက်တွင် အပြန်အလှန်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဟော်မုဇ်ရေလက်ကြားအတွင်း ဝင်ရောက်လာသည့် သင်္ဘောနှစ်စီးကို အမေရိကန်တပ်မတော်က မေ ၇ ရက်တွင် တိုက်ခိုက်ခဲ့ပြီး အီရန်ပိုင်နက် နယ်မြေပေါ်တွင်လည်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း အီရန်အစိုးရက သတင်းထုတ်ပြန်ထားသည်။

အီရန်တပ်မတော်၏ အဆိုအရ အမေရိကန် တပ်မတော်သည် ဟော်မုဇ် ရေလက်ကြားအတွင်းရှိ ကီရှမ်ကျွန်းနှင့် အီရန်ပိုင်နက်ရှိ ဘန်ဒါအဘတ်စ် ဆိပ်ကမ်းနယ်မြေများကို တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဟော်မုဇ်ရေလက်ကြား ဖြတ်သန်းနေသော အမေရိကန်ရေတပ် ဖျက်သင်္ဘောများ အီရန်နိုင်ငံက တိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် အီရန်ပစ်မှတ်များကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်တပ်မတော်က သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် တိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီးနောက် ဟော်မုဇ်ရေလက်ကြား အခြေအနေပြန်လည်တည်ငြိမ်နေပြီဖြစ်ကြောင်း အီရန်တပ်မတော် တာဝန်ရှိသူများက ပြောကြားထားသည်။

သုံးလတာကာလအတွင်း ဝင်ရောက်လာပြီဖြစ်သော အီရန်စစ်ရေးပဋိပက္ခ အဆုံးသတ်ရေးအတွက် အမေရိကန်နိုင်ငံကကမ်းလှမ်းထားသော အဆိုပြုချက်များကို အီရန်က စဉ်းစားနေစဉ် ဟော်မုဇ်ရေလက်ကြား၌ စစ်ရေးပဋိပက္ခများ ထပ်မံဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



# ဗြိတိန်လွှတ်တော်အမတ်များ တရုတ်နိုင်ငံသို့သွားမည်

**လန်ဒန် မေ ၈**

ဗြိတိန်ရှိ လေဘာပါတီနှင့် ကွန်ဆာဗေးတစ်ပါတီတို့မှ လွှတ်တော်အမတ်များသည် ယခုလအတွင်း တရုတ်နိုင်ငံသို့ သွားရောက်မည်ဟု ယနေ့သတင်းများတွင် ရေးသားတင်ပြထားကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါခရီးစဉ်သည် ဗြိတိန် လွှတ်တော် အမတ်များအတွက် ၂၀၁၉ ခုနှစ်နောက်ပိုင်း ပထမဆုံး တရုတ်နိုင်ငံ ခရီးစဉ်ဖြစ်ကြောင်း ဗြိတိန်အစိုးရသတင်းအရင်းအမြစ်များက ပြောကြားထားသည်။

လေဘာပါတီနှင့် ကွန်ဆာဗေး တစ်ပါတီ လွှတ်တော်အမတ် ၁၂ဦးတို့၏ ၁၂ ရက်ကြာ တရုတ်ခရီးစဉ်ကို ဂရိတ်ဗြိတိန်-တရုတ်ဆက်ဆံရေးဗဟိုဌာနက စီစဉ်ပေးခြင်းဖြစ်ကြောင်း သတင်းအရင်းအမြစ်များ၏ အဆိုအရ သိရသည်။

ဗြိတိန် လွှတ်တော်အမတ်များ၏ခရီးစဉ်သည် တရုတ်နိုင်ငံသို့ ယခုနှစ် ဇန်နဝါရီလအတွင်း ဗြိတိန်ဝန်ကြီးချုပ် ကီယာစတမ်မာ သွားရောက်ခဲ့ပြီးနောက် ဗြိတိန်နှင့် တရုတ် ဆက်ဆံရေးနွေးထွေးလာမှုကို သက်သေပြလျက်ရှိသည်။

ဝန်ကြီးချုပ် ကီရာစတမ်မာ၏ ခရီးစဉ်အပြီးတွင် တရုတ်အစိုးရသည် ဗြိတိန်လွှတ်တော်အမတ် ခြောက်ဦးအပေါ် ချမှတ်ထားသော အရေးယူပိတ်ဆို့မှုများကို ပြန်လည်ရုပ်သိမ်းပေးခဲ့သည်။

ဗြိတိန်နှင့်တရုတ် ဆက်ဆံရေးသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ပြဿနာ၊ လူ့အခွင့်အရေး ပြဿနာများကို အကြောင်းပြု၍ နှစ်အတန်ကြာမျှ တင်းမာခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ဟောင်ဝစ်ဇာအမြောက်သစ် ထုတ်လုပ်မှုလုပ်ငန်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် စစ်ဆေး



**ပြုံယမ်း မေ ၈**

တောင်ကိုရီးယားနယ်စပ်အနီး ဖြန့်ကြက်မည့် အမြောက်စနစ်သစ်တစ်မျိုး ထုတ်လုပ်မှုလုပ်ငန်းကို မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က မေ ၇ ရက်တွင် ကြည့်ရှုစစ်ဆေးခဲ့သည်ဟု ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်ထားကြောင်း RT သတင်းဌာနက ယနေ့တွင်ဖော်ပြထားသည်။

အဆိုပါ အမြောက်သစ်သည် ကီလိုမီတာ ၆၀(၃၇ မိုင်)အကွာအဝေးထိ ပစ်ခတ်နိုင်သည်ဖြစ်ရာ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ထိ အသုံးပြုနိုင်သည့် အမြောက်စနစ်ဖြစ်သည်။

၁၅၅ မီလီမီတာဟောင်ဝစ်ဇာအမြောက်သစ်သည် မြောက်ကိုရီးယားတပ်များ၏ မြေပြင်စစ်ဆင်ရေးများကို များစွာအကျိုးပြုနိုင်လိမ့်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က သုံးသပ်ထားသည်။

၁၅၅ မီလီမီတာ ဟောင်ဝစ်ဇာ အမြောက်များကို တောင်ကိုရီးယားနယ်စပ်အနီး ဖြန့်ကြက်ထားရန် မြောက်ကိုရီးယားနိုင်ငံက စီစဉ်ထားသည်။

မြောက်ကိုရီးယားနိုင်ငံသည် အမေရိကန်နိုင်ငံထိ ရောက်ရှိနိုင်ပြီး နျူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်သော တာဝေးပစ်ဒုံးကျည်များအပါအဝင် မဟာဗျူဟာမြောက် လက်နက်များကို နှစ်ပေါင်းများစွာ တည်ဆောက်ထုတ်လုပ်ခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် မေ ၇ ရက်တွင် မြောက်ကိုရီးယား ရေတပ်ဖျက်သင်္ဘောသစ်တစ်စီး မောင်းနှင်စမ်းသပ်မှုကိုလည်း သီးခြားကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနေ့ အခမ်းအနားအတွက် ထပ်ဆောင်းလုံခြုံရေးအစီအမံများ ရုရှားချမှတ်ထား

**မော်စကို မေ ၈**

၈၁ ကြိမ်မြောက် မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနေ့ အထိမ်းအမှတ် စစ်ရေးပြချီတက်ပွဲအခမ်းအနားကို ယူကရိန်းနိုင်ငံက တိုက်ခိုက်လာနိုင်မှုကို ကာကွယ်သည့်အနေဖြင့် သမ္မတပူတင်အတွက် ထပ်ဆောင်းလုံခြုံရေး အစီအမံများ ချမှတ်ထားသည်ဟု ကရင်မလင်နန်းတော်က မေ ၇ ရက်တွင် သတင်းထုတ်ပြန် ထားကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံသည် မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနေ့ အထိမ်းအမှတ် စစ်ရေးပြချီတက်ပွဲကို မော်စကိုမြို့ ရင်ပြင်နီ၌ မေ ၉ ရက်တွင်ကျင်းပရန် စီစဉ်ထားသည်။

မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနေ့အခမ်းအနားများ ကျင်းပချိန်တွင် ယူကရိန်း၏အကြမ်းဖက်ဝါဒ ခြိမ်းခြောက်မှုအန္တရာယ်အရ ရုရှားသမ္မတပူတင်အတွက် ထပ်ဆောင်းလုံခြုံရေးအစီအမံများကို သက်ဆိုင်ရာ အဖွဲ့အစည်းက အကောင်အထည်ဖော်ထားကြောင်း ရုရှားအစိုးရ ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားထားသည်။

ရုရှားသမ္မတပူတင်သည် မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနေ့ စစ်ရေးပြချီတက်ပွဲများတွင် နှစ်စဉ် တက်ရောက် မိန့်ခွန်းပြောလေ့ရှိသည်။

ရုရှားနိုင်ငံသည် မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနေ့ စစ်ရေးပြချီတက်ပွဲများကို နှစ်စဉ် ခမ်းနားစွာ ကျင်းပလေ့ရှိသော်လည်း ယခုနှစ်တွင် အကျဉ်းရုံး ကျင်းပရန်သာ စီစဉ်ထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ကိုကင်းမူးယစ်ဆေးဝါး တန် ၃၀ စပိန်ရဲတပ်ဖွဲ့ ကြားဖြတ်ဖမ်းဆီးနိုင်ခဲ့

**မက်ဒရစ် မေ ၈**

ကနေရီကျွန်းစု ကမ်းလွန်ရေပြင်အတွင်း ကြားဖြတ်ဖမ်းဆီးခဲ့သော ရေယာဉ်တစ်စီးပေါ်၌ စပိန်ရဲတပ်ဖွဲ့က ကိုကင်းမူးယစ်ဆေးဝါး တန်၃၀ကို ရှာဖွေသိမ်းဆည်းနိုင်ခဲ့ကြောင်း မေ ၇ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။




စပိန်ရဲတပ်ဖွဲ့က ကြားဖြတ်ဖမ်းဆီးနိုင်ခဲ့သော မူးယစ်ဆေးဝါးပမာဏသည် ဥရောပတိုက်၌ဖမ်းဆီးနိုင်ခဲ့သမျှ အများဆုံးပမာဏဖြစ်သည်။

အဆိုပါ ကိုကင်းမူးယစ်ဆေးဝါးများကို ကိုမိုရိုစ်နိုင်ငံမှတ်ပုံတင် အာကိုနီးယန်း ရေယာဉ်တစ်စီးပေါ်၌ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း စပိန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

စပိန်ရဲတပ်ဖွဲ့သည် အာကိုနီးယန်းသင်္ဘောကို ကနေရီကျွန်းစု ကမ်းလွန်ရေပြင်၌ ကြားဖြတ်ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အာကိုနီးယန်း သင်္ဘောပေါ်၌ တင်ဆောင်ထားသည့် ကိုကင်း မူးယစ်ဆေးဝါးများ၏ ကာလပေါက်ဈေးမှာ ယူရိုငွေ ၈၁၂ သန်း (အမေရိကန်ဒေါ်လာ ၉၅၆ သန်း) ထိရှိကြောင်း စပိန်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အာကိုနီးယန်း သင်္ဘောပေါ်မှ ရေယာဉ်ဝန်ထမ်း ၂၃ ဦးကိုလည်း စပိန်ရဲတပ်ဖွဲ့က အာမခံမပေးဘဲ ဖမ်းဆီး ထိန်းသိမ်းထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## ရုရှားအာကာသအေဂျင်စီ၏ ဂြိုဟ်တုနှစ်စင်းက ပြီးခဲ့သည့်လအတွင်း ကမ္ဘာပတ်လမ်းပေါ်၌ တစ်စင်းနှင့်တစ်စင်း အနီးကပ်ယှဉ်တွဲ၍ ပျံသန်းခဲ့



**မော်စကို မေ ၈**

ရုရှားအာကာသအေဂျင်စီ၏ ဂြိုဟ်တုနှစ်စင်းသည် ပြီးခဲ့သည့် လအတွင်း ကမ္ဘာပတ်လမ်းပေါ်၌ တစ်စင်းနှင့်တစ်စင်း အနီးကပ်ယှဉ်တွဲ၍ ပျံသန်းခဲ့ကြောင်း မေ ၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားပြည်နယ် အခြေစိုက် ပတ်လမ်းစောင့်ကြည့်ရေးကုမ္ပဏီ တစ်ခုဖြစ်သည့် COMSPOC ကုမ္ပဏီ၏ အဆိုအရ အထက်ပါ ရုရှားဂြိုဟ်တုနှစ်စင်းမှာ ကော့စမော့-၂၅၈၃ ဂြိုဟ်တုနှင့် ကော့စမော့-၂၅၈၁ ဂြိုဟ်တုတို့ဖြစ်ကြောင်း သိရသည်။

ကော့စမော့-၂၅၈၁ ဂြိုဟ်တုနှင့် ကော့စမော့-၂၅၈၃ ဂြိုဟ်တုတို့သည် ကမ္ဘာပတ်လမ်းပေါ်၌ တစ်စင်းနှင့်တစ်စင်း ၁၀ ပေခန့်သာခွာ၍ ယှဉ်တွဲပျံသန်း ခဲ့သည်ဟု COMSPOC ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုနှစ်စင်း အနီးကပ်ယှဉ်တွဲပျံသန်းနေစဉ် ကော့စမော့-၂၅၈၂ အမည်ရှိ တတိယမြောက် ဂြိုဟ်တုက ကီလိုမီတာ ၁၀၀ ခန့်အကွာမှတစ်ဆင့် လိုက်ပါပျံသန်းခဲ့ကြောင်း COMSPOC ကုမ္ပဏီမှ ကျွမ်းကျင်သူများက ပြောကြားသည်။

အထက်ပါ ရုရှားဂြိုဟ်တုများ အနီးကပ်ယှဉ်တွဲ ပျံသန်းမှုသည် တိုက်ဆိုင်မှုတစ်ရပ် မဟုတ်ဘဲ အသေးစိတ် တွက်ချက်ပြုလုပ်ခဲ့သော စမ်းသပ်မှုတစ်ရပ်ဖြစ်ကြောင်း ရုရှားအာကာသအေဂျင်စီမှ ကျွမ်းကျင်သူများက သုံးသပ်ထားသည်။

ရုရှားနိုင်ငံသည် အထက်ပါ ကော့စမော့ဂြိုဟ်တု သုံးစင်းကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် ဆိုယုဇ်ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## နာဆာ၏ ဂျူနိုအာကာသယာဉ်က ကြာသပတေးဂြိုဟ်၏ ဂြိုဟ်ရံလတစ်စင်းဖြစ်သော သီးဘီးဂြိုဟ်ရံလကို ဓာတ်ပုံများရိုက်ယူနိုင်ခဲ့

**ဝါရှင်တန် မေ ၈**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျူနို အာကာသယာဉ်သည် ကြာသပတေးဂြိုဟ်၏ ဂြိုဟ်ရံလ တစ်စင်းဖြစ်သော သီးဘီးဂြိုဟ်ရံလကို ဓာတ်ပုံများရိုက်ယူနိုင်ခဲ့ကြောင်း မေ ၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဂျူနို အာကာသယာဉ်သည် သီးဘီးဂြိုဟ်ရံလကို အနီးကပ်ဖြတ်ကျော်ပျံသန်းစဉ် အဆိုပါ ဓာတ်ပုံများကို ရိုက်ကူးခဲ့ခြင်းဖြစ်သည်ဟု နာဆာ သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

ဂျူနို အာကာသယာဉ်သည် သီးဘီးဂြိုဟ်ရံလကို ဂြိုဟ်ရံလမျက်နှာပြင်နှင့် မိုင်ပေါင်း ၃၀၀၀ ခန့်အကွာမှတစ်ဆင့် ဖြတ်ကျော်ပျံသန်းခဲ့ခြင်းဖြစ်သည်။



ထိုသို့ အနီးကပ်ဖြတ်ကျော် ပျံသန်းစဉ် ဂျူနိုအာကာသယာဉ်သည် SRU အမည်ရှိ ကင်မရာစနစ်ဖြင့် သီးဘီးဂြိုဟ်ရံလကို ဓာတ်ပုံ ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

သီးဘီးဂြိုဟ်ရံလသည် ကြာသပတေးဂြိုဟ် အတွင်းပိုင်းဂြိုဟ်ရံလများအနက် ဒုတိယအကြီးဆုံး ဂြိုဟ်ရံလဖြစ်ကြောင်း နာဆာက သတင်းထုတ်ပြန်ထားသည်။

ဂျူနို အာကာသယာဉ်သည် SRU ကင်မရာစနစ်ကို အသုံးပြု၍ ကြာသပတေးဂြိုဟ် လေထုလွှာအတွင်းရှိ လျှပ်စီးပြက်မှုများနှင့် ကြာသပတေးဂြိုဟ် ခါးပတ်ကွင်းများကို ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## တီယန်ကျိုး-၉ အာကာသကုန်တင်ယာဉ်က တီယန်ကောင်းအာကာသစခန်းမှ ထွက်ခွာလာပြီးနောက် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်

**ပေကျင်း မေ ၈**

တရုတ်အမျိုးသား အာကာသအေဂျင်စီ၏ တီယန်ကျိုး-၉ အာကာသ ကုန်တင်ယာဉ်သည် တီယန်ကောင်း အာကာသစခန်းမှ ထွက်ခွာလာပြီးနောက် မေ ၇ ရက်တွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

တီယန်ကျိုး-၉ အာကာသ ကုန်တင်ယာဉ်သည် ကမ္ဘာမြေ အပြန်ခရီးအတွက် မေ ၆ ရက်တွင် တီယန်ကောင်း အာကာသစခန်းမှ စတင်ခွာထွက်ခဲ့ပြီး မေ ၇ ရက်တွင် မြေပြင်စခန်း ထိန်းချုပ်မှုဖြင့် လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခြင်းဖြစ်သည်။

လေထုလွှာအတွင်း ပြန်လည် ဝင်ရောက်စဉ် တီယန်ကျိုး-၉ အာကာသကုန်တင်ယာဉ်၏အစိတ်အပိုင်းအများစုမှာ လောင်ကျွမ်းပြိုကွဲခဲ့ပြီး အစိတ်အပိုင်း အနည်းငယ်သာ သတ်မှတ်ရေပြင်အတွင်း ကျရောက်ခဲ့သည်။

တရုတ်အမျိုးသား အာကာသ အေဂျင်စီသည် တီယန်ကျိုး-၉ အာကာသကုန်တင်ယာဉ်ကိုတရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ် ဝန်ချန်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ အာကာသကုန်တင် ယာဉ်သည် တီယန်ကောင်း အာကာသစခန်းအတွက် စားနပ်ရိက္ခာနှင့် သိပ္ပံပညာစမ်းသပ်ပစ္စည်းများ သယ်ယူသွားခဲ့သည်။

တီယန်ကျိုး-၉ အာကာသ ယာဉ်သည် တီယန်ကောင်း အာကာသစခန်းအတွက် တရုတ် အမျိုးသားအာကာသအေဂျင်စီက လွှတ်တင်ခဲ့သော နဝမမြောက် အာကာသစခန်း ပံ့ပိုးရေးစက်ရှင် ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## ကလေးအရွယ်ထိုးရသော ကာကွယ်ဆေးများနှင့် အော်တစ်ဇင်ရောဂါတို့ကြား ဆက်စပ်မှုမရှိဟုဆို

**အော့တဝါ မေ ၈**

ကလေးအရွယ် ထိုးနှံရသည့် ကာကွယ်ဆေးများနှင့် အော်တစ်ဇင်ရောဂါဖြစ်ပွားမှုတို့ကြား ဆက်စပ်မှုမရှိကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကိုကိုးကား၍ မေ ၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ကနေဒါ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အလူမီနီယံပါဝင်သော ကလေးအရွယ် ကာကွယ်ဆေးများကြောင့် အော်တစ်ဇင်ရောဂါဖြစ်ပွားနိုင်ခြေ မြင့်မားလာနိုင်ခြင်း မရှိကြောင်း သိရသည်။

ကလေးအရွယ် ထိုးနှံရသည့် ကာကွယ်ဆေးများတွင် အလူမီနီယံ ဟိုက်ဒရောဆိုက်နှင့်အလူမီနီယံဖော့စဖိတ်ကဲ့သို့ အလူမီနီယံဓာတ်ဆားများကို သိပ္ပံနည်းကျ ထည့်သွင်းအသုံးပြုခဲ့ကြသည်။

အဆိုပါ အလူမီနီယံဓာတ် ဆားများသည် ကလေးငယ်၏ခုခံအားစနစ်ကို မြှင့်တင်ပေးနိုင်သကဲ့သို့ ကာကွယ်ဆေး၏အာနိသင်ကိုလည်း ကြာရှည်တည်တံ့စေရန် ထိန်းပေးထားနိုင်သည်။

နောက်ပိုင်း ကလေးဘဝ ကာကွယ်ဆေးများတွင် ပါဝင်သည့် အလူမီနီယံများကြောင့် အော်တစ်ဇင်ရောဂါဖြစ်ပွားနိုင်ခြေ မြင့်တက်လာနိုင်သည်ဟု ထင်ကြေးပေးမှုများ ပေါ်ထွက်လာခဲ့သည်။

သို့ရာတွင် မိမိတို့၏လေ့လာ တွေ့ရှိချက်အရ ကလေးဘဝ ကာကွယ်ဆေးများနှင့် အော်တစ်ဇင်ရောဂါ ဖြစ်ပွားနိုင်မှုတို့ကြား ဆက်စပ်မှုမရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## အခြားဆေးဝါးများဖြင့် ကုသရန်မလွယ်သော အူမကြီးရောင်ရမ်းမှုရောဂါကို နှစ်မျိုးပေါင်း ဆေးဝါးသစ်တစ်မျိုးက ကုသပေးနိုင်ဖွယ်ရှိ

**နယူးယောက် မေ ၈**

အခြားဆေးဝါးများဖြင့် ကုသရန်မလွယ်ကူသော အူမကြီးရောင်ရမ်းမှုရောဂါ (IBD) လူနာများကို နှစ်မျိုးပေါင်း ဆေးဝါးသစ်တစ်မျိုးဖြင့် ကုသပေးနိုင်ဖွယ်ရှိကြောင်း မေ ၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Guselkubam နှင့် Golimumalo အမည်ရှိ ဆေးနှစ်မျိုးကိုပေါင်းစပ်အသုံးပြုပါက IBD ရောဂါကို ကုသရာတွင် အထောက်အကူပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အဆိုပါဆေးနှစ်မျိုးပေါင်း ကုထုံးကို အခြားကုထုံးများ မတိုးတော့သည့် IBD လူနာဦးရေ ၁၂၀၀ ကျော်တို့ဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့သည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ Guselkubam နှင့် Golimumalo ဆေးနှစ်မျိုးပေါင်းကုထုံးကို စမ်းသပ်မှုတွင် ပါဝင်သူ လူနာများက ကောင်းစွာတုံ့ပြန်နိုင်ခဲ့သည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Guselkubam နှင့် Golimumalo ဆေးနှစ်မျိုးလုံးသည် ရောင်ရမ်းမှုကို လျှော့ချပေးသည့် ဆေးများဖြစ်သည်။

လက်ရှိအချိန်တွင် အမေရိကန် သုတေသန ပညာရှင်များသည် အဆိုပါ ဆေးနှစ်မျိုးပေါင်း ကုထုံးကို လက်တွေ့စမ်းသပ်မှုများ ဆက်လက်ပြုလုပ်ရန် ပြင်ဆင်လျက်ရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO






## Italian Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်ကို ဆာဘာလင်ကာ တက်ရောက်

ရောမ မေ ၈

အီတလီနိုင်ငံ ရောမမြို့တွင် ကျင်းပနေသည့် Italian Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁) ဘယ်လာရုစ်တင်းနစ်မယ် ဆာဘာလင်ကာနှင့် ချက်တင်းနစ်မယ် ဘာဘိုရာတို့ ယှဉ်ပြိုင်ခဲ့ရာ ဆာဘာလင်ကာက (၆-၂၊ ၆-၃) ရလဒ်ဖြင့်အနိုင်ရပြီး တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆာဘာလင်ကာသည် ယခုပြိုင်ပွဲတွင် ဗိုလ်စွဲရန်ရေပန်းစားနေသကဲ့သို့ ချန်ပီယံလက်စွမ်းမျိုးလည်းပြသခဲ့ပြီး ဘာဘိုရာကို နှစ်ပွဲပြတ်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဆာဘာလင်ကာက "ဒုတိယအဆင့်ကို ကျော်ဖြတ်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ခက်ခဲတဲ့ ပြိုင်ဘက်ကောင်း တစ်ယောက်ကို ရလဒ်ကောင်းနဲ့အနိုင်ရခဲ့တာဟာ ကျွန်မအတွက်တော့ ပြိုင်ပွဲမှာ အစကောင်းခြင်းမျိုးပါပဲ။ ဒီပြိုင်ပွဲမတိုင်မီကတည်းက ကျွန်မနဲ့ ဘာဘိုရာတို့ ထိပ်တိုက်တွေ့ဆုံခဲ့ဖူးပါတယ်။ အခုတစ်ကြိမ်မှာတော့ ရလဒ်ကောင်းနဲ့အနိုင်ရခဲ့တာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN

Trs : AZL



## ဘရိုက်တန်အသင်းက နည်းပြဟာဇီလာကို ၂၀၂၉ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆို

လန်ဒန် မေ ၈

ပရီးမီးယားလိဂ် ကလပ် ဘရိုက်တန်အသင်းသည် အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးထားသည့် နည်းပြဟာဇီလာကို ၂၀၂၉ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုခဲ့ကြောင်း Goal.com သတင်းဝက်ဆိုက်က ယနေ့တွင်ဖော်ပြခဲ့သည်။

အသက် ၃၃ နှစ်ရှိ နည်းပြဟာဇီလာသည် ပြီးခဲ့သည့်နှစ် ဘောလုံးရာသီက ဘရိုက်တန်အသင်းကို စတင်တာဝန်ယူခဲ့ရာ ရာသီအကုန်တွင် အသင်းကိုအမှတ်ပေးဇယားအဆင့်(၈) နေရာသို့ ပို့ဆောင် ပေးနိုင်ခဲ့သည့်အပြင် အသင်းအနေဖြင့်လည်း ယူရိုပါလိဂ် ပြိုင်ပွဲဝင်ခွင့်ရရှိခဲ့သည်။

အလားတူ ယခုနှစ်ဘောလုံးရာသီတွင်လည်း ပြိုင်ပွဲပြီးဆုံးရန် သုံးပွဲအလိုတွင် အမှတ်ပေးဇယားအဆင့်(၈)သို့ ပို့ဆောင်ပေးခဲ့သည့်အတွက် အသင်းတာဝန်ရှိသူများက ကာလရှည်လက်တွဲရန် စာချုပ်သက်တမ်းတိုးခဲ့ခြင်းဖြစ်သည်။

ဘရိုက်တန်အသင်း ဥက္ကဋ္ဌ တိုနီဘလွန်းက "နည်းပြဟာဇီလာဟာ ပြီးခဲ့တဲ့ရာသီ အသင်းကို စရောက်ကတည်းက တိုးတက်မှုတွေရရှိအောင် လုပ်ဆောင်နိုင်ခဲ့တာပါ။ အခုရာသီမှာလဲ အသင်းရဲ့ကစားပုံနဲ့ ကစားသမားတွေရဲ့ စွမ်းဆောင်ရည် ရလဒ်တွေကလဲ ကောင်းမွန်ခဲ့တာကြောင့် သက်တမ်းတိုးခဲ့တာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

### ပြင်ဆင်ဖတ်ရှုပါရန်

၈-၅-၂၀၂၆ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ (၈)တွင် ဖော်ပြထားသော **၂၀၂၆ အာဆီယံယူ-၁၉ အမျိုးသားဘောလုံးပြိုင်ပွဲ မဲခွဲမှုအပြီး မြန်မာအသင်း အုပ်စု(A)တွင်ကျရောက်** သတင်းတွင်ပါရှိသော အုပ်စု(C)ဩစတြေးလျအသင်း **အစား** အုပ်စု(C)ဩစတြေးလျအသင်း ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**စာတည်းအဖွဲ့**

## ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ ဧပြီလအတွက် တစ်လတာအကောင်းဆုံးဆုများကို နည်းပြ ဂွာဒီယိုလာ၊ ဂစ်ဗ်ဝှိုက်၊ မီတိုမာတို့ဆွတ်ခူး




လန်ဒန် မေ ၈

ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ ဧပြီလအတွက် တစ်လတာအကောင်းဆုံးနည်းပြဆုကို မန်စီးတီးအသင်းနည်းပြဂွာဒီယိုလာ၊ တစ်လတာအကောင်းဆုံး ကစားသမားဆုကို နော်တင်ဟမ်အသင်းမှ ဂစ်ဗ်ဝှိုက်၊ တစ်လတာ အကောင်းဆုံးသွင်းဂိုးဆုကို ဘရိုက်တန်အသင်းမှ မီတိုမာတို့ကဆွတ်ခူးခဲ့ကြောင်း Premier League.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြ ဂွာဒီယိုလာသည် ဧပြီလအတွင်း မန်စီးတီးအသင်းကို သုံးပွဲတာဝန်ယူ ကိုင်တွယ်ခဲ့ရာတွင် သုံးပွဲလုံးအနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး အနိုင်ရရှိခဲ့သည့်ပွဲစဉ်များတွင် ချန်ပီယံဆုအတွက် အားပြိုင်နေရသည့် အာဆင်နယ်အသင်းကိုပါ အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီးနောက် ဧပြီလအတွက် တစ်လတာအကောင်းဆုံး နည်းပြဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့အတူ ဧပြီလအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့သည့် နော်တင်ဟမ်အသင်းမှ ဂစ်ဗ်ဝှိုက်သည် ဧပြီလအတွင်း ဘန်လေအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် သွင်းဂိုး သုံးဂိုး၊ ဆန်းဒါးလန်းအသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်ခဲ့ပြီးနောက် ဆန်ခါတင်ကစားသမားစာရင်းတွင် ပါဝင်ခဲ့ကြသူများကို ကျော်ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ တစ်လတာ အကောင်းဆုံး သွင်းဂိုးဆုကိုလည်း စပါးအသင်းနှင့်ကစားခဲ့သည့်ပွဲစဉ်တွင် သွင်းယူခဲ့သည့်သွင်းဂိုးဖြင့် ဘရိုက်တန်အသင်း ကစားသမား မီတိုမာက ဆွတ်ခူးခဲ့ကြောင်း သိရသည်။

Ref : Premier League.com

Trs : STA

## ပီအက်စ်ဂျီအသင်းနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲတက်ရောက်ခဲ့ပြီးနောက် ၂၀၂၆ ကမ္ဘာ့အကောင်းဆုံးကစားသမားဆုအတွက် ဒမ်ဘီလီထိပ်ဆုံးမှ ရေပန်းစားနေ

ပဲရစ် မေ ၈

ပီအက်စ်ဂျီအသင်း တိုက်စစ်မှူး ဒမ်ဘီလီသည် အသင်းနှင့်အတူ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲ အဆင့်သို့တက်ရောက်နိုင်ခဲ့ပြီးနောက် ၂၀၂၆ ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုအတွက် ထိပ်ဆုံးမှရေပန်းစားနေကြောင်း B/R Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဒမ်ဘီလီသည် ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်ကလည်း ပီအက်စ်ဂျီအသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ကာ ချန်ပီယံလိဂ် ဖလားအပါအဝင် အခြားဆုများစွာ ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့ပြီးနောက် ၂၀၂၅ ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဒမ်ဘီလီသည် ယခုနှစ် ဘောလုံးရာသီ အစပိုင်းတွင် ခြေစွမ်းပိုင်းအနည်းငယ်ကျဆင်းမှုများကြောင့် ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုအတွက် ရေပန်းစားမှုမရှိခဲ့သော်လည်း နောက်ပိုင်းတွင် အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသနေပြီး ပီအက်စ်ဂျီအသင်း ချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တက်ရောက်နိုင်ခဲ့ရာတွင် အဓိက ကစားသမားအဖြစ် ပါဝင်ခဲ့ပြီးနောက် ၂၀၂၆ ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုအတွက် ရေပန်းစားမှုများ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

လက်ရှိ၂၀၂၆ ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုအတွက် ရေပန်းစားမှုစာရင်း၌ ဒမ်ဘီလီ၏နောက်တွင် ဘိုင်ယန်မြူးနစ်အသင်းမှ ဟယ်ရီကိန်း၊ အိုလီဆီ၊ ဘာစီလိုနာအသင်းမှ လမိုင်းယာမယ်၊ အာဆင်နယ်အသင်းမှ ဒီကလန်ရိုက်၊ ပီအက်စ်ဂျီအသင်းမှ ခါဗာရက်ခ်ီလီယာ၊ ရီးရဲလ်မက်ဒရစ်အသင်းမှ အမ်ဘက်ပီ၊ ဘိုင်ယန်မြူးနစ်အသင်းမှ လူးဝစ်ဒီယက်တို့က ပါဝင်နေကြောင်း သိရသည်။

Ref : B/R Football

Trs : STA

## ၂၀၂၆ ထိုင်းအိုးပင်းကြက်တောင်ရိုက်ပြိုင်ပွဲတွင် မြန်မာကြက်တောင်ရိုက်မယ် သက်ထားသူဇာက အင်ဒိုနီးရှားကြက်တောင်ရိုက်မယ်နှင့် စတင်ယှဉ်ပြိုင်ရမည်

ရန်ကုန် မေ ၈

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၆ ထိုင်းအိုးပင်း ကြက်တောင်ရိုက်ပြိုင်ပွဲတွင် သက်ထားသူဇာသည် လက်ရည်စစ်အဆင့်တွင် အင်ဒိုနီးရှား ကြက်တောင်ရိုက်မယ် ဝီယာဝမ်နှင့် စတင်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ကြက်တောင်ရိုက်အဖွဲ့ချုပ်(BWF) အသိအမှတ်ပြု နိုင်ငံတကာ ကြက်တောင်ရိုက်ပြိုင်ပွဲတစ်ခုဖြစ်သည့် ၂၀၂၆ ထိုင်းအိုးပင်း ကြက်တောင်ရိုက်ပြိုင်ပွဲကို လာမည့် မေ ၁၂ ရက်မှစတင်ပြီး ၁၇ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

၂၀၂၆ ထိုင်းအိုးပင်း ကြက်တောင်ရိုက်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းကြက်တောင်ရိုက်ပြိုင်ပွဲ လက်ရည်စစ်အဆင့်တွင် သက်ထားသူဇာ အပါအဝင် စုစုပေါင်း ကြက်တောင်ရိုက်မယ် ၁၆ ဦးပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

သက်ထားသူဇာနှင့် လက်ရည်စစ်အဆင့်တွင် ကစားရမည့် အင်ဒိုနီးရှားကြက်တောင်ရိုက်မယ် ဝီယာဝမ်သည် ကမ္ဘာ့အဆင့် (၆၀) နေရာတွင် ရပ်တည်နေပြီး သက်ထားသူဇာသည် ကမ္ဘာ့အဆင့် (၁၂၇)နေရာတွင် ရပ်တည်နေကာ ကမ္ဘာ့အဆင့်သတ်မှတ်ချက်များစွာ မြင့်မားသည့်အတွက် သက်ထားသူဇာအနေဖြင့် ခက်ခက်ခဲခဲ ယှဉ်ပြိုင်ရဖွယ်ရှိနေသည်။




သက်ထားသူဇာသည် နောက်ဆုံး ယှဉ်ပြိုင်ခဲ့သည့်ပြိုင်ပွဲအဖြစ် ပြီးခဲ့သည့် ဧပြီလအတွင်းက ကျင်းပခဲ့သည့် အာရှချန်ပီယံရှစ် ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဒုတိယအဆင့်တွင်ပင် သီရိလက်ာ ကြက်တောင်ရိုက်မယ် လီယန်အေ့ကိုရှုံးနိမ့်ပြီး ထွက်ခွာခဲ့ရကြောင်း သိရသည်။

STA

# အယ်လ်နာဆာအသင်းမှ စီရော်နယ်ဒို ဆော်ဒီပရီလိဂ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းတိုင်းကို ဂိုးသွင်းယူနိုင်သည့် ကစားသမားဖြစ်လာ



ရီယာ့ဒ် မေ ၈

ဆော်ဒီပရီလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၂)အဖြစ်ကစားခဲ့သည့် အယ်လ်နာဆာအသင်းက အယ်လ်ရှာဘတ်အသင်းကို အနိုင်ရခဲ့သည့်ပွဲစဉ်တွင် စီရော်နယ်ဒိုက အယ်လ်နာဆာအသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူခဲ့ပြီးနောက် ဆော်ဒီပရီလိဂ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းတိုင်းကို ဂိုးသွင်းယူနိုင်သည့် ကစားသမား ဖြစ်လာခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်လ်နာဆာ အသင်းက အယ်လ်ရှာဘတ်အသင်းကို လေးဂိုး နှစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပွဲချိန် ၇၅ မိနစ်၌ စီရော်နယ်ဒိုက အသင်းအတွက်သွင်းဂိုးတစ်ဂိုးသွင်း ယူခဲ့ပြီးနောက် ပြိုင်ဘက်အသင်း တိုင်းကိုဂိုးသွင်းယူနိုင်သည့် ကစားသမားဖြစ်လာခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက စီရော်နယ်ဒိုသည် ဆော်ဒီပရီလိဂ်ပြိုင်ပွဲတွင် အယ်လ်ရှာဘတ်အသင်းတစ်သင်းတည်းကိုသာ ဂိုးသွင်းယူနိုင်ခြင်း မရှိခဲ့ဘဲ ကျန်ကလပ်အသင်း ၁၆ သင်းကို ဂိုးသွင်းယူထားနိုင်ခဲ့ပြီးနောက် ယခုအခါ ပွဲစဉ်(၃၂)မှသာ အယ်လ်ရှာဘတ် အသင်းဘက်သို့ သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။

စီရော်နယ်ဒိုသည် ယခုနှစ် ဘောလုံးရာသီ ဆော်ဒီပရီလိဂ်ပြိုင်ပွဲတွင် ၂၈ ပွဲကစားပြီးချိန်တွင် သွင်းဂိုး၂၆ ဂိုးသွင်းယူထားသကဲ့သို့ ပရော်ဖက်ရှင်နယ် ကစားသမားဘဝတွင်လည်း သွင်းဂိုး ၉၇၇ ဂိုးထိ ရှိလာခဲ့ပြီး သွင်းဂိုး ၁၀၀၀ ပြည့်မြောက်သည့် ပထမဆုံးကစားသမားဖြစ်လာရန် နီးစပ်လာခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# ယူ-၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲကို မေ ၉ ရက်၊ ယူ-၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲကို မေ ၁၀ ရက်တို့တွင် ရန်ကုန်မြို့၌ စတင်ကျင်းပသွားမည်

ရန်ကုန် မေ ၈

အားကစားရေးရာဝန်ကြီးဌာန နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့တို့ကကြီးမှူးပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူး ကျင်းပမည့် ယူ-၁၉ ဖူဆယ်လိဂ် ပြိုင်ပွဲကို မေ ၉ ရက်၊ ယူ-၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲကို မေ ၁၀ ရက် တို့တွင် ရန်ကုန်မြို့၌ စတင်ကျင်းပ မည်ဖြစ်ကြောင်း သိရသည်။

ယူ-၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲကို YCDC DT အသင်း၊ YRG FC အသင်း၊ ULAD FC အသင်း၊ မင်္ဂလာဒုံစီးတီး အသင်း၊ JV FC အသင်း၊ ယူနိုက် တက်စီးတီးအသင်း၊ ပစိဖိတ် ဆန်းဖားအသင်း၊ Burmese Warriors အသင်း၊ MIU FCအသင်း၊ Gold Dream အသင်း၊ ရှိုင်ရယ်နိ ကာအသင်း၊ ရွှေပြည်သာယူနိုက် တက်အသင်း စသည့်အသင်း ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။

ယူ-၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)အဖြစ် မေ ၉ ရက်တွင် YCDC DT အသင်းနှင့် YRG FC အသင်း၊ ULAD FC အသင်းနှင့် မင်္ဂလာဒုံစီးတီးအသင်း၊ JV FC အသင်းနှင့် ယူနိုက်တက်စီးတီး အသင်း၊ ပစိဖိတ်ဆန်းဖားအသင်း နှင့် Burmese Warriorsအသင်း၊ MIU FC အသင်းနှင့် Gold Dream အသင်း၊ ရှိုင်ရယ်နိကာအသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်း တို့ ကစားကြမည်ဖြစ်သည်။

အလားတူ ယူ-၁၆ ဖူဆယ်လိဂ် ပြိုင်ပွဲတွင်လည်း ပြိုင်ပွဲဝင်အသင်း များအဖြစ် မဟာဘားမားအသင်း၊ ပစိဖိတ်ဆန်းဖားအသင်း၊ ဗစ်တိုရီ အသင်း၊ ယူနိုက်တက်စီးတီး အသင်း၊ SFG အသင်း၊ TKA Star အသင်း၊ မာရိန်အသင်း၊ ရွှေပြည် သာယူနိုက်တက်အသင်း၊ အဗန် ဂျာအသင်း၊ မင်းမဟော်အသင်း၊ Jullniss အသင်း၊ Bushido အသင်းတို့ပါဝင်မည်ဖြစ်သည်။

ယူ-၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)အဖြစ် မေ ၁၀ ရက်တွင် မဟာဘားမားအသင်းနှင့် ပစိဖိတ် ဆန်းဖားအသင်း၊ ဗစ်တိုရီအသင်း နှင့် ယူနိုက်တက်စီးတီးအသင်း၊ SFG အသင်းနှင့် TKA Starအသင်း၊ မာရိန်အသင်းနှင့် ရွှေပြည်သာ ယူနိုက်တက်အသင်းနှင့် အဗန် ဂျာအသင်းနှင့် မင်းမဟော်အသင်း၊ Jullniss အသင်းနှင့် Bushido အသင်းတို့ ကစားကြမည်ဖြစ် ကြောင်း သိရသည်။

STA

# PGA Tour Truist Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမှတ်ပေးဇယားကို မက္ကာသီက ဦးဆောင်

နယူးယောက် မေ ၈

အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနား ပြည်နယ်တွင် ကျင်းပနေသည့် PGA Tour Truist Championship ဂေါက်သီး ရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား မက္ကာသီက သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်ကိုရီးယား ဂေါက်သီး ရိုက်ကစားသမား ဆောင်းဂျေ အင်မ်က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး ဩစတြေးလျား ဂေါက်သီးရိုက် ကစားသမား စထရာကာ၊ နော်ဝေဂေါက်သီးရိုက် ကစားသမား ဟော့ဂတ်၊ ကနေဒါ ဂေါက်သီးရိုက်ကစားသမား နစ်ခ်တေလာ၊ ဒိန်းမတ်ဂေါက်သီးရိုက် ကစားသမား ရီတန်၊ အင်္ဂလန် ဂေါက်သီး ရိုက်ကစားသမား ဟာရီ ဟောတို့က သတ်မှတ်ရိုက်ချက် ထက် ငါးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယ နေရာတွင် ပူးတွဲရပ်တည်နေ ကြသည်။

ကမ္ဘာ့အဆင့်(၂) မြောက်အိုင် ယာလန် ဂေါက်သီးရိုက်ကစား သမား မက်အီရွိုင်းသည် ပထမ နေ့တွင် ရလဒ်ကောင်းရရှိရန် ရုန်းကန်ခဲ့ရပြီး သတ်မှတ်ရိုက် ချက်ထက် တစ်ချက်သာလျော့ ရိုက်နိုင်ခဲ့သည်။

မက်အီရွိုင်းက "ပထမနေ့ ကတော့ စိတ်ပျက်စရာပါပဲ။ Birdies ရိုက်ချက်မရတာကြာတော့ နောက်ဆုံး ဘယ်ပြိုင်ပွဲမှာ Birdies ရိုက်ချက်ရခဲ့တယ် ဆိုတာတောင် မမှတ်မိတော့ပါဘူး။ ဒုတိယနေ့မှာ တော့ ရလဒ်ကောင်းရဖို့ သေချာ အာရုံစိုက်ရတော့ပါမယ်"ဟု ပြော ကြားခဲ့ကြောင်း သိရသည်။

Ref : ESPN

Trs : AZL

# ရီးရဲလ်မက်ဒရစ်အသင်းမှ ဗယ်ဗာဒီ ဦးခေါင်းဒဏ်ရာကြောင့် ဘာစီလိုနာအသင်းနှင့်ပွဲစဉ်ကို လွဲချော်မည်

မက်ဒရစ် မေ ၈

ရီးရဲလ်မက်ဒရစ် အသင်း ကွင်းလယ်ကစားသမား ဗယ်ဗာဒီ သည် အသင်းနှင့်ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေး အစီအစဉ်တွင် အသင်းဖော်ကစားသမား ချူအာ မန်နီနှင့် ခိုက်ရန်ဖြစ်ပွားပြီးနောက် ဦးခေါင်းဒဏ်ရာ ရရှိခဲ့သဖြင့် လာမည့် မေ ၁၁ ရက်တွင် ကစား ရမည့် ဘာစီလိုနာအသင်းနှင့် စပိန်လာလီဂါပွဲစဉ်ကို လွဲချော်မည် ဖြစ်ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် ဗယ်ဗာ ဒီသည် အသင်းလေ့ကျင့်ရေးအစီ အစဉ်တွင် အသင်းဖော်ကစား သမားချူအာမန်နီနှင့် မတော် တဆမှုဖြစ်ပွားခဲ့ပြီးနောက် အဝတ် လဲခန်းအတွင်း ခိုက်ရန်ဖြစ်ပွား ခဲ့ရာ နဖူးတွင်ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံသို့ပို့ဆောင်ခဲ့ရသည်။

ထို့နောက် ရီးရဲလ်မက်ဒရစ် အသင်း ဆေးအဖွဲ့က ယနေ့တွင် ဗယ်ဗာဒီ၏ ဦးခေါင်းဒဏ်ရာကို စစ်ဆေးခဲ့ရာ ဒဏ်ရာအခြေအနေ ကောင်းမွန်သော်လည်း အနည်း ဆုံး ရက်သတ္တနှစ်ပတ်ထိ အနား ယူရမည်ဖြစ်၍ ဘာစီလိုနာအသင်း နှင့် ကစားရမည့်ပွဲစဉ်ကို လွဲချော် မည်ဖြစ်ကြောင်း အတည်ပြုပြော ကြားခဲ့သည်။

ရီးရဲလ်မက်ဒရစ် အသင်း တာဝန်ရှိသူများက အဆိုပါဖြစ်စဉ် နှင့်ပတ်သက်၍ အသေးစိတ်ထုတ် ပြန်ခဲ့ခြင်းမရှိသော်လည်း ကလပ် အသင်း၏ စည်းမျဉ်းအတိုင်းသာ ဆက်လက် လုပ်ဆောင်သွားမည် ဟု ထုတ်ပြန်ခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က လည်း အသင်းနည်းပြအာဘီလို အာနှင့် ကွင်းလယ်ကစားသမား စီဘယ်လော့၊ အဆန်စီယိုတို့ကြား အငြင်းပွားမှုများ ရှိခဲ့ကြောင်း သိရသည်။

Ref : ESPN

Trs : ML

# ယခုနှစ်ဘောလုံးရာသီ ဥရောပထိပ်တန်းလိဂ်ငါးခုတွင် သွင်းဂိုးအများဆုံးအသင်းအဖြစ် ဘိုင်ယန်မြူးနစ်အသင်း ဦးဆောင်နေ

ဘာလင် မေ ၈

ယခုနှစ် ဘောလုံးရာသီ ဥရောပထိပ်တန်း လိဂ်ငါးခုတွင် သွင်းဂိုးအများဆုံးကလပ်အသင်း ၁၀ သင်းစာရင်း၌ ဘိုင်ယန်မြူးနစ် အသင်းက ထိပ်ဆုံးမှဦးဆောင်နေ ကြောင်း Transfer Market သတင်း ဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြ ခဲ့သည်။

ဥရောပထိပ်တန်းလိဂ် ငါးခု ဖြစ်သည့် ပရီမီးယားလိဂ်၊ စပိန် လာလီဂါ၊ ဂျာမန်ဘွန်ဒက်စ်လီဂါ၊ အီတလီစီးရီးအေ၊ပြင်သစ်လီဂူးဝမ်း ပြိုင်ပွဲတို့တွင် သွင်းဂိုးအများဆုံး ကလပ်အသင်း ၁၀ သင်းစာရင်း ၌ ပရီမီးယားလိဂ်နှင့် စပိန် လာလီဂါမှ သုံးသင်းစီအများဆုံး အဖြစ်ပါဝင်လာခဲ့သည်။

ယခုနှစ် ဘောလုံးရာသီ ဥရောပထိပ်တန်း လိဂ်ငါးခုတွင် သွင်းဂိုးအများဆုံးကလပ်အသင်း ၁၀ သင်းစာရင်း၌ ဘိုင်ယန်မြူးနစ် အသင်းက ၁၇၅ ဂိုးဖြင့် ထိပ်ဆုံး တွင်ရပ်တည်နေပြီး ဘိုင်ယန်မြူး နစ်အသင်းနောက်တွင် ဘာစီလိုနာ အသင်းက ၁၃၈ ဂိုး၊ ပီအက်စ်ဂျီ အသင်းက ၁၂၃ ဂိုး၊ မန်စီးတီး အသင်းက သွင်းဂိုး ၁၂၀၊ အာဆင် နယ်အသင်းက ၁၁၆ ဂိုး၊ ရီးရဲလ် မက်ဒရစ်အသင်းက ၁၁၂ ဂိုး၊ အင်တာမီလန်အသင်းက သွင်းဂိုး ၁၁၀၊ အတ္တလက်တီကိုအသင်းက ၁၀၉ ဂိုး၊ ချဲလ်ဆီးအသင်းက ၁၀၅ ဂိုး၊ စတုဂတ်အသင်းက သွင်းဂိုး ၁၀၀ ဖြင့် ရပ်တည်နေကြသည်။

ထိုပြင် ဘိုင်ယန်မြူးနစ်အသင်း၏ တိုက်စစ်ပိုင်းမှ ဟယ်ရီကိန်း၊ အိုလီဆီ၊ ဒီယက်တို့သည် အကောင်းဆုံး ခြေစွမ်းပြသနေ သကဲ့သို့ ပြိုင်ပွဲစုံ သွင်းဂိုး ၅၈ ဂိုး သွင်းယူထားသည့် ဟယ်ရီကိန်း သည်လည်း ဥရောပသွင်းဂိုး အများဆုံး ကစားသမားဆုဖြစ် သည့် ဥရောပရွှေဖိနပ်ဆုဆွတ်ခူး နိုင်ရန် နီးစပ်နေကြောင်း သိရသည်။

Ref : Transfer Market

Trs : STA



# ပညာအလင်း လမင်းပမာထိန်ထိန်သာ

**ထက်ဝေအောင်(စစ်ကိုင်း)**

**❖ ပညာသည် မှောင်မိုက်သောဘဝခရီးကို လမင်းကြီးပမာ လမ်းပြအလင်းဆောင်စေသည်။ လူ့ဘောင်အနာဂတ်တွင် ပိတ်ဆို့ထားသော အတားအဆီးများ၊ တံခါးချပ်များကို ဖွင့်လှစ်နိုင်သည့် စွယ်စုံရသော့တစ်ချောင်းဖြစ်ပေသည်။ နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် ပညာရေးသည် ဆက်စပ်တည်ရှိနေခြင်းကြောင့် ခွဲခြားမရစွာ တည်ရှိနေမည့် အရှိတရားဖြစ်သည်။ အရည်အသွေးမြင့်မားသော လူ့ဘောင်တစ်ရပ်လုံးအတွက် ပညာရေးသည် လူအချင်းချင်း ရင်ပေါင်တန်းနိုင်စေပြီး ယှဉ်ပြိုင်နိုင်စွမ်းအားကို မြင့်တက်စေသည်။ ❖**

လူသားတစ်ဦးချင်းစီ၏ ဘဝအဆင့်အတန်း မြင့်မားရေး၊ တွေးခေါ်မှုပုံစံ မှန်ကန်ရေးအတွက် ပညာရေးသည် မရှိမဖြစ်အခြေခံအုတ်မြစ်တစ်ခု ဖြစ်သည်။ လူတစ်ဦးတစ်ယောက်အတွက်သာမက မိမိပတ်ဝန်းကျင်၊ ရပ်ရွာဗဟိုပြုစီမံကိန်းများမှ နိုင်ငံတော်စီမံကိန်းများထိ အကျိုးပြုနိုင်စွမ်းရှိသည်။ လူတစ်ယောက် ပညာသင်ယူတတ်မြောက်ခြင်းဖြင့် ဗဟုသုတများတိုးပွားစေပြီး စဉ်ဆက်မပြတ်သင်ယူနိုင်စွမ်းအားဖြင့် အခွင့်အလမ်းများပိုမိုရရှိစေနိုင်သည်။ နေ့စဉ်ဘဝတွင်ကြုံတွေ့နေရသည့် ပြဿနာမျိုးစုံကို ကိုင်တွယ်နိုင်မည့် စွမ်းအားများလည်း တိုးပွားရရှိစေမည်ဖြစ်သည်။ အသက်မွေးဝမ်းကျောင်းပညာရေးဖြင့် မိသားစုဘဝ ဝင်ငွေရရှိအောင် ဆောင်ရွက်၍ လူနေမှုအဆင့်အတန်းကို မြှင့်တင်သွားနိုင်မည်ဖြစ်သည်။ စွမ်းရည်ပြည့်ဝသော လုပ်ငန်းခွင်ဖြစ်တည်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ရေးအတွက် ပညာရေးသည် အခရာကျခြင်းကြောင့် ပညာရေးကိုအလေးပေး ဖော်ဆောင်ခြင်းဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ဘက်စုံဖွံ့ဖြိုးရေးအတွက် ပညာရေးသည် ကဏ္ဍတစ်ခုအနေဖြင့် ထိပ်ဆုံးမှရပ်တည်နေသည်။ အတတ်ပညာသည် အတန်းပညာမှ အခြေခံရရှိသဖြင့် နိုင်ငံ့ပညာရေးကို အားပေးရမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအောင်မြင်ရေး၊ အဆောက်အအုံနှင့် လမ်းတံတားတည်ဆောက်ရေး၊ အိုင်တီနည်းပညာမြှင့်တင်ရေး၊ စက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ရေး အစရှိသော အရေးပါသည့် နယ်ပယ်အသီးသီးတွင် ပညာ၏အခန်းကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့်တွေ့ရှိရသည်။ ပညာသင်ကြားခြင်းသည် စဉ်ဆက်မပြတ်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခြင်းဖြစ်သည်။ ပညာအရင်းအနှီးဖြင့်ပင် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်နိုင်ခွင့်ရှိခြင်းကြောင့် ပညာကို ကြိုးစားသင်ယူကြရမည်ဖြစ်သည်။

ဘဝအုတ်မြစ်ခိုင်ခံ့အောင် တည်ဆောက်ကြရာတွင် ပညာရေးသည် အခြေခံအကျဆုံး အုတ်မြစ်လှေကားချပ်ဖြစ်သည်။ ကျောင်းတွင်း ပညာသင်ယူခြင်းဖြစ်စဉ်ကိုအစပြု၍ ဘဝကို ပိုမိုတောက်ပအောင် ဆောင်ရွက်နိုင်ပေသည်။ ပညာဥစ္စာရင်းနှီးမြှုပ်နှံမှုသည် အနာဂတ်ဘဝခရီးအတွက် လွန်စွာအရေးပါလှသည်။ ပညာသင်ခါမရှက်ပါနှင့်ဆိုသည့် ရှေးလူကြီးများ၏သွန်သင်ဆုံးမမှုအတိုင်း ပညာကို စိတ်ပါဝင်စားစွာ သင်ကြားကြရမည်ဖြစ်ပေသည်။ စိတ်၏စူးစိုက်မှုသည် ကလေး၊ လူကြီးမရွေး မှတ်ဉာဏ်ကို တိုးတက်စေသည်။ သင်ယူနိုင်စွမ်းရှိသလောက် ဦးနှောက်ဖွံ့ဖြိုးမှုကိုလည်း ဖြစ်ပေါ်စေသည်။ ဦးနှောက်ဖွံ့ဖြိုးမှုနှင့် ဖြတ်ထိုးဉာဏ်ကောင်းစေသည်။ အခြားသော အထွေထွေဗဟုသုတနှင့် ပညာလေ့လာမှုဆိုင်ရာ လုပ်ငန်းနယ်ပယ်တွင်လည်း တိုးတက်စေနိုင်သည်။

မူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာရေးကို ဗဟိုပြု၍ အကျင့်စာရိတ္တကို ပြုပြင်ပေးနိုင်သည်။ လောကအကျိုးသယ်ပိုးခြင်း၊ ကိုယ်ချင်းစာတရား လက်ကိုင်ထားခြင်း၊ မျှဝေခြင်းကဲ့သို့ ကောင်းမွန်သောစိတ်စေတနာများ တိုးပွားစေနိုင်သည်။

ပညာရေးသည် နိုင်ငံတော်၏ မျှော်မှန်းချက်၊ အခြေခံအုတ်မြစ်ဖြစ်သည်။ စိုက်ပျိုးရေးပညာ၊ မွေးမြူရေးပညာ၊ စက်မှုပညာရပ်များကို လွယ်လင့်တကူသင်ကြားခွင့်ရရှိမှု ဦးတည်ချက်ထက်သာလွန်သော အလုပ်အကိုင်အခွင့်အလမ်းရရှိရေး ပန်းတိုင်ထိ ရည်မှန်းထားပေသည်။ ပညာသင်ကြားသူတိုင်း အနာဂတ်အလင်းတန်းကို မြင်နိုင်ခွင့်ရှိသည်။ ပညာသင်ကြားရာတွင် သင်ကြားရသည့် ဘာသာရပ်တိုင်း အထူးချွန်ဆုံး၊ အထက်မြက်ဆုံးဖြစ်အောင် ကြိုးစားရမည်ဖြစ်သည်။ အားနည်းချက်၊ အားသာချက်များကို မိမိကိုယ်တိုင်သိရှိပြီး ပြုပြင်ပြောင်းလဲနိုင်မှုအလိုက် ကောင်းမွန်သောအခြေအနေသို့ရောက်ရှိအောင် မနှေးအမြန် အကောင်အထည်ဖော်ရမည်ဖြစ်သည်။ ပညာရေးနှင့် အလုပ်အကိုင် တွဲစပ်ဖော်ဆောင်သည့် ပညာရေးစနစ်တွင် ကျောင်းသား၊ ကျောင်းသူအားလုံး လိုက်ပါရမည်ဖြစ်သည်။ မိမိနှစ်သက်ရာဘာသာရပ်အလိုက်၊ ဝါသနာအလိုက် ရွေးချယ်ပြီး နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးအခန်းကဏ္ဍ၊ စက်မှုနည်းပညာကဏ္ဍသစ်များကို ပီပီပြင်ပြင် ဖွင့်လှစ်သွားနိုင်မည်ဖြစ်သည်။

သို့ဖြစ်၍ ပညာခေတ်တွင် ပညာရှာဖွေရမည်ဖြစ်သည်။ ပညာရေးအလှမ်းမဝေးရအောင် အနာဂတ်ရင်သွေးများကို ပညာအမွေပေးရမည်ဖြစ်သည်။ ပညာရည်အဆင့်အတန်းမြင့်မားသော နိုင်ငံအများစုသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည်။ ပညာရေးအဆင့်မြင့်မားမှုမှတစ်ဆင့် တီထွင်ဆန်းသစ်မှုကိုဖြစ်စေသည်။ တိုးတက်မှုအရင်းခံ အခြေခံပညာရေးသည် အဓိကဖြစ်ပေသည်။ အနာဂတ်ကာလတွင် သာမန်ဘွဲ့တစ်ခုတည်းဖြင့် ရပ်တည်နိုင်ရေး ခက်ခဲလာနိုင်သည်။ ပညာခေတ်တွင် အကျုံးဝင်မည့် ဘွဲ့လွန်ပညာ၊ ပါရဂူပညာတွေပါရရှိလာပြီး အခြားသူများထက် အဖက်ဖက်ကသာလွန်ရေး ကြိုးစားလုံ့လပြုရမည်ဖြစ်သည်။ ငယ်စဉ်အခါ ပညာရှာချိန်တွင် ဆရာ၊ ဆရာမများ သင်ကြားလမ်းညွှန်မှုကိုခံယူလျက် ရည်မှန်းချက်ကိုယ်စီ၊ ဘဝအိပ်မက်ကိုယ်စီဖြင့် ရှေ့သို့ချီတက်ရမည်ဖြစ်သည်။ ပညာသင်ကြားတတ်မြောက်ပြီးချိန်၌လည်း ဆင့်ကဲပညာများ တိုးပွားရရှိအောင် စဉ်ဆက်မပြတ် ကြိုးစားကြရမည်ဖြစ်သည်။ ပညာသင်ယူသည့်တပည့်ဘဝမှ ကိုယ်တိုင်ဆရာ၊ဆရာမအဖြစ် လက်ဆင့်ကမ်းပညာ သင်ကြားမျှဝေပေးနိုင်သည့် နိုင်ငံအားထား လူချွန်လူကောင်းများအဖြစ် ပါဝင်ခွင့်ရှိပေသည်။

မျက်မှောက်ကာလသည် အသိပညာ၊ အတတ်ပညာပြည့်စုံသော ပညာတတ်များ ပေါ်များလာစေရေး ကျောင်းနေအရွယ်ကလေးများအားလုံး စဉ်ဆက်မပြတ် သာတူညီမျှ ပညာသင်ကြားခွင့်အခွင့်အလမ်းများ ပိုင်ဆိုင်ရရှိနေချိန်ဖြစ်သည်။ နိုင်ငံတော်၏ အထူးပညာရေးမျှော်မှန်းဆောင်ရွက်မှုအဖြစ် ကျောင်းအပ်နှံရာတွင် ပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်များ အခမဲ့ရယူလျက် ကျောင်းသား၊ ကျောင်းသူကလေးများ ကျောင်းနေပျော်အောင် စွမ်းဆောင်မှုဖြစ်သည်။ ကျောင်းနေအရွယ် ကျောင်းသား၊ ကျောင်းသူကလေးများ ပညာရေးတွင် ဆုံးခန်းတိုင် ပြီးမြောက်အောင်သင်ယူလျက် ပိုမိုကောင်းမွန်သောပညာရေးစနစ်ကို ဦးတည်အကောင်အထည်ဖော်ရမည်ဖြစ်သည်။ အခြေခံပညာ၊ တက္ကသိုလ်ပညာ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ယူပြီးမြောက်ပြီးနောက် သက်ဆိုင်ရာလုပ်ငန်းခွင်အသီးသီးသို့ ဝင်ရောက်လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများလည်း တစ်ပါတည်း လမ်းပွင့်သွားစေမည်ဖြစ်သည်။

အသိနှင့်ပညာသည် ယှဉ်တွဲတည်ရှိနေသည့် သဘောတရားဖြစ်သည်။ ပညာဖြစ်အောင် ကျင့်ဆောင်ပြီး ဘဝကိုတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ အသိပညာ၊ အတတ်ပညာမရှိလျှင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနှင့် အကောင်း၊ အဆိုးခွဲခြားနိုင်စွမ်းအား နည်းပါးစေသည်။ ပညာတတ်မြောက်ခြင်းသည် မိမိအတွက်သာမက လူ့ဘောင်လောကကို အလှဆင်နိုင်ပြီး နိုင်ငံတော်အနေဖြင့် ပညာတတ်များ ပေါ်များလာခြင်းဖြင့် နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုအခြေအနေကို လျှော့ချသွားနိုင်မည်ဖြစ်သည်။ ပညာရည်ပြည့်ဝမှုနှင့်အတူ ကျင့်ဝတ်သိက္ခာ၊ တာဝန်ယူမှု၊ တာဝန်ခံမှုစရိုက်လက္ခဏာများဖြင့် ငြိမ်းချမ်းသည့် လူ့အဖွဲ့အစည်းကို ဦးဆောင်သွားနိုင်မည်ဖြစ်သည်။ ပညာ၊ ကျန်းမာ စိတ်ချမ်းသာ ဆိုစကားအတိုင်း ပညာသင်ကြားတတ်မြောက်ခြင်းဖြင့် ကျန်းမာရေးအခြေခံကျင့်ဝတ်များလိုက်နာခြင်း၊ သက်တမ်းစေ့နေထိုင်နိုင်ရေး အလေ့အကျင့်ကောင်းများ ကျင့်သုံးခြင်းများပြုလုပ်နိုင်စေသည်။

နိုင်ငံတော်အနေဖြင့် "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့" ဟူသော ဆောင်ပုဒ်ကိုပြဋ္ဌာန်း၍ နိုင်ငံသားတိုင်း ပညာသင်ကြားရေး တိုက်တွန်းအားပေးလျက်ရှိသည်။ ပညာရေးသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အချိုးညီညီ ပေါင်းစပ်နိုင်ခြင်းကြောင့် လူသားရင်းမြစ်တစ်ခုလုံး ပညာတတ်ပေါ်များလာစေရေး အလေးထားအားပေးခြင်းဖြစ်သည်။ လူတိုင်း ပညာသင်ကြားတတ်မြောက်ခြင်းဖြင့် အခြေခံသိသင့်သိထိုက်သည့် ဗဟုသုတတိုးပွားခြင်း၊ လူမှုရေးအသိရှိခြင်း၊ စီးပွားရေးအသိအမြင်များတိုးချဲ့နိုင်ခြင်း၊ မှန်ကန်သောဆုံးဖြတ်မှုကို အထောက်အပံ့ပေးနိုင်ခြင်း အစရှိသော အခြေအနေကောင်းများကို ပိုင်ဆိုင်ရရှိစေသည်။ ပညာရေးနှင့်ပတ်သက်သော ကြီးကျယ်ခမ်းနားသည့်စကားလုံးများဖြင့် မွမ်းမံရမည်ဆိုပါက ပညာလက်နက်သည် ပန်းတိုင်းပွင့်စေနိုင်သည်။ တံတားတွေဆောက်၊ လမ်းတွေဖောက်နိုင်သည်။ အိုးအိမ်တိုက်တာ ဖွံ့ဖြိုးစေရေးအတွက် အစွမ်းထက်လှသည်။

အနှစ်ချုပ်အားဖြင့် ပညာသည် မှောင်မိုက်သော ဘဝခရီးကို လမင်းကြီးပမာ လမ်းပြအလင်းဆောင်စေသည်။ လူ့ဘောင်အနာဂတ်တွင် ပိတ်ဆို့ထားသော အတားအဆီးများ၊ တံခါးချပ်များကို ဖွင့်လှစ်နိုင်သည့် စွယ်စုံရသော့တစ်ချောင်းဖြစ်ပေသည်။ နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် ပညာရေးသည် ဆက်စပ်တည်ရှိနေခြင်းကြောင့် ခွဲခြားမရစွာတည်ရှိနေမည့် အရှိတရားဖြစ်သည်။ အရည်အသွေးမြင့်မားသော လူ့ဘောင်တစ်ရပ်လုံးအတွက် ပညာရေးသည် လူအချင်းချင်း ရင်ပေါင်တန်းနိုင်စေပြီး ယှဉ်ပြိုင်နိုင်စွမ်းအားကို မြင့်တက်စေသည်။ ပညာပြည့်ဝနလုံးလှဆိုစကားနှင့်အညီ စည်းကမ်းသေဝပ်ခြင်း၊ နိုင်ငံတော်ကပြဋ္ဌာန်းထားရှိသည့်ဥပဒေများကို လေးစားလိုက်ခြင်း၊ တာဝန်ကို ရိုသေလေးစားခြင်းအစရှိသော နိုင်ငံသားကောင်းတစ်ယောက်၏ အကျင့်စရိုက်များဖြင့် နိုင်ငံတော်ကို အကျိုးပြုနိုင်သဖြင့် လူတိုင်း ပညာရေးကို အားပေးကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# သူကြောက်ကိုယ်ကြောက် ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN Channel မှ ထုတ်လွှင့်ပြသမည်




**ရန်ကုန် မေ ၈**

သူကြောက်ကိုယ်ကြောက် ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN Channel မှ မေလနောက်ဆုံးပတ်တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ သူကြောက်ကိုယ်ကြောက် ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ထားသည့် သရုပ်ဆောင် ဖြိုးငွေစိုးထံမှ သိရသည်။

သူကြောက်ကိုယ်ကြောက် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒီဒီထက်အောင်က ရေးသားထားပြီး ဒါရိုက်တာ နိုရာကိုက ကုမုဒြာရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော် ရိုက်ကူးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဟာသနဲ့ သည်းထိပ်ရင်ဖိုတွေကိုမှ ကြိုက်တတ်တဲ့သူတွေအတွက် သရဲဟာသ ဇာတ်လမ်းလေးတစ်ပုဒ်ဖြစ်ပါတယ်။ မြို့ပြင်က အိမ်ကြီးတစ်အိမ်မှာ မကျွတ်မလွတ်ရှိနေတဲ့ နှစ်ရှည်သရဲကြီးတွေဖြစ်တဲ့ ဇာတ်မင်းသားနဲ့ ဂျပန်စစ်ဗိုလ်ကြီးတို့ဆီကို လောဘကြီးတဲ့မိသားစုတစ်စု ရောက်လာတဲ့အခါ အဲဒီမိသားစုတွေနဲ့ သရဲကြီးတွေ ဘယ်လိုနှစ်ပါးသွားကြမလဲ။ လောဘကြီးတဲ့ မိသားစုဝင်တွေကို သရဲကြီးတွေက ဆုံးမနိုင်မလား။ မိသားစုဝင်တွေကပဲ သရဲကြီးတွေကို အနိုင်ယူသွားမလား။ ဘယ်သူတွေက အလွဲလွဲအချော်ချော်တွေဖြစ်မလဲဆိုတာကတော့ CANAL+ ZAT LENN Channel က ထုတ်လွှင့်တဲ့အခါ ကြည့်ရှုခံစားပေးကြပါ"ဟု သရုပ်ဆောင် ဖြိုးငွေစိုးက ပြောပြသည်။

အဆိုပါ သူကြောက်ကိုယ်ကြောက် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် မြင့်မြတ်၊ ဖြိုးငွေစိုး၊ ချာလီ၊ အရိုင်း၊ ခင်လှိုင်၊ တင်မောင်ဆန်းမင်းဝင်း၊ ကေညီ၊ နေ့သစ်အေးအောင်၊ ယမုံမြင့်မြတ်၊ တက္ကသိုလ်ဂွမ်းပုံ၊ လင်းလင်းနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Planet of the Apes ဇာတ်ကားသစ် ရိုက်ကူးထုတ်လုပ်ရေးအတွက် ပြင်ဆင်နေ

**နယူးယောက် မေ ၈**

Planet of the Apes ရုပ်ရှင်ဇာတ်ကားသစ်ကို ရိုက်ကူးထုတ်လုပ်ရေးအတွက် ၂၀ ရာစုရုပ်ရှင်စတူဒီယိုက ပြင်ဆင်နေကြောင်း မေ ၇ ရက် သတင်းများအရ သိရသည်။

အဆိုပါ Planet of the Apes ဇာတ်ကားသစ်ကို ဒါရိုက်တာ မက်ရှက်မင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ မက်ရှက်မင်းသည် မာဗယ်စတူဒီယို၏ The Fantastic Four: First Steps ဇာတ်ကားကို ရိုက်ကူးပေးခဲ့သည့် ဒါရိုက်တာဖြစ်သည်။

Planet of the Apes ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျို့ဖရိုက်မင်းက တာဝန်ယူရေးသားမည်ဖြစ်ပြီး Planet of the Apes ဇာတ်ကားများအနက် နောက်ဆုံးထွက်ရှိခဲ့သော ဇာတ်ကားမှာ Kingdom of the Planet of Ape (2024) ဖြစ်ကြောင်း သိရသည်။

အထက်ပါ ဇာတ်ကားသည် အောင်မြင်မှုရရှိခဲ့ပြီး ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၃၉၇ ဒသမ ၃ သန်းထိ ရရှိခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**




# M Entertainment ရုပ်သံလိုင်းနှင့် M Entertainment YouTube Channelတို့မှ သမက်တစ်ယောက်လုံးနွားလုပ်နည်း ရုပ်သံဇာတ်လမ်း ထုတ်လွှင့်ပြသမည်

**ရန်ကုန် မေ ၈**

M Entertainment ရုပ်သံလိုင်းနှင့် M Entertainment You-Tube Channel တို့မှ သမက်တစ်ယောက်လုံး နွားလုပ်နည်း ရုပ်သံဇာတ်လမ်းကို မေ ၁၆ ရက်တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ သီတာလင်းထံမှ သိရသည်။

အဆိုပါ သမက်တစ်ယောက်လုံး နွားလုပ်နည်း ရုပ်သံဇာတ်လမ်းသည် ဒါရိုက်တာ နိုင်လင်း၏ ကက်ဆက်ဇာတ်လမ်းကို ဒါရိုက်တာသီတာလင်းက ဇာတ်ညွှန်းရေးသားကာ တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ထင်ရှားခဲ့တဲ့ ကက်ဆက်ဇာတ်လမ်းတွေကို မေ့မရသော ကက်ဆက်ဇာတ်လမ်းများ အစီအစဉ်အနေနဲ့ ရုပ်သံဇာတ်လမ်းအဖြစ် တင်ဆက်ပေးထားတာဖြစ်ပါတယ်။ မေ့မရသော ကက်ဆက်ဇာတ်လမ်းတွေထဲက ဇာတ်လမ်းတစ်ပုဒ်အနေနဲ့ သမက်တစ်ယောက်လုံး နွားလုပ်နည်း ကက်ဆက်ဇာတ်လမ်းကို အရင်ခေတ်နဲ့မတူတဲ့ အသွင်သစ်တစ်မျိုးလေး ကြည့်ရတော့မှာဖြစ်ပါတယ်။ ကိုယ့်ချစ်သမီးလေးကို အခြားသူရဲ့ ချစ်ဇနီးလေးမဖြစ်ခင် ဆောင်ဖို့ရှောင်ဖို့ ဇာတ်လမ်းလေးပါ။ သမက်နဲ့ ယောက္ခမတို့ကြားက ဖြစ်တတ်ပျက်တတ်ပုံလေးတွေကို ဟာသလေးနှောလို့ ရယ်ရွှင်မှတ်သားဖွယ်ကြည့်ရှုရမှာပါ"ဟု ဒါရိုက်တာ သီတာလင်းက ပြောပြသည်။




သမက်တစ်ယောက်လုံး နွားလုပ်နည်း ရုပ်သံဇာတ်လမ်းတွင် သရုပ်ဆောင်များအဖြစ် မင်းထက်ကိုကို၊ အေဝမ်းသန်းထွဋ်၊ စောယုနန္ဒာ၊ စောမြတ်နိုး၊ သီတာလင်းနှင့်သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

# Star One အက်ရှင်ဇာတ်ကားသစ်ကို ဒါရိုက်တာ ဒေါက်ဂလပ်လီမင် ရိုက်ကူးမည်

**နယူးယောက် မေ ၈**

Star One အမည်ရှိ လျှို့ဝှက်သည်းဖို အက်ရှင်ဇာတ်ကားသစ်ကို ဒါရိုက်တာ ဒေါက်ဂလပ်လီမင်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း မေ ၇ ရက် သတင်းများအရ သိရသည်။

Star One ဇာတ်ကားတွင် မင်းသား မိုင်းတယ်လာနှင့် အက်ဒီရက်မေနီတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

Star One ဇာတ်ကားသည် တစ်ဦးနှင့်တစ်ဦး စရိုက်ချင်းကွဲပြားသော စီအိုင်အေထောက်လှမ်းရေးသမားနှစ်ဦး၏ လှုပ်ရှားမှုများကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Star One ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒေးဗစ်ကိုဂျီရဲက ရေးသားပေးထားသည်။

ဒါရိုက်တာ ဒေါက်ဂလပ်လီမင်သည် Bourne ဇာတ်ကားနှင့် Edge of Tomorrow ဇာတ်ကားများကို ရိုက်ကူးပေးခဲ့သူဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Star One ဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# မင်းလှမြို့နယ် သဲကောကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းနေမှု စစ်ဆေး

**မင်းလှ မေ ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သဲကောကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို မေ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့် ဝန်ထမ်းများက သဲကောကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

သဲကောကျေးရွာ၌ လမ်းတစ်ဖက်လျှင် အရှည်ပေ ၅၉၀၊ အကျယ် နှစ်ပေ၊ အမြင့်ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာကူညီပံ့ပိုး၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ပြေလတတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်းခန့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက သဲကောကျေးရွာရှိ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။ **အေးမြတ်**

# Commander-in-Chief of Defence Services General Ye Win Oo meets officers, other ranks and families from the compound of the Office of the Commander-in-Chief (Army)



Commander-in-Chief of Defence Services General Ye Win Oo meets officers, other ranks and families from the compound of the Office of the Commander-in-Chief (Army).

**Nay Pyi Taw May 8**

Commander-in-Chief of Defence Services General Ye Win Oo met officers, other ranks and families from the compound of the Office of the Commander-in-Chief (Army) at the Zeyathiri Beikman Hall, Nay Pyi Taw this afternoon.

Also present were Daw Nilar, wife of the Commander-in-Chief of Defence Services, Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin and wife, Commander-in-Chief (Navy) Admiral Htein Win and wife, Commander-in-Chief (Air) Lt-Gen Tun Win and wife, Chief of General Staff (Army, Navy and Air) Lt-Gen Ko Ko Oo and wife, senior military officers from Office of the Commander-in-Chief and wives, and the Nay Pyi Taw Command commander.

In his speech, the Commander-in-Chief of Defence Services pointed out the importance of training, saying that obedience, the soul of Tatmadawmen, is the foundation of training. He said good discipline and obedience are the features of a true soldier that guarantee victory. It is difficult to become a true soldier, a person who makes a pledge to sacrifice his life for the country. So, soldiers must love their profession and must serve their duties with pride. Spouses of the soldiers must try to become good companions with pride.

Status and riches cannot be manufactured, because they depend on one's performance and perseverance. Responsible personnel should correctly give remarks and qualifications in the training completion certificates, as qualifications are important in assigning duties. Training schools must fix the qualification levels correctly as they can have an impact on an organization.

The Tatmadaw has issued orders and directives, and all the soldiers must observe the discipline in their daily lives, starting from the mode of dressing to living styles. As discipline consists of both commands and prohibitions, all must follow the orders and directives.

Leadership is of vital importance in the administrative role. Bad leadership weakens trust in the military and harms unity of the military units. Orders cannot be given casually. They must be correct and must carry both the responsibility and accountability. They must fulfil the requirements. A careful decision is needed in punishing a subordinate. Wrong decisions and unnecessary ones may cause losses for the person concerned as well as the Tatmadaw.

Loyalty is of vital importance for Tatmadawmen, who are reciting the Four Oaths daily. As loyalty is powerful, failure to observe it is harmful. Regarding unity, a good relation between the upper levels and lower levels must be set up through mutual respects. Leaders must know their men's qualifications and morality. When it comes to discipline, there are areas that can be pardoned and that cannot be pardoned. Soldiers who commit pardonable offences must be corrected and guided with forgiveness. But the wrongdoings in connection with financial matters, social affairs and narcotic drugs must not be pardoned.

He stated that to be a good soldier, one must avoid involvement in financial matters driven by greed and live with integrity. He emphasized that being indifferent or negligent can destroy an organization, so there should be no leniency in discipline, even for minor matters. He noted that in superior-subordinate relationships, providing accurate reports is crucial, as leaders can only make correct decisions if the true situation is presented. He concluded that there must be accountability and responsibility at every level, and that the actual situation must be reported truthfully.

Regarding health, he stated that personnel must remain healthy and fit to fulfill the primary duty of Tatmadaw, which is national defense. He noted that since health, education, and religion are personal endeavors, each individual must live and practice in a way that maintains good health. Concerning education, he emphasized the need to promote learning to become a Standard Army. He explained that high educational standards are necessary to handle and operate modern military weaponry and equipment, and commanders must make arrangements to facilitate this. He urged that the education of officers and other ranks should not be restricted but rather encouraged and supported. Similarly, he called for the promotion of the education of family members and children, ensuring they complete at least the KG+9 level. He added that for those who are interested or face difficulties continuing high school, arrangements should be made for them to attend technical, agricultural, or veterinary institutes. Furthermore, he noted that preschools have been opened at various battalions and headquarters, and qualified teachers should be appointed to nurture and train the delicate minds of young children.

Furthermore, he stated that a new chapter in education will begin starting from the 2026-2027 academic year. Tatmadaw Youth Education Training Schools will be opened in Yangon and Nay Pyi Taw to provide education at the basic education high school level.

By conducting the courses, new generation youths for national defence will thrive continuously and educated Tatmadaw personnel resources will emerge. Students who have good pass rates and meet the qualifications of the Ministry of Education will be admitted to universities and institutes related to the Tatmadaw, defence services medical courses and computer diploma sergeant/clerk courses with the support of the Tatmadaw.

In connection with agriculture and livestock breeding, benefits can be personally enjoyed by carrying out manageable level agriculture and livestock breeding, which will also generate surplus incomes. The aim of unit-owned agriculture and livestock breeding farms is to support the welfare of the families in the entire units.

Female personnel are a branch of strength for the Tatmadaw and are performing duties in various fields in the Tatmadaw responsibly. Officers and other ranks are required to take care of them by offering them helping hands as good colleagues like their fathers, brothers and one's own offspring. Female personnel are required to avoid wearing costumes that will damage the image of one's own institution and to be cautious about being too modern. Female personnel are required to avoid six causes that lead to the disadvantages for women.

As war veterans are hardcore of the Tatmadaw, they are required to support the needs of nearby units. It is necessary to support the needs of war veterans including health and education. In the same way people's military service personnel are appreciated and honoured as they perform duties responsibly during the emergencies of the country as good citizens. Measures are being taken to fulfill the need for job opportunities for those who have performed duties responsibly and provide appropriate benefits. Moreover, there are some people's military service personnel who have continued to perform duties in the Tatmadaw out of their own volition and they are warmly welcome. Therefore, responsible officers are required to offer helping hands to such people's military service personnel out of the spirit of a father, a brother and a comrade.

In performing duties, Tatmadaw personnel are required to do their work out of goodwill and loyalty without expecting opportunities and higher ranks. By performing duties responsibly in such ways, they are required to build themselves to be successful Tatmadaw personnel. It is reported that (the Commander-in-Chief of Defence Services) also attended to the needs of officers, other ranks and families. 100

# Buildings, equipment, and individuals involved in carrying out online fraud and gambling operations apprehended near Laihka Township and Keng Tawng Town in Shan State (South)


Photo documentation of the arrest of 6 Chinese nationals who committed illegal online gambling near Keng Tawng Town.

Those who had committed online fraud and gambling in Laihka Township.


The 25 arrested Chinese nationals (male).

Those who had committed online fraud and gambling in Laihka Township.


The 5 arrested Myanmar nationals (female).

The buildings, operational equipment, and related items used in committing online fraud and gambling in Laihka Township.


The seized residential tent.

The buildings, operational equipment, and related items used in committing online fraud and gambling in Laihka Township.


Documentation photo of 2 seized power stations.


Documentation photo of approximately 90 seized various damaged phones.

**Nay Pyi Taw May 8**

The Government of Myanmar is actively addressing the fight against online fraud and online gambling, which pose a global threat, as a national duty. It is working vigorously to ensure that such activities cannot establish a foothold in Myanmar, collaborating not only with domestic forces but also coordinating with neighbouring governments.

As part of these efforts, security joint task forces have been conducting clearance operations, searches, and inspections to prevent those engaged in online fraud and gambling from basing themselves in Myanmar and carrying out such activities. This morning, in the area of Seesaw Village, Laihka Township, Southern Shan State, approximately 6,800 meters southeast of the village, authorities arrested 13 Chinese nationals (male) and 5 Myanmar nationals (female) — a total of 18 people — involved in committing online fraud and gambling. Seized items included two residential tents (120 feet long by 30 feet wide), one operational tent (120 feet long by 30 feet wide), one kitchen tent (80 feet long by 30 feet wide), two all-in-one units, one medium generator, two large power stations, and 90 various damaged phones.

Continuing their clearance and search operations, security joint task forces subsequently arrested an additional 12 Chinese nationals (male) engaged in online fraud and gambling, approximately 6,000 meters southeast of Seesaw Village.

Similarly, this afternoon, near the Mongpan–Keng Tawng road, about 12,000 meters south of Keng Tawng Town, Mongpan Township, Southern Shan State, six more Chinese nationals (male) were arrested for committing illegal online gambling.

Once necessary investigations into those arrested for these online fraud and gambling activities are completed, they will be effectively and severely prosecuted in accordance with existing laws. The confiscated operational equipment will be handled in line with established procedures.

The state continues to actively cooperate with neighbouring countries, regional nations, and international organizations to eradicate online fraud and gambling and to prevent such activities from taking root in Myanmar, advancing the fight against online fraud and gambling. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်က ဒေါ်လာ သန်း ၁၅၀ တန်ဖိုးရှိ Bell 505 Jet Ranger X ရဟတ်ယာဉ်များ ဖိလစ်ပိုင်သို့ ရောင်းချရန် အတည်ပြု



အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဖိလစ်ပိုင်နိုင်ငံသို့ အမေရိကန်ဒေါ်လာ သန်း ၁၅၀ တန်ဖိုးရှိ Bell 505 Jet Ranger X ရဟတ်ယာဉ်များ ရောင်းချမည့် အစီအစဉ်ကို အတည်ပြုလိုက်ပြီဖြစ်ကြောင်း The Defense Post သတင်းဌာနက မေ ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ အရောင်းအဝယ် အစီအစဉ်တွင် Bell 505 ရဟတ်ယာဉ် အစင်းရေ ၂၂ စင်းနှင့်အတူ ပျံသန်းမှုလေ့ကျင့်ရေးစနစ်များ၊ အပိုပစ္စည်းများ၊ ပြုပြင်ထိန်းသိမ်းရေးကိရိယာများနှင့် ရဟတ်ယာဉ်စခန်းနှစ်ခုအတွက် လိုအပ်သောမြေပြင်အထောက်အကူပြု ပစ္စည်းများပါဝင်မည်ဖြစ်သည်။ ထို့ပြင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအတွက် သင်တန်းသားခြောက်ဦးကို ရဟတ်ယာဉ်ပြုပြင်ထိန်းသိမ်းမှုသင်တန်း၊ နောက်ထပ်သင်တန်းသားခြောက်ဦးကို ပေါင်းစပ်ထောက်ပံ့ပို့ဆောင်ရေး လေ့ကျင့်မှုသင်တန်း နှင့် ၂၂ ဦးကို အင်ဂျင်ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ နည်းပညာလွှဲပြောင်းပေးမှု စသည်တို့ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်အစိုးရသည် ဤအစီအစဉ်ကို အကောင်အထည်ဖော်ရန် ဖိလစ်ပိုင်နိုင်ငံသို့ ကိုယ်စားလှယ်တစ်ဦး စေလွှတ်ထားမည်ဖြစ်ပြီး သုံးနှစ်ကြာ စီမံကိန်း သုံးသပ်မှုများကိုလည်း နှစ်စဉ်ပြုလုပ်သွားမည်ဖြစ်သည်။ ဝါရှင်တန်၏ ထုတ်ပြန်ချက်အရ ဤသို့စစ်ဘက်ပစ္စည်းများ ရောင်းချခြင်းသည် အရှေ့တောင်အာရှ၏ နိုင်ငံရေးတည်ငြိမ်မှု၊ ငြိမ်းချမ်းရေးနှင့် စီးပွားရေးတိုးတက်မှုတို့အတွက် အရေးပါသော မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေလိမ့်မည်ဖြစ်ကြောင်း သိရသည်။ Bell 505 Jet Ranger X ရဟတ်ယာဉ်များ ရရှိခြင်းဖြင့် ဖိလစ်ပိုင်လေတပ်သည် ၎င်းတို့၏ လေ့ကျင့်ရေးပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မည်ဖြစ်ပြီး၊ လေယာဉ်မှူးများ၏ အရည်အချင်းကို မြှင့်တင်ပေးကာ ပိုမိုအဆင့်မြင့်သော လေယာဉ်အမျိုးအစားများသို့ ကူးပြောင်းမောင်းနှင်နိုင်ရန်အတွက် အထောက်အကူပြုမည်ဖြစ်သည်။


Bell 505 Jet Ranger X ကို Bell Textron ကုမ္ပဏီမှ တိုက်ခိုက်ရေး၊ လေ့ကျင့်ရေးနှင့် ဆေးဘက်ဆိုင်ရာ လူနာတင်ပို့ခြင်းလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ပေါ့ပါးသွက်လက်သော ရဟတ်ယာဉ်အမျိုးအစားအဖြစ် တီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်။ ဤရဟတ်ယာဉ်ကို စစ်ဘက်ဆိုင်ရာတွင်သာမက စီးပွားရေးလုပ်ငန်းများနှင့် အားကစားဆိုင်ရာပျံသန်းမှုများတွင်လည်း အသုံးပြုနိုင်သည်။

Bell 505 Jet Ranger X ရဟတ်ယာဉ်သည် ခရီးသည်ငါးဦးထိ လိုက်ပါစီးနင်းနိုင်သည့် အမျိုးအစားဖြစ်ပြီး ကိုယ်ထည်အရှည် ၄၃ ပေ (၁၃ မီတာ)နှင့် ပန်ကာအချင်း မီတာ ၃၇ ပေ (၁၁ မီတာ) ရှိသည်။ ၎င်းတွင် မြင်းကောင်ရေ ၅၀၅ အား ထုတ်ပေးနိုင်သော Safran Arrius 2R turboshaft အင်ဂျင်တစ်လုံးကို အဓိကတပ်ဆင်ထားပြီး တိုက်ခိုက်ရေး၊ လေ့ကျင့်ရေးနှင့် ဆေးဘက်ဆိုင်ရာလုပ်ငန်းများအတွက် အထူးသင့်လျော်သော အပေါ့စားရဟတ်ယာဉ် အမျိုးအစားဖြစ်ကြောင်း သိရသည်။

စွမ်းဆောင်ရည်ပိုင်းအနေဖြင့် ဤရဟတ်ယာဉ်၏ စစ်ဘက်သုံးအမျိုးအစားသည် တစ်နာရီလျှင် ကီလိုမီတာ ၂၅၀ ခန့် အရှိန်ဖြင့် အမြန်ဆုံးပျံသန်းနိုင်ပြီး ရေမိုင် ၃၀၆ မိုင် (၅၆၆ ကီလိုမီတာခန့်) အကွာအဝေးထိ ရောက်ရှိနိုင်စွမ်းရှိသည်။ ထို့ပြင် ပေပေါင်း ၁၈၆၁၀ (မီတာ ၅၆၇၀) အမြင့်ထိ တက်ရောက်ပျံသန်းနိုင်ကာ စုစုပေါင်း ပျံသန်းမှုကြာချိန် လေးနာရီထိ ခံနိုင်ရည်ရှိကြောင်း သိရသည်။

**US Greenlights Jet Ranger X Helicopter Sale to Philippines ကို ဘာသာပြန်ဆို ထားပါသည်။**

## အမေရိကန်အခြေစိုက် Teledyne FLIR OEM ကုမ္ပဏီက ဒရုန်းများကို ထောက်လှမ်းနိုင်သည့် "Prism C-UAS" ဆော့ဖ်ဝဲလ်စနစ်သစ်ကို မိတ်ဆက်



အမေရိကန်အခြေစိုက် Teledyne FLIR OEM ကုမ္ပဏီက ဒရုန်းများကို ထောက်လှမ်းနိုင်သည့် "Prism C–UAS" အမည်ရှိ ဆော့ဖ်ဝဲလ်စနစ်သစ်ကို မိတ်ဆက်လိုက်ပြီဖြစ်ကြောင်း Next Gen Defense သတင်းဌာနက မေ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤစနစ်သည် အနီအောက်ရောင်ခြည်သုံး အပူလှိုင်းပုံရိပ်ဖော်စနစ် (IR Thermal Image Processing) ကို ဉာဏ်ရည်တု (AI) နည်းပညာနှင့် ပေါင်းစပ်ထားခြင်းဖြစ်သည်။ အလွန်အလှမ်းဝေးသော နေရာတွင် အစက်အပြောက်ကလေးအဖြစ်သာမြင်တွေ့ရပြီး ပုံရိပ်စနစ်အရ (၄) ပစ်ဇယ် (4 Pixels) အောက်သာရှိသည့် သေးငယ်လွန်းသော ဒရုန်းများကိုပင် မှန်ကန်စွာ ခွဲခြားသတ်မှတ်နိုင်စွမ်းရှိသည်။

ထို့ပြင် ကုမ္ပဏီ၏ကိုယ်ပိုင်နည်းပညာဖြစ်သော ပုံရိပ်စစ်ထုတ်သည့်စနစ်ကို အသုံးပြုထားသောကြောင့် အပူလှိုင်းပုံရိပ်များတွင် ပါဝင်နေသည့် နောက်ခံဆူညံသံများနှင့် အနှောင့်အယှက်များကို ဖယ်ရှားပေးကာ ဝေဝါးနေသော ပုံရိပ်များကို ပိုမိုကြည်လင်ပြတ်သားစေသည်။ ထိုသို့ ဆောင်ရွက်နိုင်ခြင်းကြောင့် အဝေးကွာဆုံးနေရာမှ ရွေ့လျားနေသည့် ပစ်မှတ်အသေးစားများကို နောက်ခံမြင်ကွင်းများကြားမှ ပေါ်လွင်ထင်ရှားစေပြီး ဒရုန်းထောက်လှမ်းနိုင်သည့် အကွာအဝေးကိုလည်း ပိုမိုတိုးတက်ကောင်းမွန်စေမည်ဖြစ်ကြောင်း သိရသည်။

ပစ်မှတ်များကို ရှာဖွေထောက်လှမ်းမိသည်နှင့်တစ်ပြိုင်နက် ဦးစွာပထမ ဉာဏ်ရည်တု (AI) အခြေခံအရာဝတ္ထုခွဲခြားမှုစနစ်ဖြင့် အသေးစိတ်စစ်ဆေးဆန်းစစ်ပြီးနောက် ပစ်မှတ်အမျိုးမျိုးကို တစ်ပြိုင်နက်တည်း ခြေရာခံနိုင်သည့်စနစ်ဖြင့် ဆက်လက်ဆောင်ရွက်သည်။ ထိုသို့ဆောင်ရွက်ခြင်းကြောင့် မှားယွင်းထောက်လှမ်းမိမှုများကို လျှော့ချပေးနိုင်ပြီး ထောက်လှမ်းမှုရလဒ်များကို ပိုမိုတိကျခိုင်မာစေသည်။

Prism C–UAS စနစ်သည် Teledyne ကုမ္ပဏီထုတ် Boson+ နှင့် Neutrino IR ကင်မရာအမျိုးအစားများမှ အချက်အလက်များကို လက်ခံအသုံးပြုနိုင်သည့်အပြင် သမားရိုးကျမြင်နိုင်စွမ်းရှိသော အလင်းရောင်သုံး အာရုံခံကိရိယာများနှင့်လည်း တွဲဖက်အသုံးပြုနိုင်သဖြင့် နယ်ပယ်စုံသုံးပုံစံဖြင့် တပ်ဆင်အသုံးပြုနိုင်သည်။

ယခုနည်းပညာသစ်သည် အရေးပါသော နေရာများအနီးတွင် ဒရုန်းများကျူးကျော်ပျံသန်းမှု တိုးပွားလာနေသည့် အခြေအနေတွင် ပေါ်ထွက်လာခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စု လေကြောင်းဦးစီးဌာန (FAA) ၏ အစီရင်ခံစာအရ အမေရိကန်လေဆိပ်များ အနီးတွင် တစ်လလျှင် ဒရုန်းကျူးကျော်မှု အကြိမ်ရေ ၁၀၀ ကျော်ရှိနေပြီး ပြည်ထဲရေးလုံခြုံရေးဝန်ကြီးဌာန (DHS) ၏ မှတ်တမ်းများအရ ၂၀၂၄ ခုနှစ် ဒုတိယနှစ်ဝက်အတွင်း အမေရိကန်-မက္ကဆီကို နယ်စပ်အနီးတွင် ဒရုန်းပျံသန်းမှု အကြိမ်ရေ ၆၀၀၀၀ ကျော် ရှိခဲ့ကြောင်း သိရသည်။

Prism C–UAS စနစ်သည် ထိုကဲ့သို့သော ပတ်ဝန်းကျင်မျိုးတွင် ဒရုန်းများကို ကြိုတင် ထောက်လှမ်းနိုင်စွမ်းနှင့် ခြေရာခံနိုင်စွမ်းကိုမြှင့်တင်ရန် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်သည်။

"Prism C–UAS ဟာ ၂ x ၂ ပစ်ဇယ် (2 x 2-pixel) အောက်ထိ သေးငယ်တဲ့ ဒရုန်းတွေကို ထောက်လှမ်းနိုင်စွမ်းရှိပြီး သမားရိုးကျစနစ်တွေထက် ပိုမိုဝေးကွာတဲ့ အကွာအဝေးကနေ သိရှိနိုင်မှာဖြစ်ပါတယ်" ဟု Teledyne FLIR OEM မှ ဒုတိယဥက္ကဋ္ဌ ဂျဲရက် ဖာရာဒို (Jared Faraudo) က ပြောကြားခဲ့သည်။

၎င်းစနစ်သည် အဆင့်မြင့်အပူလှိုင်းဒေတာများကို ခေတ်မီကာကွယ်ရေးစနစ်များအတွက် အသုံးချနိုင်သည့် ထောက်လှမ်းရေး သတင်းအချက်အလက်များအဖြစ် ပြောင်းလဲပေးနိုင်မည်ဖြစ်သည်။ ဤနည်းပညာသစ်ကို အမေရိကန်ပြည်ထောင်စု မေရီလန်းပြည်နယ်တွင် ကျင်းပသည့် SPIE Defense + Commercial Sensing 2026 ပြပွဲ၌ ပထမဆုံးအကြိမ် ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သည်။

**Seeing What's Barely There: Teledyne Releases New Tool for Sub-Pixel Drone Detection ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၃၅၇၁၀ စိုက်ပျိုးမည်


ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၃၅၇၁၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၃၅၇၁၀ စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုလက်ရှိအချိန်မှာတော့ မြေပဲများ စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများ ထွန်ယက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ မြေပဲကေ ၃၅၇၁၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မြေပဲစိုက်ပျိုးမှုကို ဒီလထဲမှာ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရေးတို့အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက် မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက ကွင်းဆင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ကွမ်းသီးအနု ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး မေ ၈**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ကွမ်းသီးအနု ပိဿာချိန် ၇၉၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြည်စန်းက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း သီးအနု ပိဿာချိန် ၅၄၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလတစ်လအတွင်း ကွမ်းသီးအနု ပိဿာချိန် ၇၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးအနုများ တင်ပို့အားကောင်းလာခြင်းသည် ပြည်တွင်းဈေးကွက်မှ ကွမ်းသီးအနုများ အဝယ်လိုက် နေခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

''ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ကွမ်းသီးအနု ပိဿာချိန် ၇၉၀၀၀ ထိ ဧပြီလထဲမှာ တင်ပို့ရောင်းချခဲ့ပါတယ်။ ကွမ်းသီးအနုတွေ အမှာကုန်များလာလို့ ရန်ကုန်ဘက်ကို တင်ပို့ကုန် အများအပြားတင်ပို့ခဲ့ရခြင်းဖြစ်ပါတယ်။ လက်ရှိ ကွမ်းသီးအနု တစ်ပိဿာကို ငွေကျပ် ၁၀၅၀၀ ထိ ဈေးပေါက်နေပါတယ်။ လက်ရှိ ကွမ်းသီးတွေ အရောင်းအဝယ် ကောင်းနေတော့ ကွမ်းသီးစိုက်သူတွေ လုပ်ငန်းအဆင်ပြေလာတာတွေ့ရပါတယ်" ဟု ဘိုကလေးမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်စန်းက ပြောပြသည်။



ဘိုကလေးမြို့နယ်က ထွက်ရှိသည့် ကွမ်းသီးအနုများကို ကုန်သည်များက ကွမ်းသီးခြံများ အရောက်သွားရောက် ဝယ်ယူပြီး စနစ်တကျရွေးချယ်ကာ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကြို့ပင်ကောက်မြို့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်သင်တန်းဖွင့်

**ကြို့ပင်ကောက် မေ ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်း ရရှိစေရန်နှင့် မိသားစုဝင်ငွေများ တိုးပွားစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၇ ရက်နေ့ နံနက်ပိုင်းက အဆိုပါ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မင်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က သင်တန်းဖွင့်လှစ်ဆောင်ရွက်ရခြင်း၏အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး သင်တန်းသားများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်သင်တန်းကို ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ဦးရေ ၂၀ ကို ကျွမ်းကျင်နည်းပြနှစ်ဦးက ပန်းရန်ပြုလုပ်နည်းများကို မေ ၇ ရက်မှ မေ ၂၀ ရက်ထိ စာတွေ့လက်တွေ့အခမဲ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က ပြောပြ၍ သိရသည်။

**သန်းလွင်(မကွေး)**




# မိုင်းယန်းမြို့နယ် ယန်းခိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး



**မိုင်းယန်း မေ ၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျှော့ချစေရန်ရည်ရွယ်၍ယန်းခိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို မေ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ယန်းခိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၉ ဒသမ ၅ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ လအလိုက်ဖြည့်သွင်းရသည့်စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးရန်ကျော်က တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးပွားလာစေရန် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ယန်းခိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ စုစုပေါင်း ၁၇ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၃၉ ဒသမ ၅ သန်းကို ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော် ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**



☆ **ကျောဖုံးမှအဆက်**

ထိုသို့တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် လေ့ကျင့်ရေးသည် အရေးကြီးပြီး တပ်မတော်သားများ၏ အသက်ခန္ဓာဖြစ်သော အမိန့်နာခံတတ်မှုသည် လေ့ကျင့်ရေးမှ အခြေခံခြင်းဖြစ်ကြောင်း၊ အမိန့်နာခံမှုရှိပြီး စည်းကမ်းကောင်းမွန်မှုသည် စစ်သည်တော်ကောင်းတစ်ဦး၏ အင်္ဂါရပ်ပင်ဖြစ်ကြောင်း၊ အမိန့်နာခံမှုနှင့် စည်းကမ်းလိုက်နာမှု အားကောင်းပါက အောင်မြင်မှုများစွာရရှိမည်ဖြစ်ကြောင်း၊ တပ်မတော်သားဘဝသည် ရခဲသောဘဝဖြစ်၍ အသက်ကိုစွန့်လွှတ်ရန် သစ္စာပြုထားသူများဖြစ်သည့်အတွက် မိမိ တပ်မတော်သားဘဝကို ချစ်မြတ်နိုး၍ ဂုဏ်ယူစွာ တာဝန်ထမ်းဆောင်ကြရန်လိုကြောင်း၊ တပ်မတော်သား ဇနီး၊ မယားများသည်လည်း ဂုဏ်ယူစွာဖြင့် ပါရမီဖြည့်ဖက်ကောင်းများဖြစ်အောင် ကြိုးစားကြရန်လိုကြောင်း။

ရာထူးနှင့်ဥစ္စာသည် လုပ်ယူ၍မရကြောင်း၊ မိမိ၏လုပ်ဆောင်မှု၊ ကြိုးစားအားထုတ်မှုနှင့် ကိုက်ညီသောအခြေအနေကိုသာ ရရှိနိုင်ကြောင်း၊ သင်တန်းကျောင်းများ၏ သင်တန်းဆင်းမှတ်ချက်နှင့် အရည်အချင်းသတ်မှတ်ချက်များသည် မှန်ကန်နေရန်လိုကြောင်း၊ သင်တန်းဆင်းအရည်အချင်းသတ်မှတ်ချက်သည် တာဝန်ပေးအပ်မှုတွင် အရေးပါသဖြင့် အရေးကြီးကြောင်း၊ ၎င်းကွပ်ကဲနေသည့် အဖွဲ့အစည်းပေါ်တွင် သက်ရောက်မှုများရှိ၍ သင်တန်းကျောင်းများက မှန်ကန်သော အရည်အချင်းအရ သတ်မှတ်ပေးရန်လိုကြောင်း၊ တပ်မတော်တွင် ထုတ်ပြန်ထားသော အမိန့်နှင့်ညွှန်ကြားချက်များရှိကြောင်း၊ တပ်မတော်သားများ ဖြစ်သည့်အတွက် ဝတ်စားဆင်ယင်မှု၊ သွားလာနေထိုင်မှုက အစ စည်းကမ်းစနစ်တကျရှိရန်လိုအပ်ပြီး စည်းကမ်းသည် တိုက်တွန်းချက်၊ တားမြစ်ချက်ပင်ဖြစ်၍ ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များကိုလည်း လိုက်နာကြရန် လိုကြောင်း။

အုပ်ချုပ်ရေးပိုင်းတွင် ခေါင်းဆောင်မှုသည်လည်းလွန်စွာအရေးကြီးပြီး ခေါင်းဆောင်မှုမကောင်းလျှင် လက်အောက်၏ယုံကြည်အားကိုးမှုကျဆင်း၍ တပ်တွင်းစည်းလုံးညီညွတ်မှုကိုထိခိုက်စေကြောင်း၊ အမိန့်သည် ပြီးစလွယ်ပေး၍မရကြောင်း၊ မှန်ကန်သည့် အမိန့်ဖြစ်ရန်နှင့် တာဝန်ခံမှု၊ တာဝန်ယူမှုရှိရန်လိုပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ မိမိ လက်အောက်သို့ အရေးယူအပြစ်ပေးရာတွင် မဆုံးဖြတ်မီ သေချာစွာစဉ်းစားသုံးသပ်ရန်လိုကြောင်း၊ မလိုလားအပ်သောဆုံးဖြတ်ချက်အလွဲများကြောင့် ကာယကံရှင်တွင် နစ်နာမှုများရှိသကဲ့သို့ တပ်မတော်အတွက်လည်း ဆုံးရှုံးမှုများဖြစ်စေကြောင်း။

တပ်မတော်သားများအနေဖြင့် သစ္စာရှိရန်အထူးလိုအပ်ပြီး သစ္စာအဓိဋ္ဌာန် လေးချက်ကိုနေ့စဉ်ရွတ်ဆိုနေသူများဖြစ်ကြောင်း၊ သစ္စာသည်စွမ်းအားထက်မြက်သဖြင့် သစ္စာပျက်ယွင်းချိုးဖောက်မှုများသည် ဘေးအန္တရာယ်ဖြစ်စေကြောင်း၊ စည်းရုံးရေးနှင့်ပတ်သက်၍ အထက်အောက်အပြန်အလှန်လေးစားမှုဖြင့် ကောင်းမွန်သောဆက်ဆံရေးရှိရန် လိုကြောင်း၊ ခေါင်းဆောင်များသည် မိမိကွပ်ကဲအုပ်ချုပ်ရသူများ၏ အရည်အသွေးနှင့် အကျင့်စာရိတ္တကို သိရှိရန်လိုကြောင်း၊ စည်းကမ်းနှင့်ပတ်သက်၍ခွင့်လွှတ်၍ရသည်ကို ခွင့်လွှတ်၍ ခွင့်လွှတ်၍မရသည်ကို ခွင့်လွှတ်မပေးရန်လိုကြောင်း၊ ခွင့်လွှတ်၍ရသည်များကို နားလည်ခွင့်လွှတ်သွန်သင်ထိန်းကျောင်းပေးသွားရန်လိုကြောင်း၊ ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စ၊ မူးယစ်ဆေးဝါးကိစ္စစသည့် ပြစ်မှုများသည် ခွင့်လွှတ်၍မရကြောင်း။

တပ်မတော်သားကောင်း တစ်ယောက်ဖြစ်ရန်အတွက် မတော်လောဘဖြင့်ငွေကြေးဆိုင်ရာကိစ္စရပ်များတွင် ပါဝင်ပတ်သက်မှုမပြုရန်နှင့် ကင်းရှင်းစွာနေထိုင်ရန်လိုကြောင်း၊ ဘာသိဘာသာနေခြင်းသည် အဖွဲ့အစည်းကိုပျက်စီးစေနိုင်၍ စည်းကမ်းပိုင်းတွင် အသေးအဖွဲမှစ၍ လျှော့ပေါ့မပေးရန်လိုကြောင်း၊ အထက်အောက်ဆက်ဆံရေးတွင် မှန်မှန်ကန်ကန်တင်ပြမှုသည်အရေးကြီး၍ အခြေအနေမှန်ကို တင်ပြနိုင်မှသာ ခေါင်းဆောင်များ မှန်ကန်စွာဆုံးဖြတ်နိုင်မည်ဖြစ်ကြောင်း၊ အဆင့်လိုက် တာဝန်ခံမှု၊ တာဝန်ယူမှုရှိပြီး အခြေအနေမှန်ကို တင်ပြပေးရန်လိုကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်၍ တပ်မတော်၏ အဓိကတာဝန်ဖြစ်သော နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နိုင်ရန် ကျန်းမာ၊ ကြံ့ခိုင်နေရန်လိုကြောင်း၊ ကျန်းမာရေး၊ ပညာရေး၊ ဘာသာရေးတို့သည် ကိုယ်တိုင်လုပ်ယူရသည့်ကိစ္စဖြစ်၍ ကျန်းမာရေးကောင်းမွန်ရန်တစ်ဦးချင်းကျင့်ကြံနေထိုင်ရန်လိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍

**၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစတင်၍ ပညာရေးနှင့်ပတ်သက်သည့် ကဏ္ဍသစ်တစ်ခုကို စတင်ဖော်ဆောင်ရန်ရှိပြီး တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများကို ရန်ကုန်နှင့် နေပြည်တော်တွင် စတင်ဖွင့်လှစ်၍ အခြေခံပညာအထက်တန်းအဆင့် ပညာရပ်များကို သင်ကြားပေးသွားမည်ဖြစ်၊ ထိုသို့ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် လူငယ်မျိုးဆက်သစ်ကောင်းများ စဉ်ဆက်မပြတ် ထွန်းကားလာမည့်အပြင် ပညာပြည့်ဝသည့် တပ်မတော်သားအရင်းအမြစ်ကောင်းများလည်း ပေါ်ထွန်းလာမည်ဖြစ်၊ အတန်းစဉ်ကူးပြောင်းမှုကောင်းပြီး ပညာရေးဝန်ကြီးဌာန၏ သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီသည့် ကျောင်းသားများကို တပ်မတော်ဆိုင်ရာ တက္ကသိုလ်များနှင့် သိပ္ပံကျောင်းများ၊ တပ်မတော်ဆေးဘက်ဆိုင်ရာပညာသင်တန်းများ၊ ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေးသင်တန်းများထိ တပ်မတော်၏ ကူညီဖြည့်ဆည်းပေးမှုများနှင့် ဆက်လက်တက်ရောက်နိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ် . . .**

# ပို့ကုန်တင်ပို့ပြီး ပို့ကုန်ရငွေများ အချိန်မီပြန်လည်ဝင်ရောက်ရေးကိစ္စရပ်များ၊ စက်သုံးဆီ၊ စားသုံးဆီဖြန့်ဖြူးမှုကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးနှင့် CMP လုပ်ငန်းများပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် မေ ၈

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ (၁/၂၀၂၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရုံးအမှတ်(၃) အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဗဟိုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ (၁/၂၀၂၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဦးထွန်းအုံ က ယခုဘဏ္ဍာနှစ်တွင် ပို့ကုန်လျာထားချက်၏ နှစ်ဆပြည့်မီအောင် အလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ပြည်ပသို့ပို့ကုန်များ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးနှင့်စပ်လျဉ်း၍ ပို့ကုန်လုပ်ငန်းရှင်များ၏ အခက်အခဲများကို သိရှိနားလည်အောင်လေ့လာပြီး သက်ဆိုင်ရာကဏ္ဍများအလိုက် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအချင်းချင်းပေါင်းစပ်ညှိနှိုင်းပြီး ကူညီဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပို့ကုန်တင်ပို့ပြီး ပို့ကုန်ရငွေများ အချိန်မီပြန်လည်ဝင်ရောက်ရေးကိစ္စရပ်များ၊ စက်သုံးဆီ၊ စားသုံးဆီဖြန့်ဖြူးမှုကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးနှင့် CMP လုပ်ငန်းများ ပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်ပထွက်ခွာလိုသူ ပြည်သူများသို့ အသိပေးကြေညာချက်

၁။ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကိုသက်ဆိုင်ရာ လဝကမြို့နယ်ရုံးအားလုံး၌ ဥပဒေနှင့်အညီစိစစ်၍ အခမဲ့ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။

၂။ သို့ရာတွင် ပြည်ပထွက်ခွာလိုသည့် ပြည်သူများအနေဖြင့် ၎င်းတို့နှင့်သက်ဆိုင်သည့် လဝကမြို့နယ်ရုံးများ၌ UID နံပါတ်ဆောင်ရွက်ထုတ်ယူခဲ့ခြင်းမရှိဘဲ နယ်စပ်ဒေသများရှိ UID လုပ်ငန်းဆောင်ရွက်သည့်နေရာများ၌သာ UID နံပါတ်ရရှိရေးအတွက် အရေးတကြီးပြုလုပ်ဆောင်ရွက်လျက်ရှိကြသဖြင့် ယင်းနေရာ၌သာ လူစုလူဝေးများဖြစ်ပေါ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုအချိန်နှောင့်နှေးကြန့်ကြာခြင်းများဖြစ်ပေါ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပထွက်ခွာလိုသူ ပြည်သူများအနေဖြင့် သက်ဆိုင်ရာလဝက မြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်၍ UID နံပါတ်ကြိုတင်ထုတ်ယူဆောင်ရွက်ထားကြပါရန်နှင့် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebook စာမျက်နှာဖြစ်သည့် www.facebook.com/ eIDDept မှတစ်ဆင့် ဆက်သွယ်တိုင်ကြားဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

လျှပ်စစ်မီတာခ
သက်သာဖို့
LED ပစ္စည်း
သုံးကြစို့။

**ပြည်သူ့စစ်မှုထမ်းများသည် နိုင်ငံတော်အတွက် အရေးကြုံချိန် နိုင်ငံသားကောင်း တစ်ယောက်ပီသစွာဖြင့် တာဝန်ကျေပွန်စွာထမ်းဆောင်နေကြသူများဖြစ်၍ အသိအမှတ်ပြု ကျေးဇူးတင်ဂုဏ်ပြု၊ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများကိုလည်း အလုပ်အကိုင် အခွင့်အလမ်းများအတွက် လိုအပ်သည်များ စီမံဆောင်ရွက်ပေးလျက်ရှိပြီး ထိုက်သင့် သော အကျိုးခံစားခွင့်များကို ပေးအပ်ချီးမြှင့်ခဲ့၊ ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်လိုသည့်အတွက် ကိုယ်တိုင်ဆန္ဒပြု၍ တပ်မတော်တွင် ဆက်လက်တာဝန်ထမ်းဆောင်နေကြသူများလည်းရှိ၍ ဝမ်းမြောက်စွာ ကြိုဆို၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် အဆိုပါပြည်သူ့စစ်မှုထမ်းများကို ဖခင် စိတ်ဓာတ်၊ ညီအစ်ကိုစိတ်ဓာတ်၊ ရဲဘော်ရဲဘက်စိတ်ဓာတ်တို့ဖြင့် လက်တွဲခေါ်ယူရန်လို . . .**

Standard Army ဖြစ်ရန် ပညာရေးကို မြှင့်တင်သွားရန်လိုကြောင်း၊ ခေတ်မီ စစ်လက်နက်ပစ္စည်းကိရိယာများ ကိုင်တွယ် အသုံးချနိုင်ရန် ပညာရည်မြင့်မားရန်လိုအပ် ၍ တပ်မှူးများက စီမံဆောင်ရွက်ပေးရန်လို ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ အရာရှိ၊ စစ်သည်များ၏ပညာရေးကို ပိတ်ပင်ခြင်း မပြုရန်နှင့် လမ်းဖွင့်ပေးရန်၊ ဖြည့်ဆည်းပေး ရန်လိုကြောင်း၊ အလားတူ မိသားစုဝင်သား သမီးများ၏ ပညာရေးကိုလည်း အားပေးမြှင့် တင်ရန်နှင့် အနည်းဆုံး KG+9 အဆင့် အောင်မြင်ရန်လိုပြီး ဝါသနာအရဖြစ်စေ၊ အထက်တန်းပညာရေးကို ဆက်လက်တက် ရောက်ရန်အခက်အခဲရှိ၍ဖြစ်စေ၊ စက်မှု သိပ္ပံကျောင်းများ၊ စိုက်ပျိုးရေးသိပ္ပံကျောင်း များ၊ မွေးမြူရေးသိပ္ပံကျောင်းများသို့ ဆက်လက်တက်ရောက်နိုင်ရန် ဆောင်ရွက် ပေးရန်လိုကြောင်း၊ တပ်ရင်း၊ဌာနချုပ် အသီးသီး၌ မူကြိုကျောင်းများကိုလည်း ဖွင့်လှစ်ပေးထားပြီး ကလေးငယ်များ၏ နုနယ်သောစိတ်ထားကို လေ့ကျင့်သင်ကြား ပေးနိုင်ရန် အရည်အချင်းရှိသော ဆရာမများ ခန့်အပ်ပေးနိုင်ရန်လိုကြောင်း။

ထို့ပြင် လာမည့် ၂၀၂၆-၂၀၂၇ ပညာသင် နှစ်မှစတင်၍ ပညာရေးနှင့်ပတ်သက်သည့် ကဏ္ဍသစ်တစ်ခုကိုစတင်ဖော်ဆောင်ရန်ရှိပြီး တပ်မတော် လူငယ်ပညာရေးသင်တန်း ကျောင်းများကို ရန်ကုန်နှင့်နေပြည်တော် တွင်စတင်ဖွင့်လှစ်၍ အခြေခံပညာအထက် တန်းအဆင့်ပညာရပ်များကို သင်ကြားပေး သွားမည်ဖြစ်ကြောင်း။

ထိုသို့ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်း အားဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် လူငယ်မျိုးဆက်သစ်ကောင်းများ စဉ်ဆက် မပြတ်ထွန်းကားလာမည့်အပြင် ပညာပြည့်ဝ သည့် တပ်မတော်သားအရင်းအမြစ်ကောင်း များလည်း ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ အတန်းစဉ်ကူးပြောင်းမှုကောင်းပြီး ပညာရေး ဝန်ကြီးဌာန၏ သတ်မှတ်အရည်အချင်းများ နှင့်ကိုက်ညီသည့် ကျောင်းသားများကို တပ်မတော်ဆိုင်ရာ တက္ကသိုလ်များနှင့် သိပ္ပံ ကျောင်းများ၊ တပ်မတော်ဆေးဘက်ဆိုင်ရာ ပညာသင်တန်းများ၊ ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေး သင်တန်းများထိ တပ်မတော်၏ ကူညီဖြည့်ဆည်းပေးမှုများနှင့် ဆက်လက်တက်ရောက်နိုင်ရန် ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း။

စိုက်ပျိုး၊ မွေးမြူရေးနှင့် ပတ်သက်၍ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးသည် ကိုယ်တိုင်အကျိုးကျေးဇူးကို လက်တွေ့ခံစား ရနိုင်ပြီး ငွေပိုငွေလျှံများဖြစ်ပေါ်လာနိုင် ကြောင်း၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်း များသည် တပ်ရင်းတစ်ရင်းလုံးရှိ မိသားစုများ အတွက် သက်သာချောင်ချိရေးကို ဖော်ဆောင် ပေးရန်ဖြစ်ကြောင်း။

အမျိုးသမီး စစ်မှုထမ်းများသည် တပ်မတော်၏ ခွန်အားတစ်ရပ်ဖြစ်ပြီး တပ်မတော်၏နယ်ပယ်အသီးသီးတွင် တာဝန် ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်း၊ အရာရှိစစ်သည်များအနေဖြင့် ဖခင်၊ ညီအစ်ကို၊ မောင်နှမ၊ သားသမီးများအဖြစ် စောင့်ထိန်း၍ စောင့်ရှောက်ကာတစ်ဖက်မှာလည်း လုပ်ဖော် ကိုင်ဖက်ကောင်းများအဖြစ် လက်တွဲခေါ်ယူ ကြရန်လိုကြောင်း၊ အမျိုးသမီးစစ်မှုထမ်းများ အနေဖြင့်လည်း ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍ မိမိအဖွဲ့အစည်းအပေါ် သိက္ခာ ကျဆင်းစေသော ဝတ်စားဆင်ယင်မှုကို ရှောင်ကြဉ်၍ ခေတ်မလွန်စေရန် သတိပြုရ မည်ဖြစ်ကြောင်း၊ အမျိုးသမီးများပျက်စီးစေ ရာဖြစ်သော အကြောင်းတရား ခြောက်ပါးကို ရှောင်ကြဉ်ကြရန်လိုကြောင်း။

စစ်မှုထမ်းဟောင်းများသည် တပ်မတော် ၏အမာခံအင်အားဖြစ်၍ နီးစပ်ရာအလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်လို ကြောင်း၊ စစ်မှုထမ်းဟောင်းများ၏ မိသားစု များထိ ကျန်းမာရေး၊ ပညာရေးစသည်တို့ကို ကူညီစောင့်ရှောက်ပေးရန် လိုကြောင်း၊ ထို့အတူ ပြည်သူ့စစ်မှုထမ်းများသည် နိုင်ငံတော်အတွက် အရေးကြုံချိန် နိုင်ငံသား ကောင်းတစ်ယောက်ပီသစွာဖြင့် တာဝန် ကျေပွန်စွာထမ်းဆောင်နေကြသူများဖြစ်၍ အသိအမှတ်ပြုကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများကို လည်း အလုပ်အကိုင်အခွင့်အလမ်းများ အတွက် လိုအပ်သည်များ စီမံဆောင်ရွက် ပေးလျက်ရှိပြီး ထိုက်သင့်သောအကျိုးခံစား ခွင့်များကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း၊ ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် များကို ဆက်လက်ထမ်းဆောင်လိုသည့် အတွက် ကိုယ်တိုင်ဆန္ဒပြု၍ တပ်မတော်တွင် ဆက်လက်တာဝန်ထမ်းဆောင်နေကြသူများ လည်းရှိ၍ ဝမ်းမြောက်စွာကြိုဆိုပါကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် အဆိုပါ ပြည်သူ့စစ်မှုထမ်းများကို ဖခင်စိတ်ဓာတ်၊ ညီအစ်ကို စိတ်ဓာတ်၊ ရဲဘော်ရဲဘက်စိတ်ဓာတ် တို့ဖြင့် လက်တွဲခေါ်ယူရန်လိုကြောင်း။

တပ်မတော်သားများအနေဖြင့် တာဝန် ထမ်းဆောင်ရာတွင် စေတနာထား၍ လုပ်ဆောင်ရန်၊ သစ္စာရှိစွာလုပ်ဆောင်ရန် လိုကြောင်း၊ အခွင့်အရေး၊ ရာထူးမြော်တွေး၍ မလုပ်ဆောင်ကြရန်လိုကြောင်း၊ ထိုသို့ စေတနာ၊ သစ္စာရှိစွာဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခြင်းဖြင့် အောင်မြင်သော တပ်မတော်သားကောင်းများဖြစ်အောင် မိမိ ကိုယ်ကိုမိမိတည်ဆောက်သွားရန်လိုကြောင်း ဖြင့်ပြောကြားပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တင်ပြချက် များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။ (၅၀၁)

# နိုင်ငံတော်၏အနာဂတ်ကိုပုံဖော်ကြမည့် နိုင်ငံ့သားကောင်းများဖြစ်အောင် ကြိုးစား

**တောင်ကြီး မေ ၈**

လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမောင်သင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် ကလောခရိုင် ညောင်ရွှေမြို့နယ်ရှိ ဟူပင်ဟိုတယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် Grade-10 အင်းလေး ခေါင်တိုင်လူရည်ချွန်စခန်းမှ လူရည်ချွန် မောင်မယ်များနှင့်တွေ့ဆုံ၍ လူငယ်ရေးရာ ကဏ္ဍရပ်များကို ပြောကြားသည်။





တွေ့ဆုံပွဲသို့ ရှမ်းပြည်နယ် သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး၊ ၁၉၆၄-၁၉၈၈ ခုနှစ် လူရည်ချွန် ဥက္ကဋ္ဌ၊ လူရည်ချွန်ကြီးများနှင့် တာဝန်ရှိသူ များ၊ လူရည်ချွန်မောင်မယ်များနှင့် ကြီးကြပ် သူဆရာ၊ဆရာမများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက ယနေ့အခမ်းအနား သို့တက်ရောက်လာကြသည့် လူရည်ချွန် မောင်မယ်များအနေဖြင့် မိမိတို့သက်ဆိုင်ရာ စခန်းအသီးသီးသို့ ပြန်လည်ရောက်ရှိသည့် အခါ ဒေသန္တရဗဟုသုတများကို လေ့လာ မှတ်သား၍ အချင်းချင်းလေ့လာမှတ်သားခဲ့ သည့်ဗဟုသုတများကိုဖလှယ်ကြပြီး စည်းလုံး ညီညွတ်စွာဖြင့်နေထိုင်သွားကြရန်၊ မိမိ နေရပ်သို့ ပြန်ရောက်သည့်အခါတွင်လည်း နိုင်ငံတော်၏အနာဂတ်ကို ပုံဖော်ကြမည့် နိုင်ငံ့သားကောင်းများဖြစ်အောင် ကြိုးစား ကြရန်ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်း ရရှိသည်။ ပြည်နယ်(ပြန်/ဆက်)

# ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ဖြင့် တင်သွင်းရောက်ရှိပြီးနောက် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ရန်ကျန်ရှိသော မော်တော်ယာဉ်များအနေဖြင့် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အများပြည်သူသို့ အသိပေးကြေညာ

မြန်မာနိုင်ငံအတွင်းသို့ ကုန်သွယ်ရေးဦးစီးဌာန၏ တင်သွင်းခွင့်ပြုချက်နှင့် အကောက်ခွန်ဦးစီးဌာနတို့တွင် အခွန်များပေးဆောင်၍ တင်သွင်းရောက်ရှိပြီးသော မော်တော်ယာဉ်များသည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြား မှုဦးစီးဌာနတွင် ကနဦးမှတ်ပုံတင်ဆောင်ရွက်ရမည်ဖြစ်သော်လည်း မှတ်ပုံတင်ဆောင်ရွက်ခြင်းမရှိဘဲ နံပါတ်ပြား အတုများ၊ အလှဆင်နံပါတ်ပြားများ တပ်ဆင်၍ အသုံးပြုနေသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် လုပ်ငန်းသုံးယာဉ်များ နှင့် စက်ယန္တရားယာဉ်များသည်လည်း မှတ်ပုံတင်လုပ်ငန်းဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ စီမံကိန်းများ၊လုပ်ငန်း စီမံကိန်းများတွင် တရားမဝင်အသုံးပြုနေသည်ကို တွေ့ရှိရပါသည်။ အဆိုပါမော်တော်ယာဉ်များသည် တည်ဆဲ ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့်အညီ ကနဦးမှတ်ပုံတင်ခြင်း လုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသောကြောင့် ကုန်သွယ်ရေးဦးစီးဌာနက ၂၀၁၈ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၀-၄-၂၀၂၆ ရက် နောက်ဆုံးထား၍လည်းကောင်း၊ ၂၀၁၉ ခုနှစ် အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၁-၅-၂၀၂၆ ရက် နောက်ဆုံးထား ၍လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၀-၆-၂၀၂၆ ရက် နောက်ဆုံးထား၍လည်းကောင်း ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများ ပြီးပြတ်အောင်ဆောင်ရွက်ကြရန်၊ သတ်မှတ်ကာလကျော်လွန်ပါက ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးမည်မဟုတ်ကြောင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများ အချိန်မီဆောင်ရွက်ခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

# ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၈**

၂၀၂၆ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ်၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မိတ်ဖက်အသင်းအဖွဲ့ များမှတာဝန်ရှိသူများ၊ ကြက်ခြေနီဗဟို ကောင်စီဝင်များ၊ စံပြကြက်ခြေနီများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ တို့မှတာဝန်ရှိသူများ တက်ရောက် ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စု ဝန်ကြီးက မြန်မာနိုင်ငံကြက်ခြေနီအသင်း အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် အတူ လူထုကျန်းမာရေးမြှင့်တင်မှုလုပ်ငန်း များကို ပိုမိုလုပ်ဆောင်ရန်၊ အရေးပေါ် အခြေအနေများအတွက် ကြိုတင်ပြင်ဆင် မှုများကို ခိုင်မာအောင်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီ အသင်းဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ၊ လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ ဌာနေကိုယ်စားလှယ်၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ မှ ဌာနေကိုယ်စားလှယ်တို့က ဂုဏ်ပြု စကားပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ၂၀၂၅ ခုနှစ် စံပြကြက်ခြေနီဆုရသူများကို လည်းကောင်း၊ အသက် ၆၅ နှစ်ပြည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ၂၀၂၅-၂၀၂၆ ခုနှစ် နိုင်ငံတော်က ချီးမြှင့်သော လူမှုထူးချွန် ဆုနှင့်ဂုဏ်ထူးဆောင်တံဆိပ်များ ပေးအပ် တံဆိပ်ရရှိသူများကိုလည်းကောင်း ဂုဏ်ပြု ခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**



# မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့်များအသုံးပြုနိုင်ရေး ကွင်းဆင်းဆောင်ရွက်



**နေပြည်တော် မေ ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့ နံနက်ပိုင်းက ကျောက်ဆည်မြို့နယ်ရှိ လွန်ကျော်ဝါ သီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေး ခြံသို့သွားရောက်၍ ချည်မျှင်ရှည်ဝါသုတေ သနစိုက်ခင်း၊အရည်အသွေးနှင့် အထွက်နှုန်း ကောင်းသော ဝါမျိုးကောင်းမျိုးသန့်များ ထုတ်လုပ်နေမှု၊ တစ်ပြိုင်တည်းဝါကောက် သိမ်းနိုင်မည့် နည်းစနစ်များသရုပ်ပြ စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တာဝန်ရှိသူများကို တွေ့ဆုံ၍ သုတေသနပြုတွေ့ရှိချက်များ ကိုအခြေခံသော တစ်ဧကအထွက်နှုန်း တိုးတက်စေမည့် ဝါစိုက်ပျိုးရေးနည်းစနစ် များ၊ ဓာတ်မြေဩဇာအသုံးပြုမှု၊ ပိုးမွှား ကာကွယ်နှိမ်နင်းမှုဆိုင်ရာများ၊ မျိုးသန့် ရွေးချယ်အသုံးပြုနည်းနှင့် အသုံးပြုခြင်း ၏အကျိုးကျေးဇူးများကို တောင်သူများ နှင့် အနီးကပ်တွေ့ဆုံဆွေးနွေးပညာ ပေးရန်တို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ယင်းနောက် ကျောက်ဆည်မြို့နယ် အင်းဒိုင်းကျေးရွာအုပ်စုရှိ နွေစပါးမျိုးစေ့ ထုတ် ဧက ၁၀၀ စိုက်ကွင်း၌ မျိုးစေ့ထုတ် တောင်သူများနှင့်တွေ့ဆုံ၍ နိုင်ငံတော် အစိုးရက စိုက်ပျိုးထုတ်လုပ်မှုစရိတ်နှင့် ရောင်းချမည့်သီးနှံဈေးနှုန်း သင့်တင့်မျှတ စွာဖြစ်စေရေး စီမံဆောင်ရွက်နေမှု၊ သွင်းအားစုအရည်အသွေးနှင့် ဈေးနှုန်း မှန်ကန်မှုရှိစေရေး ထိန်းကျောင်းကြပ်မတ် ဆောင်ရွက်နေမှု၊ မြန်မာ့လယ်ယာဖွံ့ဖြိုး ရေးဘဏ်တွင် ပုံစံ(၇)အာမခံထား၍ စိုက်ပျိုးစရိတ် ချေးငွေထုတ်ယူခြင်းကို ပိုမိုလွယ်ကူစေရန် ဖြေလျှော့ဆောင်ရွက် ပေးနေမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီး ဦးလှမျိုးက မိုးစပါးစိုက်ပျိုးရေးအတွက် ဓာတ်မြေဩဇာနှင့်စက်သုံးဆီ လွယ်ကူ အဆင်ပြေစွာဝယ်ယူနိုင်စေရန် ဒေသ အလိုက် စိုက်ပျိုးချိန်အမီ ဖြန့်ဖြူးရောင်း ချပေးနိုင်ရေး စီမံဆောင်ရွက်ထားမှုကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

○ **အသိပေးကြေညာချက်မှ**

(င) **အာမခံ(အပေါင်)ရယူမှု** - လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) မူရင်း။

၃။ လယ်ယာသုံးစက်ကိရိယာချေးငွေဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ချေးငွေပမာဏ** - ကျပ်သိန်း ၁၀၀မှ ကျပ်သိန်း ၃၀၀၀ထိ တစ်ကဏ္ဍ၊ ကျပ်သိန်း ၃၀၀၁မှ ကျပ်သိန်း ၅၀၀၀ထိ တစ်ကဏ္ဍ၊

(ခ) **အတိုးနှုန်း** - (၁)နှစ်လျှင် ၆%၊

(ဂ) **ချေးငွေသက်တမ်း** - နှစ်ချင်းဆပ် (၁)နှစ်၊ နှစ်တို (၃)နှစ်၊ နှစ်ရှည် (၅)နှစ်၊

(ဃ) **ချေးငွေလျှောက်ထားရယူနိုင်သူများ** - တောင်သူလယ်သမားများ၊ လယ်ယာကုန်ထုတ်လုပ်ငန်းရှင်များ၊

(င) **ထုတ်ချေးနိုင်သည့် လယ်ယာသုံး စက်ကိရိယာများ** - လက်တွန်းထွန်စက်၊ ထော်လာဂျီ၊ ရေစုပ်၊ ရေတင်စက်၊ ဆိုလာရေတင်စက်၊ မျိုးစေ့ချစက်၊ လယ်ထွန်စက်အသေး၊ ရိတ်ခြွေစက်အသေး၊ ပဲခွဲစက်၊ ကောက်စိုက်စက်၊ အခြောက်ခံစက် (Dryer)၊ သိုလှောင်ရုံ(Silo)၊ ဆန်စက် အစရှိသည့် စက်ကိရိယာများ၊

(စ) **အာမခံရယူမှု** - လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)မြေ၊ ဘိုးဘွားပိုင်မြေ၊ ဂရန်မြေ၊ (လန-၃၉)မြေနှင့် ယင်းမြေပေါ်တွင်တည်ရှိသည့် အဆောက်အအုံများ၊ စက်ပစ္စည်းများ၊ လုပ်ငန်းသုံးယာဉ်များ၊ အခြားပုံသေရပိုင်ခွင့်များ [အာမခံ လုံလောက်ပါက စက်ကိရိယာ တစ်မျိုးထက် ပို၍ ဝယ်ယူနိုင်ပါသည်]၊

(ဆ) **ဦးစားပေးမှု** - တောင်သူလယ်သမားများ၊သမဝါယမအသင်းဝင်များ၊

(ဇ) **စတင်ထုတ်ချေးမည့် ကာလ** - ၂၀၂၆ ခုနှစ်၊ မေလမှ စတင်ထုတ်ချေးမည်ဖြစ်ပါသည်။

၄။ နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်နေပြည်သူများ၊ တောင်သူလယ်သမားဦးကြီးများ၏ လယ်ယာထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် စက်မှုလုပ်ငန်း (Agro-based Industry) တည်ဆောက်ရန်အတွက် ရည်ရွယ်ဆောင်ရွက်ပေးသည့် စိုက်ပျိုးရေးနှင့် လယ်ယာသုံးစက်ကိရိယာချေးငွေများရယူလိုသော တောင်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတစ်ဝန်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်ဘဏ်ခွဲများသို့ အမြန်ဆုံးဆက်သွယ်ကြပါရန် လေးစားစွာဖြင့် ထပ်မံအသိပေး ကြေညာအပ်ပါသည်။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

## ပြည်သူများထံ အသိပေးပန်ကြားချက်

- အရေးကြီး၊ အရေးပေါ်ဖြင့် ပြည်ပသို့ သွားရောက်လိုသူများ Online Booking တင်ရာတွင်လည်းကောင်း၊ ရုံးတွင်းဆောင်ရွက်ရာတွင်လည်းကောင်း စောင့်ဆိုင်းရန်မလိုဘဲ အမြန်ဝန်ဆောင်မှု(Express Service) ဖြင့် လျှောက်ထားနိုင်ရေး စီစဉ်ထားပါကြောင်း၊
- လျှောက်လွှာလက်ခံပြီး ငါးရက်အကြာတွင် နိုင်ငံကူးလက်မှတ်စာအုပ်ရမည် ဖြစ်ပါကြောင်း၊
- အမြန်ဝန်ဆောင်ခမှာ စာအုပ်ဖိုးအပါအဝင် ၅၄၅၀၀၀ ကျပ် ဖြစ်ပါကြောင်း၊
- အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ website ဖြစ်သည့် www.passport.gov.mm တွင် ဖော်ပြထားပါကြောင်း၊
- အမြန်ဝန်ဆောင်မှု (Express Service)ကို ၅-၁-၂၀၂၆ ရက်မှ စတင်မည်ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

# တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် မေ ၈**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံနှင့် ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံနှင့် သပိတ်ကျင်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ပြည်မြို့တို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားကာ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားကာ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။




အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားကာ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားကာ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

## နိုင်ငံ့သားကောင်း တာဝန်ကျေပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရမှ ဖွဲ့စည်းပေးထားသည့် "စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများအလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ"အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပကုမ္ပဏီ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလ ပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ကာကွယ်ရေးဝန်ကြီးဌာန | - | ၀၆၇၃၄၀၄၆၃၄ ၊ ၀၆၇၃၄၀၄၆၃၅ ။ |
| (ခ) | စစ်ရေးချုပ်ရုံး | - | ၀၃၆၃၃၃၄၇ ။ |
| (ဂ) | အလုပ်သမားဝန်ကြီးဌာန | - | ၀၆၇၃၄၃၀၁၈၁ ၊ ၀၆၇၃၄၃၀၁၈၂ ။ |

စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ

# မြိတ်မြို့ မြိတ်သင်တန်းစခန်းရှိ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသား၊ သင်တန်းသူများ လေ့ကျင့်သင်ကြားနေမှုများကို ကြည့်ရှုအားပေး



တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးနှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် မြိတ်သင်တန်းစခန်းရှိ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသား၊ သင်တန်းသူများ လေ့ကျင့်သင်ကြားနေမှုများကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် မေ ၈

တနင်္သာရီ တိုင်းဒေသကြီးအတွင်းရှိ ကျောင်းသားလူငယ်များ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အခြေခံလေကြောင်းဆိုင်ရာ ပညာရပ်များကို စိတ်ပါဝင်စားပြီး ကျွမ်းကျင်တတ်မြောက်စေရန်၊ ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးတွင် လေယာဉ်ပျံသန်းမှုဆိုင်ရာ ပညာရပ်များကို နားလည်သိရှိစေရန်၊ စိတ်ဓာတ်၊ စည်းကမ်း၊ ကိုယ်လက်ကြံ့ခိုင်မှုနှင့် စည်းလုံးညီညွတ်မှုရှိစေရန်တို့အတွက် ရည်ရွယ်၍ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀) သင်တန်းကို ဧပြီ ၂၇ ရက်မှစတင်၍ မြိတ်မြို့ရှိ မြိတ်သင်တန်းစခန်း၌ လေကျင့်သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်း၌ တက်ရောက်သင်ကြားလေ့ကျင့်လျက်ရှိသည့် သင်တန်းသား၊ သင်တန်းသူများကို ယနေ့မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းသား၊ သင်တန်းသူများကို အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းသား၊ သင်တန်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် သင်တန်းနည်းပြများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (မြဝ)

# ပြင်ဦးလွင်မြို့နယ်ရှိ အထင်ကရဘုရားစေတီများ၊ ထင်ရှားကျော်ကြားသည့်နေရာများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများသို့ လူရည်ချွန်မောင်မယ်များ သွားရောက်လေ့လာလည်ပတ်

ပြင်ဦးလွင် မေ ၈

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် လူရည်ချွန်စခန်းသို့ ရောက်ရှိနေသော Grade-9 လူရည်ချွန်ကျောင်းသား၊ ကျောင်းသူ ၉၆ ဦးနှင့် ကြီးကြပ်သူ ၁၈ ဦးတို့သည် ယနေ့နံနက် ၇ နာရီမှစ၍ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ အထင်ကရဘုရားစေတီများ၊ ထင်ရှားကျော်ကြားသည့် နေရာများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများသို့ လေ့လာလည်ပတ်ရန် စတင်ထွက်ခွာသည်။



ဦးစွာ ပြင်ဦးလွင်မြို့ရှိ အထင်ကရဘုရားတစ်ဆူဖြစ်သော မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားကြီးအား သွားရောက်ဖူးမြော်ပြီး ပန်း၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ထင်ရှားကျော်ကြားသည့် ရေတံခွန်တစ်ခုဖြစ်သော ပွဲကောက်ရေတံခွန်(BE Fall)သို့ သွားရောက်လေ့လာလည်ပတ်ပြီး ပျော်ရွှင်စွာ ကစားကြသည်။



ထို့နောက် နေ့လယ်ပိုင်းတွင် ပွေးတောင် Coffee Park၊ ဒိုးကွင်ပိုးချည်စက်ရုံနှင့် ပိုးမွေးမြူရေးလုပ်ငန်း၊ Winner Wine လုပ်ငန်းသို့ သွားရောက်လေ့လာကြရာ လူရည်ချွန်မောင်မယ်များ၏ သိရှိလိုသည်များ မေးမြန်းမှုအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများက အသီးသီးပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် လူရည်ချွန်မောင်မယ်များသည် တည်းခိုသည့် ရွှေနန်းထိုက်ဟိုတယ်သို့ ပြန်လည်ရောက်ရှိကာ ညနေပိုင်းတွင် လူရည်ချွန်စခန်းသို့ အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲက လာရောက်ဖျော်ဖြေခဲ့ကြောင်း သိရသည်။

ပြင်ဦးလွင်ခရိုင်(ပြန်/ဆက်)


"သုတကဗျာ" စစ်မှုရေးရာနှင့် သုတအဖြာဖြာ သတင်းဂျာနယ်ကို
၂၀၁၈ ခုနှစ်၊ မတ်လ ၂၇ ရက်(တပ်မတော်နေ့)ကစ၍
အပတ်စဉ် ဝနေနေ့တိုင်း ထုတ်ဝေလျက်ရှိပါသည်။




နယ်ကိုစားလှယ်များ ဂျာနယ်မှာယူလိုပါက
ဖုန်း - ၀၉၃၂၆၉၈၇၂၄ သို့ ဆက်သွယ်မှာယူပါနိုင်ပါသည်။
စာမူရှင်များအနေဖြင့်
Email; thutakabarjournal@gmail.com
သို့ စာမူများပေးပို့နိုင်ပါသည်။
၂-၅-၂၀၂၆ ရက်ထုတ်
အတွဲ(၉)၊ အမှတ်(၄)
ထွက်ပြီ



မိုးသောက်ပန်း ဂျာနယ်
ကလေးငယ်များအတွက်
ပညာလည်းပေး ဗဟုသုတလည်းရ
ဟာသလည်းပါ၊ ဉာဏ်ရည်လည်းတိုးမဲ့
- မျက်နှာဖုံးတွင် ကာတွန်းစိုးပြေ၏လက်ရာကောင်းနှင့်အတူ ကာတွန်းကိုဝင်း(ဥက္ကလာ)၊ ကာတွန်းစောဟန်နှင့် ကာတွန်းသြဇသတို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ လက်ပံနီ၊ ငွေးကြည်(စလင်း)၊ မောင်ငြိမ်းရည်(မင်းကင်း)၊ ချစ်စုအောင်၊ တိုးဝေနှင့် ရေနံ့သာမောင်ကျော်ညွန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။
ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့် (၅-၅-၂၀၂၆)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ် အတွဲ(၃၀)၊ အမှတ်(၁၆)ထွက်ပြီ။



အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ

# ပြည်ထောင်စုဝန်ကြီးဦးတင်မောင်ဆွေ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီးကို လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၈**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး H.E. Mr. Tariq Karim အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား အစဉ်အလာရှိသည့်ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်ရေး၊ ကုန်သွယ်မှုတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ၈-၅-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၇ ~ ၃၆၆၈ | ၅၅၈.၁ ~ ၅၅၈.၇ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၃,၉၅၀,၆၉၂.၉၄ | ၇,၄၆၅,၄၆၀.၀၀ | ၁၆,၇၄၈,၂၂၀.၇၃ | ၁၄၂,၁၀၀.၇၀ |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား၊ ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စားသုံးကုန်စည်၊ တိရစ္ဆာန်အစာ၊ ဂျုံ၊ စက်မှုကုန်ကြမ်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍ ဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၀ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန် ဒေါ်လာ သုည ဒသမ ၃၃ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

**ရေနံဖိုးမှအဆက်**

နိုင်ငံတော်တွင် မေ ၁၀ ရက်မှစ၍ ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ တည်ငြိမ်ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

ထို့ပြင် ဒီဇယ်ဆီအသုံးပြုမောင်းနှင်ရသည့် မော်တော်ယာဉ်များဖြင့် သယ်ဆောင်လျက်ရှိသည့် အခြေခံစားသောက်ကုန်များ၏ ဈေးနှုန်းကိုထိန်းညှိပေးနိုင်ရန်အတွက် ရိုးရိုးဒီဇယ်ဆီ HSD(500 PPM) တင်သွင်းမှုအပေါ် ကောက်ခံသောအကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန်(၂ %)တို့ကို နိုင်ငံတော်က ၂၀၂၆ ခုနှစ် မေ ၁ရက်မှစ၍ ကင်းလွတ်ခွင့်ပြုသည့်အတွက် ပရီမီယံဒီဇယ်ဆီဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်လီတာလျှင် ၁၀၂၀ ကျပ် သက်သာလျက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် စက်သုံးဆီမပြတ်လပ်စေရေး၊ အရန်ဆီပိုမိုသိုလှောင်ထားရှိနိုင်ရေး စီမံဆောင်ရွက်နေသကဲ့သို့ ပြည်သူများအနေဖြင့် သက်သာသောဈေးနှုန်းများဖြင့် ဝယ်ယူခွင့်ရရှိစေရေးအတွက် စဉ်ဆက်မပြတ် စောင့်ကြည့်ထိန်းကျောင်းပေးလျက်ရှိနေကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

## ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ် ပြခန်းကို မေ ၁၀ ရက်ထိ ဆက်လက်ဖွင့်လှစ်ပြသမည်

**ရန်ကုန် မေ ၈**

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ် ပြခန်းကို ဧပြီ ၃၀ ရက်တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်၌ စတင်ဖွင့်လှစ်ခဲ့ရာ စိတ်ပါဝင်စားသူ ပြည်သူများလာရောက်ကြည့်ရှုလေ့လာကြည်ညိုနိုင်ရန်အတွက် မေ ၁၀ ရက်ထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ဆက်လက်ဖွင့်လှစ်ပြသထားရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ၂၀၂၆ ခုနှစ် မေ ၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၂၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


## ထူးခြားသည့် နေ့အပူချိန်များ

(၈ - ၅ -၂၀၂၆)


| | | | | |
|---|---|---|---|---|
| တောင်တွင်းကြီး | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၄၁ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၁ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ဟသ်ာတ | ၄၁ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| သာယာဝတီ | ၄၁ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ငါးသိုင်းချောင်း | ၄၁ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ရေဆင်း | ၄၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၀ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ပြည် | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ကြို့ပင်ကောက် | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်၊ ကျိုင်းတောင်းမြို့အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ၊ ပစ္စည်းများ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများကို ဖမ်းဆီးရမိ




ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများကို လူနေအဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့် နေရာပြမြေပုံ။




ရှမ်းပြည်နယ်(တောင်ပိုင်း) ကျိုင်းတောင်းမြို့အနီး တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများကို ဖမ်းဆီးရမိသည့် နေရာပြမြေပုံ။




လဲချားမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် သိမ်းဆည်းရမိ လူနေတဲကို တွေ့ရစဉ်။



လဲချားမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် သိမ်းဆည်းရမိ လုပ်ငန်းသုံးတဲကို တွေ့ရစဉ်။



လဲချားမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ၊ သိမ်းဆည်းရမိ မီးဖိုချောင်ကို တွေ့ရစဉ်။



လဲချားမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် သိမ်းဆည်းရမိ All In One Computer နှစ်လုံး မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် မေ ၈**

မြန်မာနိုင်ငံ အစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာ နယ်မြေများအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်းမရှိစေရန်နှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ် စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ဆီးဆောကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၆၈၀၀ ခန့်အကွာသို့ အရောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၁၃ ဦး၊ မြန်မာနိုင်ငံသူ အမျိုးသမီး ငါးဦး စုစုပေါင်း ၁၈ ဦးတို့ကို အလျား ပေ ၁၂၀၊ အနံ ပေ ၃၀ ရှိ လူနေတဲနှစ်လုံး၊ အလျား ပေ ၁၂၀၊အနံ ပေ ၃၀ ရှိ လုပ်ငန်းသုံးတဲ တစ်လုံး၊ အလျား ပေ ၈၀၊ အနံ ပေ ၃၀ ရှိ မီးဖိုချောင် တစ်လုံး၊ All In One နှစ်လုံး၊ မီးစက် အလတ် တစ်လုံး၊ ပါဝါစတေရှင် အကြီး နှစ်လုံး၊ ဖျက်ဆီးထားသည့် ဖုန်းမျိုးစုံအလုံး ၉၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးပူးပေါင်းအဖွဲ့များသည် နယ်မြေရှင်းလင်းခြင်း၊ ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ဆီးဆောကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၆၀၀၀ ခန့်အကွာသို့အရောက်၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၁၂ ဦးတို့ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

အလားတူ ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ် ကျိုင်းတောင်းမြို့၏ တောင်ဘက် မီတာ ၁၂၀၀၀ ခန့်အကွာ မိုင်းပန်-ကျိုင်းတောင်းသွား ကားလမ်းအနီး၌ တရားမဝင် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ခြောက်ဦးကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများကို လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (မဝ၁)



လဲချားမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် သိမ်းဆည်းရမိ မီးစက် အလတ်တစ်လုံး မှတ်တမ်းဓာတ်ပုံ။

# အမေရိကန်နိုင်ငံ၏ အဓိကမြစ်တစ်စင်းဖြစ်သော ကော်လိုရာဒိုမြစ်ရေ ကျဆင်းနေကြောင်း CBRFC က ထုတ်ပြန်



**ဝါရှင်တန် မေ ၈**

အမေရိကန်နိုင်ငံ၏ အဓိက မြစ်တစ်စင်းဖြစ်သော ကော်လိုရာဒိုမြစ်တွင် မြစ်ရေကျဆင်းမှု ဖြစ်ပေါ်နေကြောင်း Colorado Basin River Forecast Center (CBRFC) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကော်လိုရာဒိုမြစ်အနီးတွင် ပြီးခဲ့သော ဆောင်းရာသီက ဆီးနှင်းကျဆင်းမှုများ ရှိခဲ့သော်လည်း မတ်လအတွင်း အပူလှိုင်း ဖြတ်သန်းမှုကြောင့် အဆိုပါ ဆီးနှင်းများ အရည်ပျော်ကျသွားခဲ့၍ ရေခဲပြင်မကျန်တော့သည့် အခြေအနေမျိုးရောက်ခဲ့ကြောင်း၊ ကော်လိုရာဒိုမြစ်ရေကို အားထားနေရသည့် ပိုဝဲလ်ရေလှောင်တမံတွင် မြစ်ရေကျဆင်းမှုကြောင့် ရေလှောင်တမံအတွင်း ရေစုဆောင်းနိုင်မှုမှာလည်း ကျဆင်းနေကြောင်း သိရသည်။

"ကော်လိုရာဒိုပြည်နယ်မှာ ပြီးခဲ့တဲ့ ဆောင်းရာသီမှာ ရာသီဥတု ပုံမှန်အတိုင်းမဟုတ်ခဲ့ပါဘူး။ ပြည်နယ်အတွက် သတင်းကောင်း မရှိခဲ့ဘူး။ ပုံမှန်မဟုတ်တဲ့ ရာသီဥတုကြောင့် နွေရာသီကာလမှာ ကြီးမားတဲ့ရိုက်ခတ်မှုနဲ့ ရင်ဆိုင်နေရပါတယ်။ အဓိက ကတော့ သောက်သုံးရေပြဿနာရှိလာနိုင်တယ်"ဟု Colorado Basin River Forecast Center (CBRFC) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ပိုဝဲလ်ရေလှောင်တမံမှတစ်ဆင့် ပြည်သူပေါင်း သန်း ၄၀ ခန့်ကို သောက်သုံးရေအတွက် ရေပေးဝေမှုများ ပြုလုပ်နေခြင်းဖြစ်ပြီး ပိုဝဲလ်မြစ်ရေ ကျဆင်းမှုသည် နိုင်ငံအတွင်း သောက်သုံးရေ ပေးဝေနိုင်မှုကို ကြီးမားသည့် ရိုက်ခတ်မှု ဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# အာရှတိုက်အတွင်း အယ်နီညိုရာသီဥတုနှင့် လောင်စာဆီပြဿနာတို့ကြောင့် လူမှုစီးပွား အကျပ်အတည်းများဖြင့် ရင်ဆိုင်နေရ

**လန်ဒန် မေ ၈**

အာရှတိုက်အတွင်း အယ်နီညိုရာသီဥတုနှင့် လောင်စာဆီ ပြဿနာတို့ကြောင့် လူမှုစီးပွား အကျပ်အတည်းများဖြင့် ရင်ဆိုင်နေရကြောင်း အင်္ဂလန်နိုင်ငံ အခြေစိုက် Oxford Economics အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အယ်နီညိုရာသီဥတုကြောင့် အပူလှိုင်း အဓိကဖြတ်သန်းခဲ့သည့် လမ်းကြောင်းမှာ အိန္ဒိယနိုင်ငံမှ တစ်ဆင့် နယူးဇီလန်နိုင်ငံထိ ဖြစ်ကြောင်း၊ အပူချိန်မြင့်တက်မှုကြောင့် စားနပ်ရိက္ခာထုတ်လုပ်မှု စရိတ်၊ သယ်ယူပို့ဆောင်ရေးစရိတ်များမြင့်မားလာကြောင်း၊ ပါကစ္စတန်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင်လည်း အယ်နီညိုရာသီဥတုနှင့် လောင်စာဆီ ပြဿနာတို့ဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

"အယ်နီညိုရာသီဥတု ရိုက်ခတ်မှုနဲ့ ပထဝီနိုင်ငံရေး ပြဿနာအပြင် ဓာတ်မြေဩဇာ ဈေးကွက်ပျက်ယွင်းမှုတွေနဲ့ ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေး လုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်းရဲ့ နောက်ဆက်တွဲဆိုးကျိုးကြောင့် စားနပ်ရိက္ခာရှားပါးမှုနဲ့ ငွေကြေးဖောင်းပွမှုပြဿနာတွေနဲ့ အဆိုးရွားဆုံး ရင်ဆိုင်ရနိုင်ပါတယ်။ အထူးသဖြင့် ဒီနှစ် ဒုတိယနှစ်ဝက်နောက်ပိုင်းမှာ ဒီပြဿနာတွေနဲ့ ဆိုးရွားစွာ ရင်ဆိုင်ရလိမ့်မယ်"ဟု Oxford Economics အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ မစ္စတာအာဒမ် အာမတ်ဆမ်ဒင်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# နမီးဘီးယားနိုင်ငံတွင် ရှားပါးမျိုးစိတ်ကြံ့များကို ထိန်းသိမ်းစောင့်ရှောက်နေသည့်ကြားမှ ကြံ့ခိုးယူမှုများဖြစ်ပေါ်ခဲ့

**ဝင်းဟုတ်ခ် မေ ၈**

နမီးဘီးယားနိုင်ငံတွင် ရှားပါးမျိုးစိတ်ကြံ့များကို ထိန်းသိမ်းစောင့်ရှောက်နေသည့်ကြားမှ ကြံ့ခိုးယူမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ပတ်ဝန်းကျင်၊ သစ်တောနှင့် ခရီးသွားလုပ်ငန်း ဝန်ကြီးဌာနက ယနေ့တွင် ပြောကြားခဲ့သည်။

နမီးဘီးယားနိုင်ငံတွင် ယခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း ကြံ့ခိုးယူမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါခိုးယူမှုများသည် နိုင်ငံ၏ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေး နယ်မြေနှင့် Etosha အမျိုးသားဥယျာဉ်တွင် ဖြစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ရှားပါးမျိုးစိတ်ကြံ့များကို ထိန်းသိမ်းစောင့်ရှောက်ရန် ကြံ့ခိုးယူမှုဆန့်ကျင်ရေး တုံ့ပြန်မှုများကို ပတ်ဝန်းကျင်၊ သစ်တောနှင့် ခရီးသွားလုပ်ငန်း ဝန်ကြီးဌာနက အပြင်းအထန် ဆောင်ရွက်နေကြကြောင်း သိရသည်။

ထို့ပြင် လက်ရှိဘဏ္ဍာနှစ်အတွင်း နမီးဘီးယားဒေါ်လာသန်း ၃၅၀ ကျော်ကို နိုင်ငံတော်က တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေး နယ်မြေများသို့ ခွဲဝေပေးခဲ့ပြီး ရှားပါးမျိုးစိတ်ကြံ့များအပါအဝင် အခြားမျိုးသုဉ်းလုနီးပါးမျိုးစိတ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ တောရိုင်းတိရစ္ဆာန်မျိုးစိတ်များနှင့် ၎င်းတို့၏ နေထိုင်ရာများကို ရေရှည်တည်တံ့စွာအသုံးပြုနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ



# နယူးဇီလန်နိုင်ငံတွင် သဘာဝဘေးအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းနိုင်ပါက ပြန်လည်ထူထောင်ရေး စရိတ်များသိသာစွာလျှော့ချနိုင်မည်

**ကိုပင်ဟေဂင် မေ ၈**

နယူးဇီလန်နိုင်ငံတွင် သဘာဝဘေးအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းနိုင်ပါက ပြန်လည်ထူထောင်ရေး ကုန်ကျစရိတ်များကို သိသာစွာလျှော့ချနိုင်မည်ဖြစ်ကြောင်း နိုင်ငံ၏ရာသီဥတုပြောင်းလဲမှု ကော်မရှင်က ယနေ့တွင် သတိပေးခဲ့သည်။

ထိုသို့ နိုင်ငံ၏သဘာဝဘေးအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် အခြေခံအဆောက်အအုံများ၊ လူမှုအသိုင်းအဝိုင်းများ၊ ရေဖြန့်ဖြူးရေးစနစ်များနှင့် သဘာဝပတ်ဝန်းကျင် ကဏ္ဍများတွင် စီမံကိန်းရေးဆွဲပြီး ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန် လိုအပ်ကြောင်း ၂၀၂၆ ခုနှစ် အမျိုးသားရာသီဥတု အန္တရာယ် အကဲဖြတ် အစီရင်ခံစာတွင် ဖော်ပြထားသည်။

နယူးဇီလန်နိုင်ငံအနေဖြင့် ကြုံတွေ့နေရသည့် မုန်တိုင်းနှင့် ရေကြီးမှုများကြောင့် လူနေအိမ်ရာများ၊ သယ်ယူပို့ဆောင်ရေးနှင့် အရေးပေါ်ဝန်ဆောင်မှုများအပေါ် ဖိအားများ မြင့်တက်နေကြောင်း နယူးဇီလန် ရာသီဥတုပြောင်းလဲမှု ကော်မရှင် အမှုဆောင်အရာရှိချုပ် ဂျိုဟန်ဒီက ပြောကြားသည်။

ထိုအစီရင်ခံစာအရ လက်ရှိ နယူးဇီလန်နိုင်ငံတွင် အဆောက်အအုံငါးသိန်းကျော်သည် ရေကြီးမှုအန္တရာယ်နှင့် ရင်ဆိုင်နေရပြီး အဆိုပါအဆောက်အအုံ တန်ဖိုးစုစုပေါင်းမှာ နယူးဇီလန်ဒေါ်လာ ၂၃၅ ဘီလီယံခန့်တန်ဖိုးရှိကြောင်း၊ လက်ရှိ အစိုးရက သဘာဝဘေးအတွက်ချပေးထားသော အသုံးစရိတ်များအနက် ၉၇ ရာခိုင်နှုန်းကို ဘေးအန္တရာယ်တုံ့ပြန်ရေးအတွက် အသုံးပြုနေပြီး သုံး ရာခိုင်နှုန်းကိုသာ အခြေခံအဆောက်အအုံများ ခံနိုင်ရည် တည်ဆောက်ရေးအတွက် သုံးစွဲနေကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ကနေဒါနိုင်ငံ ဆက်ကာချဲဝမ်ပြည်နယ်တွင် ရေကြီးရေလျှံမှုဖြင့်ရင်ဆိုင်နေရသည့် နေရာ ၁၉ နေရာထိရှိနေပြီး ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းနေရ

**အော့တဝါ မေ ၈**

ကနေဒါနိုင်ငံ ဆက်ကာချဲဝမ်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြင့် ရင်ဆိုင်နေရသည့် နေရာပေါင်း ၁၉ နေရာထိ ရှိနေပြီး ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းနေရကြောင်း Emergency Operations Centre(EOC) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသော နေရာပေါင်း ၁၉ နေရာအနက် နေရာတချို့တွင်ဖြစ်ပေါ်နေသော ရေကြီးရေလျှံမှုသည် အန္တရာယ်ရှိသည့်အတွက် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းပေးနေကြောင်း၊ ရေကြီးရေလျှံမှုသည် အသက်အန္တရာယ်ကို ခြိမ်းခြောက်နေသည့်အတွက် ကယ်ဆယ်ရေး လုပ်ငန်းများကို First Nations Emergency Management နှင့် Public Safety Agency တို့မှ ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးနေကြောင်း သိရသည်။

"ကာရော့မြစ်ရေ လျှံတက်မှုကြောင့် မြစ်ကြောင်းတစ်လျှောက် တည်ရှိတဲ့ဒေသတွေမှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ စမတ်ကီဘာန်းဒေသကတော့ ရေဘေးအန္တရာယ်နဲ့ အဆိုးရွားဆုံး ရင်ဆိုင်နေရပါတယ်။ အသက်အန္တရာယ် ခြိမ်းခြောက်နိုင်တဲ့အတွက် ဒေသခံတွေကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနေပါတယ်။ ကျွန်တော်တို့ EOC က ဝန်ထမ်းတွေနဲ့အတူ First Nations Emergency Management နှင့် Public Safety Agency တို့က ဝန်ထမ်းတွေကလဲ ကယ်ဆယ်ရေးလုပ်ငန်းတွေမှာ ပါဝင်ကူညီပေးနေပါတယ်"ဟု Emergency Operations Centre(EOC)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

ဝတ္ထုတိုကဏ္ဍ

# ဘော်ဒီမလုံးတင်

## မောင်ခြိမ့်



**ယမန်နေ့မှအဆက်**

ဟိုးတစ်ခေတ်တစ်ခါက ရုပ်ရှင်မင်းသမီးကြီး တင်တင်မူကို မြင်ဖူးမှာပေ့ါ။ မလုံးတင်နဲ့ သိပ်တူပါတယ်။ အသားကလေးညိုစိမ့်စိမ့်၊ မျက်ခုံး၊ မျက်လုံး ကောင်းကောင်း၊ တင်နဲ့ရင်နဲ့၊ လုံးကြီးပေါက်လှနဲ့ ရုပ်ရည်သန့်ပြီး စီးကရက်ကလေးများ နှုတ်ခမ်းဖျား မှာခဲထားရင် အဟုတ်တင်တင်မူအတိုင်းပဲ။

ကားအပ်မဲ့သူတွေကို မလုံးတင်က သူ့ရဲ့ဧည့်ခန်း ထဲမှာ ဧည့်ခံတယ်။ သူနဲ့ပဲ စကားပြောရတယ်။ ဈေးညှိနှိုင်းရတယ်၊ ရက်ချိန်းယူရတယ်၊ မလုံးတင်ရဲ့ ယောကျ်ား ကိုမြဆိုတာက အလုပ်ရုံဘက်မှာ သူ့တပည့် လေး၊ ငါး၊ ခြောက်ယောက်နဲ့ အလုပ်ရှုပ်နေတတ်တယ်။ ဘာလုပ်ချင်သလဲ၊ ဘယ်နေ့ယူမှာလဲ၊ ဘယ်လောက် ကုန်မှာလဲ။ ဒါတွေဟာသူ့အလုပ်မဟုတ်ဘူး။ သူ့အလုပ် က မလုံးတင်ခိုင်းတာပဲလုပ်တယ်။ ဘော်ဒီထုဆိုရင် ထုမှာပဲ ဆေးမှုတ်ဆိုရင်မှုတ်မှာပဲ။ အင်ဂျင်ကိုင်ဆိုရင် ကိုင်မှာပဲ။ ကျန်တာမလုံးတင် တာဝန်။

အမှန်ကတော့ ဆေးလိပ်ခုံတို့၊ ဇာဘော်လီရုံတို့၊ အချုဉ်ထုပ်လုပ်ငန်းတို့ဆိုတဲ့ အလုပ်တွေမှာသာ မိန်းမတွေ ဦးဆောင်ဦးရွက်တွေ့ဖူးပါတယ်။ အခုလို ကျားကျားလျားလျား အင်နဲ့အားနဲ့ အတတ်ပညာ စက်ကိရိယာတွေ့နဲ့ ပေပေကျံကျံလုပ်ရတဲ့ နေရာမျိုး မှာ ယောကျ်ားတွေပဲ ဦးဆောင်တာများတယ် မဟုတ်လား။

အခုတော့ အလုပ်ရုံနာမည်ကိုက မလုံးတင် ဘော်ဒီရုံတဲ့။ ဆိုင်းဘုတ်ကိုမှ အကြီးကြီး။ ခပ်တိုတို ပြောရရင် မလုံးတင်နဲ့ကိုဘမောင်ဟာ အချိန်တိုအတွင်း မှာပဲခင်မင်ပြီး စီးပွားဖက်တွေဖြစ်သွားကြပါတယ်။ မလုံးတင်ရဲ့ ကြံရည်ဖန်ရည် ကားပညာနဲ့ ကိုဘမောင် ရဲ့ ငွေပင်ငွေရင်း၊ အချိုးကျကျပူးပေါင်းလိုက်တဲ့အခါ ကားဝယ်ရောင်းလုပ်ငန်းဟာ တစ်နှစ် အတွင်းမှာကို တော်တော်စီးပွားဖြစ်ခဲ့ပါတယ်။

ကိုဘမောင်အတွက်ကတော့ ကားနဲ့ပတ်သက်တဲ့ ပညာတွေပါ မနည်းမနောရလိုက်ပါတယ်။ နဂိုက တည်းက ကိုဘမောင်ကိုအထင်ကြီးနေကြတဲ့ သူတို့ မြို့ကလေးမှာ ကိုဘမောင်လက်နဲ့ထိရင် ရွှေဖြစ်တာ ပဲဆိုတဲ့စကားတောင် ထွက်လာပါရောလား။

ဒါကို ကိုဘမောင်က သိပ်သဘောကျတယ်။ ပိုပြီး တော့လဲ ကြိုးစားတယ်။ သူ့ရဲ့မူလ ငါး၊ ပုစွန် လုပ်ငန်းထဲကို ညီနှစ်ယောက်ဆွဲထည့်ထားတယ်။ သူက နည်းပေးလမ်းပြပဲလုပ်တော့တယ်။

သူ့ရဲ့စိတ်ရော၊ ကိုယ်ရော ကားလုပ်ငန်းထဲမှာပဲ နှစ်မြုပ်ထားတော့တယ်။ ယောက္ခမတွေနဲ့ မိန်းမ ကလဲ ဘာမှ ဖြူတယ်မည်းတယ် ဝင်မပါတော့ဘူး။ အားလုံး ကိုဘမောင်သဘောတစ်ခုပဲ။

ဟိုးအရင်ရကာစဘဝတုန်းကတော့ ကိုဘမောင် ဟာ မိဘဆွေမျိုးတွေကို ဘာမှမကူညီနိုင်ခဲ့ပါဘူး။ မိဘဆင်းရဲတာသိပေမဲ့၊ မြင်နေရပေမဲ့ ကိုယ်ကအကန်း သားကိုစမ်းတော့ မြားတန်းလန်းဆိုတဲ့စကားလိုပဲ ကိုယ်ကိုယ်တိုင်က ယောက္ခမမျက်နှာ ကြည့်နေတဲ့သူ ဆိုတော့ကာ ဘာမှမတတ်နိုင်ခဲ့ဘူးပေ့ါ။

အခုတော့ မိဘတွေကိုလဲ အဆင်ပြေအောင် ပံ့ပိုးတယ်။ ညီအစ်ကိုမောင်နှမတွေကိုလဲ ကြည့်ရှုလာ နိုင်ပါပြီ။

သူကိုယ်တိုင်လဲ အရင် ဘမောင်မဟုတ်တော့ဘူး။ လုပ်ငန်းနယ်ပယ် ကျယ်လာတာနဲ့အမျှ အပေါင်း အသင်းလဲစုံလာသလို အတတ်ပညာကလဲ စုံလာ တယ်။ လူတစ်ကိုယ်လုံးမှာ ဝတ်စားထားလိုက်တာ တဝင်းဝင်းနဲ့ ဥစ္စာစောင့်ယောကျ်ားအတိုင်းပဲ။

ပွဲစားလောကဓမ္မတာအတိုင်း လှီးသင့်ရင်လှီး၊ ရိတ်သင့်ရင်ရိတ်လိုက်တာပဲ။ ဒါကိုပဲ ဂုဏ်ယူစရာကြီး ကို ဖြစ်နေတာ။ ငွေက ရှေ့တန်းရောက်လာတာနဲ့အမျှ သစ္စာတို့၊ မေတ္တာတို့ဆိုတာ ဇာတ်ထဲသွားကုန်ကြပြီလို့ တောင် ရယ်စရာပြောတာ ကြားဖူးတယ်မဟုတ်လား။

အခုလဲ ကိုဘမောင်ဟာ စီးပွားဖက်ဖြစ်တဲ့ မလုံးတင်ကို အသာခေါက်ထားပြီး နှစ်ခွင်လောက် အပီရိုက်လိုက်တာ သူ့အတွက် တော်တော်ကျန်လိုက် တယ်။ တစ်ဝက်လဲ ခွဲမပေးရဘူးကိုး။

မလုံးတင်ကတော့ ဘော်ဒီရုံမှာထိုင်နေပေမဲ့ သူ့အပေါင်းအသင်း အသိုင်းအဝိုင်းကလဲ ကောင်း တယ်ဆိုတော့ တိတိကျကျမဟုတ်တောင် ရိပ်မိပုံ တော့ရတယ်။ ဟိုတစ်နေ့ကတောင် မင်းသမီးကြီး တင်တင်မူစတိုင်နဲ့ စီးကရက်လေးနှုတ်ခမ်းချိတ်ပြီး မျက်လုံးကလေး ထောင့်ကပ်ကြည့်ကာ–

"လူတွေဆိုတာ ဒီလိုပါပဲ ကိုဘမောင်ရယ် ကိုယ့်ကိုယ်ကိုယ်တော့ ဟုတ်လှပြီထင်ကြတာချည်း ပါပဲ" ဆိုတဲ့စကားကို အဆက်အစပ်မရှိပြောပြီး ခပ်ထေ့ထေ့ ကလေးပြုံးတယ်။ အဲဒီစကားကြောင့် ကိုဘမောင်စိတ်ထဲမှာ နည်းနည်းတော့ထင့်သွားတယ်။

ဒါကြောင့် အခုလဲ ဒိုင်နာကားတစ်စီးကို အောက် ဈေးနဲ့ရအောင်နှိုက်လာပြီး မလုံးတင်ဘော်ဒီရုံမှာပဲ နည်းနည်းပါးပါးသပြီး ပြန်ရောင်းဖို့ဆိုင်ထားတာ။ မကျန်ဘူးဆို အနည်းဆုံး သူ့အတွက် ခြောက်ဆယ်၊ ခုနစ်ဆယ်ပဲ။ မလုံးတင်အတွက် ပွဲခအပြင် ဘော်ဒါ ကြေးပါပေးမယ်လို့ နှစ်သိမ့်ထားလိုက်တယ်။ မတက်နိုင်ဘူးလေ။ ကိုယ်က အရင်တုန်းကလို ပညာဝယ်ကလေးမဟုတ်တော့ဘဲ ပညာသည်ဖြစ်နေ ပြီပဲလေ။ သူ့ဘော်ဒီရုံမှာမပြင်ချင်လဲ တခြားဘော်ဒီရုံ တွေပြည့်လို့။ အခုဟာက လက်ခနဲ့ ပွဲခအပြင် အပို ကြေးကလေးပါရအုံးမှာဆိုတော့ မလုံးတင် ကျေနပ် ကောင်းပါရဲ့ပေ့ါ။

အခုကားဝယ်လက်က အင်းသမားပါ။ ဒီနှစ် မိုး၊ လေ၊ ရေ၊ နေကမှန်တော့ သူ့အင်းက မထင်မှတ် လောက်အောင် ငါးတွေတက်တယ်။ ဈေးကောင်း ကလေးလဲမိလိုက်တယ်ဆိုတော့ ရေလျှံတာပေ့ါ။

အဲဒီအချိန်မှာ ကိုဘမောင်ရဲ့ လေမိလိုက်တော့ ချက်ချင်း ကားပိုင်ရှင်ဖြစ်ချင်လာတာ။ သူ့အင်းထဲက ထွက်တဲ့ငါး သူ့ကိုယ်ပိုင်ကားနဲ့တင်ပြီး စံပြငါးဈေး ပို့လိုက်မတဲ့။

ကိုဘမောင် ရေမိုးချိုး၊ အဝတ်အစားလဲပြီး အိမ်က နေထွက်လာချိန်မှာတော့ ညနေကလေးစောင်းနေပါ ပြီ။ ရာသီဥတုကလေးက သာယာလို့၊ မြစ်ပြင်ထဲမှာ ဆည်းဆာရဲ့နေခြည်တွေဟာ ရွှေရည်တွေသွန်း လောင်းလို့။ တဖျပ်ဖျပ်နဲ့ ကခုန်နေတဲ့ လှိုင်းကြက်ခွပ် ကလေးတွေဟာ ဆည်းဆာရွှေရည်ထဲမှာ အချင်းချင်း ကျီစယ်လို့။ ဗေဒါပင်ကလေးတွေဟာလဲ ပန်းပြာပြာ တွေဝေအောင်ပန်ပြီး ဟိုးအဝေးမြစ်အကြေဖက်ဆီကို ရွက်လွှင့်လို့ပေ့ါ။

"ကဲ ...ကဲ ဒီညနေ ကျုပ်ကပဲ ပြုစုပါ့မယ်ဗျာ။ မြို့ထဲကစားသောက်ဆိုင် သွားကြရအောင်" လို့ ကိုဘမောင်ကပြောတော့ ဝယ်လက်ကားအုံနာ အသစ်စက်စက်က မဟုတ်ဘူး။ သူပဲဒကာခံမယ်တဲ့။ အဲဒီလို သူကျွေးမယ်၊ ငါကျွေးမယ် လုပ်နေတုန်း မလုံးတင်က ကြားဝင်လာတယ်။ ဘယ်သူမှဒကာခံ နေစရာမလိုဘူး။ ဘယ်မှလဲသွားမနေနဲ့တဲ့၊ သူက ပွဲခ ရတဲ့သူလဲဖြစ် အိမ်ရှင်လဲဖြစ်တော့ အားလုံးစီစဉ် ထားပြီးပြီ။ မငြင်းနဲ့တဲ့။

အဲဒီလိုနဲ့ စားပွဲပေါ်မှာ စားစရာ၊ သောက်စရာ အစုံအလင်နဲ့ ဝိုင်းစဖြစ်ကြတယ်။ ဝယ်လက်ဘက်က နှစ်ယောက်၊ ကိုဘမောင်ရယ်၊ ကိုမြရယ်ဆိုတော့ လေးယောက်ပေ့ါ။ ပုစွန်တုပ်ကြီးကို နီရဲလာအောင် ပြုတ်၊ အသားကိုအကွင်းလိုက်လှီး၊ ရောက်ရည်ကလေး ဖျန်းထားတဲ့ အမြည်းကလေးဟာ အသောက်သမား တွေရဲ့ အကြိုက်ပေ့ါ။

အနားကနေ လိုအပ်တာတွေဖြည့်ဆည်းပေးနေ တဲ့ မလုံးတင်ရယ်၊ သူ့တူမလေးရယ်ဟာ တော်ကြာ ရေခဲ၊ တော်ကြာဟင်းချို၊ တော်ကြာအချဉ်နဲ့ မနားရ အောင်လုပ်ပေးနေရတယ်။ အရက်တစ်လုံးလဲကုန် ရော ဝယ်လက်ကတော်ပြီတဲ့။ စောစောပြန်ပြီး ကား ကိုပြချင်သတဲ့။ ဟုတ်တာပေ့ါ။ ကားအုံနာအသစ် စက်စက်တို့ရဲ့ထုံးစံအတိုင်း ဝယ်လာတဲ့ကားကို ဇနီး သည်ကို မပြလို့ဘယ်ဖြစ်ပ့ါမလဲ။ ယောက္ခမတွေကို လဲပြရအုံးမယ်လေ။

မလုံးတင်ကလဲ ဟုတ်ပါတယ်။ သွားပါစေလို့ ဆိုတော့ ကျန်တဲ့တစ်လုံးကို သူနဲ့ကိုမြတို့နှစ်ယောက် ဆက်ဖြိုကြတာပေ့ါ။ မကြာပါဘူး မလုံးတင်လဲ ခေါင်းအုံတယ်ဆိုပြီး အပေါ်ထပ်တက်နားလေရဲ့။ သူ့တို့အနားမှာတော့ မလုံးတင်ရဲ့ တူမကလေးပဲ ကျန်တော့တယ်။

တော်တော်ကလေးထွေနေတဲ့ ကိုဘမောင်က ရေခဲခဏခဏတောင်းတယ်။ ကြက်သွန်ချဉ် ခဏခဏ တောင်းတယ်။ ကောင်မလေး သူ့အနားကိုရောက်လာ တိုင်းလဲ ရီဝေဝေမျက်လုံးကြီးတွေနဲ့ အားမနာတမ်း ကြည့်လို့။ တော်တော်လှတဲ့ ကောင်မလေးပါလားပေ့ါ။

ကောင်မလေးကိုကြည့်ပြီး အမြည်းစားလိုက်၊ အရက်သောက်လိုက်လုပ်နေတာ ဘယ်စည်းစိမ်နဲ့မှ မလဲနိုင်ဘူးဖြစ်နေတယ်။ ကိုမြကတော့ သူ့ထုံးစံ အတိုင်း စကားမပြောဘူး။ ကိုဘမောင်ခွက်ထဲကိုပဲ လျော့သွားလိုက်၊ ဖြည့်ပေးလိုက်လုပ်နေတယ်။

ခဏကြာတော့ အပေါ်ထပ်ကနေ "ကိုမြရေ ခဏ" ဆိုတဲ့ မလုံးတင်ရဲ့အသံ ထွက်လာတယ်။

ကိုမြကထမသွားခင် လက်ကျန်အရက်တွေကို ကိုဘမောင်ခွက်ထဲ ဖြည့်သွားခဲ့သေးတယ်။ဟင်းဟင်း ကိုမြတော့ မလုံးတင်ကိုသွားပြီး ဇက်ကြောဆွဲပေး နေတာဖြစ်မယ်လို့တွေးပြီး သဘောကျလိုက်သေး တယ်။ ဘာဖြစ်လဲ ပိုလို့တောင်လွတ်လပ်သေးတယ် မဟုတ်လား။

"ကြက်သွန်ချဉ်ပေးအုံး"လို့ သူကပြောတော့ ကောင်မလေးက မျက်လုံးရွှဲကြီးတွေနဲ့ သူ့ကို စိုက်ကြည့်နေတယ်။

"ဘာလဲ စေတနာမရှိဘူးပေ့ါ"လို့ဆိုမှ ခစ်ခနဲ တစ်ချက်ရယ်ရင်း မီးဖိုဘက်ကို ထွက်သွားတယ်။ မကြာလိုက်ဘူး။ "အား... အမယ်လေး"ဆိုတဲ့ ကောင်မလေးရဲ့ အလန့်တကြားအော်လိုက်တဲ့အသံ ကိုကြားလိုက်ရတယ်။ ဘယ်လိုကနေဘယ်လို နောက် ဖေးမီးဖိုခန်းထဲ သူရောက်သွားတယ်မဆိုနိုင်ဘူး။ မူးနေတဲ့အတွက် ဘာကိုမှလဲ မစဉ်းစားမိတော့ဘူး။

မီးဖိုခန်းထဲမှာ တစ်ရာဝပ်မီးလုံးကလေးက လင်းလို့။ ကြက်သွန်လှီးရင်း ဓားထိတာနေမှာ ကောင်မလေးဟာ သူ့ရဲ့ဘယ်လက်ညှိုးကလေးကို ညာလက်နဲ့ ဆုပ်ကိုင်ဖျစ်ညှစ်ထားတယ်။ သွေးတွေ ကလဲရဲလို့။ ကောင်မလေးရဲ့လက်ကို ဆတ်ခနဲဆွဲယူ ပြီး ပါးစပ်ထဲငုံလိုက်မိတယ်။ အဲဒီအချိန်မှာပဲ မီးက ဖျတ်ခနဲပျက်သွားတယ်။

တစ်အိမ်လုံးမှောင်လို့မည်းလို့။ ဘာမှမမြင်ရ တော့အောင် အမှောင်ထုကြီးက ပိတ်ဖုံးသွား ပါတော့တယ်။

"ထစမ်း ထစမ်း"ဆိုတဲ့ အသံတွေနဲ့အတူ ခပ်ကြမ်းကြမ်းဆွဲထူတာခံလိုက်ရတော့မှ ကိုဘမောင် နိုးလာတယ်။ မီးတွေကလဲလင်းပြီး သူ့ဘေးမှာလဲ မလုံးတင်က ကျုံ့ကျုံ့ကလေးထိုင်ရင်းရှိုက်လို့ တဟင့် ဟင့်နဲ့ ငိုနေပါတယ်။ ဘုရား...ဘုရား ဘယ်လိုဖြစ်တာပါ လိမ့်ဆိုပြီး ထိတ်လန့်တကြား ရေရွတ်မိတယ်။

ခေါင်းကလဲကိုက်လိုက်တာ နားထင်နှစ်ဖက်မှာလဲ သွေးတွေက တဒိန်းဒိန်းနဲ့တိုးလို့ပေ့ါ။ ရင်ထဲမှာလဲ တလှပ်လှပ်နဲ့တုန်နေတယ်။ **စာမျက်နှာ ၂၅ သို့ á**

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၄၃၀၂၀ စိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

မုံရွာ မေ ၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၄၃၀၂၀ စိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အရာတော်မြို့နယ်တွင် နှမ်းဧက ၄၃၀၂၀ စိုက်ပျိုးရန်လျာထားပြီး မေလစတုတ္ထပတ်တွင် စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း၊ ယခုလက်ရှိအချိန်တွင် နှမ်းစိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများ ထွန်ယက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ နှမ်းဧက ၄၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီလထဲမှာ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက် ဆောင်ရွက် ပေးလျက်ရှိပါတယ်" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ယခုနှစ် အရာတော်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာ ပေးသွားမည်ဖြစ်ကြောင်း၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း စသည့်အကျိုးကျေးဇူးများကြောင့် လူမှုစီးပွားဘဝများ တိုးတက်လာမည် ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေးဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဓနုဖြူမြို့နယ်မှ ဒေသထွက်ကွမ်းရွက်များ အရောင်းအဝယ်ကောင်းမွန်နေ

ဓနုဖြူ မေ ၈

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ဒေသထွက် ကွမ်းရွက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဓနုဖြူမြို့နယ် ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှဌေးက ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် ဒေသထွက်ကွမ်းရွက်များ ယခုနှစ် မေလပထမပတ်မှ ယနေ့ထိ ဝယ်ယူအားကောင်းမွန်လာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက်ကွမ်းရွက်များ တစ်ရက်လျှင် ပိဿာချိန် ၄၀၀၀ မှ ၅၅၀၀ ထိအရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိ ကွမ်းရွက်တွေက ဒေသတွင်းမှာကို အရောင်းအဝယ်ကောင်းနေတာပါ။ လက်ရှိ ကွမ်းရွက် တစ်ပိဿာကို ငွေကျပ် ၁၈၅၀၀ ထိဈေးပေါက်နေပါတယ်။ ဒေသထွက် ကွမ်းရွက်တွေကို



ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ ဝယ်ယူအားကောင်းနေပါတယ်။ ဒီဘက်က ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တွေက ဒေသထွက်ကွမ်းရွက်တွေကို မှာယူတဲ့ဒေသထိ လိုက်လံပို့ပေးတာပါ။ ဒေသထွက်ကွမ်းရွက်တွေကို အရောင်းအဝယ်လုပ်ရတာ အခက်အခဲမရှိပါဘူး"ဟု ဓနုဖြူမြို့နယ် ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှဌေးက ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် ကွမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက် ကွမ်းရွက်များကို အခြားဒေသများသို့ စနစ်တကျထုပ်ပိုး တင်ပို့ရောင်းချကြောင်း၊ အဆိုပါ ကွမ်းရွက်များ အရောင်းအဝယ် အားကောင်းလာသည့်အတွက် ကွမ်းစိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့်ကုန်သည်များ အလုပ်အကိုင် အဆင်ပြေလာကြောင်း သိရသည်။ **ကျော်ကျော်လင်း**

á စာမျက်နှာ ၂၄ မှအဆက်

သူအရက်အမူးလွန်ပြီး ဘာတွေဖြစ်ခဲ့သလဲ။ သူဘာကိုမှသတိမရတော့ဘူး။ စဉ်းစားလို့လဲ မရတော့ဘူး။ ကဲ...ကိုဘမောင် ဒီကိစ္စဘယ်လိုရှင်းမလဲ တဲ့။ သူ့ရှေ့မှာ ကိုမြက မတ်တတ်ကြီးရပ်ပြီးမေးတယ်။ လက်ထဲမှာ ဘော်ဒီသံပြားထုတဲ့ တူကြီးကိုင်လို့။ ဘေးမှာလဲ ဘော်ဒီရုံကတပည့်တွေ ကဝိုင်းလို့။ သူတို့လက်ထဲမှာလဲ ဘော်ဒီထုတဲ့နေရာမှာသုံးတဲ့လက်နက်ကိရိယာတွေကိုကိုင်ပြီး ကိုဘမောင်ကို အထင်သေးစက်ဆုပ်တဲ့မျက်လုံးတွေနဲ့ ကြည့်နေကြတယ်။

သူ့ဘေးနားမှာ အဝတ်အစားဖရိုဖရဲနဲ့ တအင့်အင့်ငိုရှိုက်နေတဲ့ မလုံးတင်ရဲ့အသံဟာ သူ့ရင်ထဲကို ဓားအလက်ပေါင်းများစွာနဲ့ ဝင်မွှေနေသလိုခံစားနေရတယ်။

ဒီအမှုမျိုးကို သူရင်ဆိုင်လို့လဲမဖြစ်ဘူး။ သူ့ဘဝ။ ဟုတ်တယ် ဒီလိုဘဝမျိုးရောက်အောင် သူအနှစ်နှစ်အလလကြိုးစားခဲ့ရတာဘယ်နည်းနဲ့မှ ဘဝအပျက်မခံနိုင်ဘူး။ သူ့မှာ ရွေးစရာလမ်းမရှိတော့ဘူးဆိုတာ သူသိလိုက်ပြီ။

မလုံးတင်ဘော်ဒီရုံကနေ သူထွက်လာတော့ အပြင်မှာမှောင်နေ လိုက်တာ ကြယ်ရောင်ကလေးပဲရှိတယ်။ ဂျိုင်းခနဲဆွဲပိတ်လိုက်တဲ့ သွပ်ပြားတံခါးသံကြားလိုက်ရတယ်။ ပြီးတော့ တခစ်ခစ်နဲ့ သဘောကျပြီးရယ်သံကိုလဲ ကြားရတယ်။

ကျိန်းသေတယ်။ ဒါမလုံးတင်ရဲ့ရယ်သံပဲ။ နာရီကိုကြည့်ဖို့ လက်မြှောက်လိုက်တော့ မရှိတော့ဘူး။ သူ့မွေးနေ့မှာ မိန်းမဝယ်ပေးထားတဲ့ ရိုးလက်နာရီမရှိတော့ဘူး။ လက်သူကြွယ်က စိန်လက်စွပ်၊ လက်ခလယ်က နဝရတ်လက်စွပ်၊ ညာဘက်လက်ကောက်ဝတ်က Hand Chain၊ လည်ပင်းကဆွဲကြိုး၊ ဘာမှမရှိတော့ဘူး။ ကားဖိုးငွေ သိန်းနှစ်ရာ ကျော်ထည့်ထားတဲ့ အိတ်ကြီးလဲ ကျန်ရစ်ခဲ့ရှာပြီ။ မဆီမဆိုင်တစ်ကိုယ် လုံးရေနွေးဖြောပြီး အမွေးတွေစင်အောင်နုတ်၊ ရေစင်စင်ဆေးပြီး ဈေးဗန်းပေါ်တင်ထားတဲ့ ကြက်ဖကြီးကိုသွားပြီး မျက်စိထဲမှာမြင်ယောင်မိတယ်။ မိုတ်တစ်ချည်လင်းတစ်လှည့်ကြယ်ကလေးတွေရဲ့ အလင်းရောင်အောက်မှာ စိတ်နဲ့လူနဲ့မကပ်ဘဲ မြို့ကလေးဘက်ဆီ သူလျှောက် လာစဉ်မှာ ဘော်ဒီရုံထဲကနေ တခစ်ခစ်နဲ့ သဘောကျစွာရယ်လိုက်တဲ့ မလုံးတင်ရဲ့ရယ်သံဟာ သူ့နောက်ကို လိုက်ပါလာနေလေရဲ့။

## နိုင်ငံချစ်စိတ် အမျိုးချစ်စိတ်

\- နိုင်ငံတော် စဉ်အေးချမ်းစေဖို့
ဘေးမသန်း စောင့်ရှောက်ပါ၊
လူတိုင်းတွင် တာဝန်ရှိလို့
သတိလက်မကွာ၊
အန္တရာယ်များ ကျရောက်လာ
သွေးမဟာ သတ္တိမွေး၊
ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးတို့
နိုးဆော်လို့ပေး။

\- ဇာတိမာန် ဇာတိသွေးနှင့်
တက်ကြွမနေး စည်းလုံးညီ၊
မခွဲအတူ လက်တွဲမှုတို့
စံပြုဟန်ချီ၊
ဝင့်ဝင့်ကြွား ထွန်းသစ်မည်
မြန်မာ့ဂုဏ်ရည် အစဉ်မရိုင်း၊
အမျိုးဘာသာ သာသနာကျိုးမို့
သယ်ပိုးချိန်တိုင်း။

\- မြန်မာ့အမွေ မြန်မာ့သမိုင်းရယ်က
တုနှိုင်းလို့ ကမ္ဘာပေါ်၊
စိန်ရွှေရောင် သရဖူဆောင်းလို့
ကောင်းခြင်းထင်ကျော်၊
နိုင်ငံချစ်စိတ် အမျိုးဂုဏ်ဖော်
ထင်ဟပ်သနော် မြန်မာအစွမ်း၊
ယနေ့တိုင်
မမေ့နိုင် အကွခရာဇျည်းသို့
ကမ္ဘည်းဘောင်လွှမ်း။ ။

ရင်ခတ်ပန်း(စွယ်တော်)

# ညောင်ရွှေမြို့နယ် ပန်းပဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ညောင်ရွှေ မေ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟဲယာရွာမကျေးရွာအုပ်စု ပန်းပဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို မေ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက ပန်းပဲကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့်ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ပန်းပဲကျေးရွာ၌ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦး၊ ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ ၂၉ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူဦးရေ ၁၀၀၊ အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၂ ဦးကို ငွေကျပ် ၅၆ ဒသမ ၆၅ သန်း ထုတ်ချေး ပေးထားကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# သစ်ပင်သစ်တောများ၏ ကျေးဇူး

**မန်းတင့်မော်**

ကမ္ဘာပေါ်တွင် သစ်ပင်များ မည်သည့်အချိန်က ပေါ်ပေါက်ခဲ့ပါသနည်းဟူသောမေးခွန်းကို ဆင့်ကဲဖြစ်စဉ် သဘောတရားဖြင့် ချဉ်းကပ်လေ့လာခဲ့ကြသည်။ ဘူမိဗေဒသက်တမ်းအရ လွန်ခဲ့သောနှစ်သန်းပေါင်း ၂၀၀၀ ခန့်က အပင်ဟူ၍ စတင်သတ်မှတ်နိုင်သည်ဟု ပညာရှင်များကဆိုသည်။ အပင်များ စတင်ပေါ်ပေါက်ခဲ့သည်မှာ ယနေ့တိုင်ကမ္ဘာပေါ်တွင် နေရာအနှံ့အပင်များကို တွေ့ရှိနိုင်သည်။ အဓိကအားဖြင့် ကုန်းမြေတွင် ပေါက်ရောက်သောအပင်နှင့် ရေချိုရေငန်တွင် ပေါက်ရောက်သော အပင်ဟူ၍ ခွဲခြားနိုင်သည်။ ပင်လယ်တွင်းရှိအပင်၊ ကုန်းမြေပေါက်အပင်တို့မှ တောင်တန်းဒေသများထိ အပင်များဖုံးလွှမ်းလျက်ရှိသည်။ အလွန်ပူပြင်းသော သဲကန္တာရမှသည် အလွန်အေးသော ဝင်ရိုးစွန်းဒေသထိလည်း အပင်များ ပေါက်ရောက်ရှင်သန်နိုင်စွမ်းရှိကြသည်။ ကမ္ဘာ့မျက်နှာပြင်၏ ၄၀ ရာခိုင်နှုန်းခန့်ကို အရွယ်အစားနှင့် ပုံသဏ္ဍာန်အမျိုးမျိုးရှိသည့် အပင်များကလွှမ်းခြုံထားသည်ဟု ပညာရှင်များက တွက်ဆထားသည်။ ကမ္ဘာ့အပင်အမျိုးအစားပေါင်း နှစ်သောင်းခုနစ်ထောင်ကျော်ခန့်ရှိပြီး အလွန်သေးငယ်သော အဏုဇီဝမျောလေးအပင်များမှသည် အမြင့် မီတာ ၉၀ ခန့်ထိ ရှည်လျားသည့် အပင်များထိရှိသည်။ သက်နုအပင်များမှသည် သက်တမ်းနှစ်ငါးထောင်ခန့်ရှိသော ထင်းရှူးပင်ကြီးများထိလည်း တည်ရှိနေသည်။

သစ်ပင်ငယ်များနှင့် သစ်ပင်ကြီးများဟူ၍ အခြေခံအားဖြင့် ခွဲနိုင်သည်။ မြင်လွယ်သောမြက်တောများ၊ ချုံပင်များကို အပင်ငယ်များဟု သတ်မှတ်နိုင်ပြီး မြင့်မားသောပင်စည်ရှိပြီး သစ်သားအမာဖြင့် ဖွဲ့စည်းထားပါက သစ်ပင်ကြီးများဖြစ်သည်။ သစ်ပင်ကြီးများကို ရွက်ကြွေပင်နှင့် ထင်းရှူးပင်ဟူ၍ ထပ်မံခွဲခြားနိုင်သည်။ အပင်များသည် သတ္တဝါများပြီးလျှင် ဒုတိယနေရာတွင် ရပ်တည်လျက်ရှိသော သက်ရှိများဖြစ်သည်။ ဂေဟစနစ်အတွက် အလွန်အရေးပါသော သက်ရှိဟုဆိုနိုင်သည်။ သစ်ပင်သစ်တောများ၏ ကျေးဇူးကား များပြားလှသည်။

သစ်ပင်၊ သစ်တောများနှင့် လေထုဆက်စပ်မှုက အထူးအရေးပါသည်။ လေထုအတွင်းသို့ လူနှင့် သတ္တဝါများ အသက်ရှင်သန်ရန်လိုအပ်သော အောက်ဆီဂျင်ဓာတ်ငွေ့ကို ထုတ်လွှတ်ပေးသည်။ လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ကိုစုပ်ယူ၍ အပင်၏ အစာဖြစ်သော သကြားကိုဖွဲ့စည်းသည်။ လေထုတွင်းသို့ လူနှင့်တိရစ္ဆာန်တို့မှ ရှူထုတ်လိုက်သော ကာဗွန်ဒိုင်အောက်ဆိုက်များ ရောက်ရှိလာသည်။ ထို့ပြင် လူတို့အသုံးပြုသော မီးအမျိုးမျိုး(စွမ်းအင်) အသုံးများမှလည်း ကာဗွန်ဒိုင်အောက်ဆိုက်က လေထုတွင်း ပျံ့နှံ့လျက်ရှိသည်။ သစ်ပင်များက ကာဗွန်ဒိုင်အောက်ဆိုက် စုပ်ယူခြင်းအားဖြင့် လေထုသန့်စင်စေသည်။ ထို့ကြောင့် သစ်ပင်၊ သစ်တောများကို လေထုသန့်စင်သော သဘာဝစက်ရုံများဟူ၍လည်းကောင်း သို့မဟုတ်ကမ္ဘာကြီး၏အဆုတ်ဟူ၍လည်းကောင်း တင်စားခေါ်ဝေါ်လေ့ရှိသည်။ ယခုအခါ လေထုညစ်ညမ်းမှုကို ကမ္ဘာ့နိုင်ငံအများစုတွင် ကြုံတွေ့ရလျက်ရှိရာ သစ်ပင်၊ သစ်တောများ၏ ကျေးဇူးကြောင့် လေထုညစ်ညမ်းမှုလျော့ပါးစေသော အချက်ကို သတိမူသင့်ကြသည်။ ကမ္ဘာပေါ်တွင် ကာဗွန်ဒိုင်အောက်ဆိုက်ကို အဓိကစုပ်ယူပေးနေသည်မှာ သစ်ပင်နှင့်ပင်လယ်များဖြစ်သည်ဟု မှတ်သားရသည်။ နှစ်စဉ်ကမ္ဘာကြီးမှ ထုတ်လွှတ်သော ကာဗွန်ဒိုင်အောက်ဆိုက် ဘီလီယံခုနစ်တန်ရှိရာ ဘီလီယံသုံးတန်ကိုသာ သစ်ပင်နှင့်ပင်လယ်မှ စုပ်ယူပေးနိုင်သည်။ ကျန်ဘီလီယံလေးတန်မှာ ဖန်လုံအိမ်အာနိသင်အဖြစ် ကမ္ဘာကြီးကို ပူနွေးစေသည်ဟုဆိုသည်။ သစ်ပင်၊ သစ်တောများ၏ ကျေးဇူးကို ထင်ဟပ်စေသော ကိန်းဂဏန်းများဟု မှတ်ယူရပါမည်။



သစ်ပင်၊ သစ်တောများက မြေဆီလွှာ ထိန်းသိမ်းရေးကိုလည်း အကျိုးပြုလျက်ရှိနေသည်။ သေးငယ်လွန်းသော မြက်ပင်ကလေးမှသည် ဧရာမသစ်ပင်ကြီးများထိ အမြစ်များက မြေကိုကုပ်တွယ်ထားကြသဖြင့် မြေဆီလွှာကိုအခြေခံအားဖြင့် ထိန်းသိမ်းပြီးဖြစ်သည်။ မိုးရွာသောအခါ မိုးရေကြောင့် မြေဆီလွှာတိုက်စားခြင်းကိုလည်း ကာကွယ်ပေးသည်။ ထို့ကြောင့် မြစ်ချောင်းကမ်းများတွင် နေထိုင်သူများအတွက် ကမ်းပြိုခြင်းဘေးကိုလည်း တားဆီးရာရောက်သည်။ သစ်တော၊ သစ်ပင်မှကြွေကျသော သစ်ရွက်ခြောက်များကလည်း ဆွေးမြည့်သွားသောအခါ မြေသြဇာအဖြစ် မြေဆီလွှာ၏တန်ဖိုးကို မြင့်တက်စေပါသေးသည်။ မိုးရေနှင့် မြေအောက်ရေကို အမြစ်များမှ စုပ်ယူပေးသဖြင့် သစ်တောသစ်ပင်၏ စိမ်းလန်းစိုပြည်မှုကိုလည်း ရရှိနိုင်ပါသေးသည်။

အပင်မှရေများကိုစုပ်ယူပြီး ပိုလျှံသော အပင်အတွင်းရှိရေများကို အပင်ရှိ အရွက်များမှတစ်ဆင့် ပြင်ပလေထုတွင်းသို့ လွှတ်ထုတ်လေ့ရှိသည်။ ပင်ငွေ့ပြန်ခြင်းဟုခေါ်ဆိုသည်။ အများအားဖြင့် ပင်ငွေ့ပြန်ခြင်းကို နံနက်ခင်းအချိန်များတွင် တွေ့နိုင်သည်။ နံနက်စောစော မြက်တောများအတွင်း ဖြတ်လျှောက်လျှင် ပင်ငွေ့ပြန်ရာမှရလာသော ရေများကိုထိတွေ့နိုင်သည်။ နှင်းစက်နှင်းပေါက်များမဟုတ်။ ပင်ငွေ့ပြန်ခြင်းသာဖြစ်သည်။ ပင်ငွေ့ပြန်ခြင်းကြောင့် အပင်၏ အသက်ရှင်သန်ရပ်တည်မှုကို အဓိကအထောက်အကူပြုသကဲ့သို့ ပတ်ဝန်းကျင်ကို အေးမြစေသော အကျိုးကျေးဇူးရရှိနိုင်သေးသည်။

သစ်ပင်၊ သစ်တောများက နေရောင်ခြည်ကို ကာကွယ်ပေး၍ အရိပ်ရရှိစေသည်။ သစ်ရိပ်ဝါးရိပ်ကို ခို၍ အေးမြမှုကိုရရှိခံစားနိုင်သည်။ သစ်ပင်ကပေးသောအရိပ်ကို မြန်မာတို့က အလေးထားလေ့ရှိသည်။ သစ်ပင်၏ကျေးဇူးကိုလည်း သိရှိနားလည်စေရန် ဘိုးဘွားမိဘများက သားသမီးမြေးမြစ်များကို ပြောဆိုဆုံးမလျက်ရှိသည်။ "အရိပ်နေနေ အခက်ချိုးချိုးမလုပ်ရ"ဟူသော စကားက သစ်ပင်၏ကျေးဇူးကို သိနားလည်ရန် ညွှန်းဆိုခြင်းဖြစ်သည်။ သစ်ပင်များက လေဒဏ်မိုးဒဏ်ကိုလည်း ကာကွယ်ပေးပါသေးသည်။ သစ်ပင်ကြီးများစိုက်ထားလျှင် အတော်အသင့် လေပြင်းဒဏ်ကိုခံနိုင်သည်။ မိုးကြီးခြင်းကိုလည်း မြေပြင်သို့မကျရောက်မီ သစ်ပင်ကခံ၍ လျော့ပါးစေနိုင်ပါသေးသည်။

"သစ်တစ်ပင်ကောင်းငှက်တစ်သောင်းနား"ဟူသောစကားနှင့် "ကျေးငှက်သားရဲတောမှာမြဲ၏"ဟူသော အဆိုတို့သည် သစ်ပင်သစ်တောများနှင့် သတ္တဝါတို့ဆက်စပ်ပုံကို ညွှန်းဆိုလျက်ရှိသည်။ သစ်ပင်၊ သစ်တောကို သတ္တဝါများက နားခိုရာအဖြစ် အသုံးပြုကြသည်။ ထို့အတူ သတ္တဝါများအတွက် အစားအစာများကိုလည်း ပေးသေးသည်။ အပင်နှင့် သတ္တဝါတို့က ဂေဟစနစ်ကို ဟန်ချက်ညီအောင် ထိန်းကျောင်းပေးလျက်လည်းရှိသည်။ သတ္တဝါတို့အတွက်သာမဟုတ်။ လူတို့အတွက်လည်း သစ်ပင်၊ သစ်တောများရှိခြင်းက အကျိုးများစွာဖြစ်ထွန်းစေသည်။ လူတို့နေထိုင်ရာ အိုးအိမ်အဆောက်အအုံအတွက် သစ်များ၊ ဝါးများကိုပေးသည်။ လောင်စာအတွက် ထင်းနှင့်မီးသွေးကလည်း သစ်တောထွက်များဖြစ်သည်။ အရွက်၊ အပွင့်၊ အသီး၊ အစေ့နှင့် အမြစ်များကလည်း စားစရာနှင့် ဆေးဝါးအဖြစ် သစ်တောများက သဘာဝလက်ဆောင်ပါပါသေးသည်။ လူ့အကျိုးပြုသစ်ပင်များ၊ သစ်တောများကို "သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကိုနှစ်စဉ်စိုက်၊ ရွှေတိုက်ကိုစိုး"ဟူ၍ နှိုးဆော်ထားသည်မှာ လိုက်ဖက်ညီသည်ဟု အခိုင်အမာဆိုနိုင်သည်။

သစ်ပင်၊ သစ်တောများက ကမ္ဘာ့နေရာအနှံ့ပေါက်ရောက်တည်ရှိနေသည်။ မိုးသစ်တော၊ အပူပိုင်းသစ်တောနှင့် တောင်ပေါ်ထင်းရှူးတောများဟု အခြေခံအားဖြင့် ပိုင်းခြားနိုင်သည်။ ပင်လယ်ကမ်းစပ်နှင့် နီးစပ်ရာတွင် ပေါက်ရောက်ရှင်သန်ကြသော ဒီရေတောများကလည်း သစ်ပင်၊ သစ်တောစာရင်းဝင်ဖြစ်ပြီး ဂေဟစနစ်အတွက် အထူးအရေးပါလျက်ရှိသည်။ ဒီရေတောများက ဒီရေလှိုင်းတွေရဲ့ အန္တရာယ်ကို တားဆီးပေးနိုင်သော သဘာဝအကာအရံခံတပ်များဖြစ်ကြသည်။ ဒီရေတောများက ကုန်းမြေနှင့်ရေထိစပ်ရာနေရာများတွင် ပေါက်ရောက်လေ့ရှိသည်။ ဒီရေတော အပင်များကို မြင့်မားသောအပင်များအကိုင်းအခက်ထူပြီး ဆူးပါသောချုံပင်များနှင့် မြေလျှောက်ပင်ကဲ့သို့ ရေစပ်တွင် ပေါက်ရောက်သော ရေလျှောက်ပင်များပါဝင်သည်။ ဒီရေတောအပင်များက ကုန်းပေါ်ပေါက်အပင်များထက် ဆားငန်ရေဒဏ်ကိုခံနိုင်သည်။ ပင်လယ်ကမ်းရိုးတန်းဒေသများသည် ကုန်းတွင်းပိုင်းထက် အပူချိန်ပိုလေ့ရှိတတ်ပြီး လေပြင်းမုန်တိုင်းနှင့် ပင်လယ်ဒီရေလှိုင်းတွေရဲ့ ပြင်းထန်သောဒဏ်ခံရလေ့ရှိသည်။ ထို့ကြောင့် ဒီရေတောရှိအပင်များက အဆိုပါဒဏ်များကို ခံနိုင်ရည်ပို၍ ရှိကြသည်။ ဒီရေတောများက ကုန်းတွင်းပိုင်းတွင် နေထိုင်ကြသောလူနှင့် အခြား သတ္တဝါများစွာအတွက် ရေကြီးခြင်းအန္တရာယ်နှင့် လေပြင်းမုန်းတိုင်းဘေးမှ ကာကွယ်ပေးထားသော ခံတပ်များဟု ဆိုနိုင်သည်။

ကျေးဇူးများသော သစ်ပင်၊ သစ်တောများက လျော့ပါးလာလျက်ရှိသည်ကို အများသိဖြစ်သည်။ တောမီးလောင်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း စသော သဘာဝကြောင့် သစ်ပင်၊ သစ်တောများ ပျက်စီးနိုင်သည်။ သဘာဝအလျောက်ပျက်စီးခြင်းထက် လူတို့၏ ပယောဂကြောင့် သစ်ပင်၊ သစ်တောများ ပြုန်းတီးခြင်းက ပိုသည်ဟုလည်းသိရသည်။ အဖိုးတန်သစ်များကို မဆင်မခြင်ခုတ်ယူခြင်း၊ တရားမဝင်ရောင်းဝယ်ခြင်း၊ အစားထိုးစိုက်ပျိုးမှု မလုံလောက်ခြင်း စသော အကြောင်းများစွာရှိသည်။ လူတို့အသုံးပြုနိုင်သော သစ်တစ်ချောင်းရရှိရန် နှစ်ပေါင်းများစွာစိုက်ပျိုး၊ ခုတ်လှဲ၊ အခြောက်ခံပြီးမှသာ ရရှိနိုင်သည်။

သစ်ပင်၊ သစ်တောများကို စနစ်တကျစီမံခန့်ခွဲရန် လိုအပ်သည်ဟု ပညာရှင်များက ထောက်ပြလေ့ရှိသည်။ သက်ဆိုင်ရာမှလည်း သစ်ပင်၊ သစ်တောများကို ဥပဒေပြဋ္ဌာန်း၍ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်လည်းရှိသည်။ သို့ဖြစ်ရာ သစ်ပင်၊ သစ်တောများ၏ကျေးဇူးကို အထူးသိမြင်လျက် ပတ်ဝန်းကျင်ရှိ သစ်ပင်၊ သစ်တောများကို အလေးထားပြီး ကာကွယ်စောင့်ရှောက် ထိန်းသိမ်းစိုက်ပျိုးကြရန်မှာ အားလုံးတွင် တာဝန်ရှိနေပါကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

**- သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး စာစောင်များ**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၃၅၅ ဧက စိုက်ပျိုးမည်


ယခင်နှစ်က မုန်လာဥစိုက်ခင်းကို တွေ့ရစဉ်။

မင်းကင်း မေ ၈

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၃၅၅ ဧကစိုက်ပျိုးမည်ဖြစ်ကြောင်း မင်းကင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မင်းကင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက် ၂၃၅၅ ဧကစိုက်ပျိုးရန် လျာထားပြီး အဆိုပါ ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို မေလ တတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက် ၂၃၅၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေ စိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေပေးမယ်" ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ရွှေတောင်မြို့နယ် ဆေးပုလဲကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ရွှေတောင် မေ ၈

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နွားခြံကုန်းကျေးရွာအုပ်စု ဆေးပုလဲကုန်းကျေးရွာ၌ နေကြာ အပါအဝင် အခြားဆီထွက်သီးနှံ စိုက်ပျိုးသော တောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေထုတ်ချေးခြင်းကို မေ ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရွှေတောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ခိုင်ဇော်က ရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်း လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၁၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဆေးပုလဲကုန်းကျေးရွာရှိ နေကြာနှင့် အခြားဆီထွက်သီးနှံများစိုက်ပျိုးမည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၃ ဦးကို ရန်ပုံငွေကျပ် သိန်း ၁၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချိုသန်းညွှန့်**


# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၅၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ပန်းတနော် မေ ၈

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၅၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ဆန်၊ စပါး၊ ဖွဲရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်းက ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၅၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဧပြီလအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၅၈၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖွဲနုက စပါး ကြိတ်ခွဲရင်ထွက်လာတဲ့ ကုန်ကြမ်း တစ်ခုဖြစ်ပါတယ်။ ပြည်တွင်းမှာ တိရစ္ဆာန်အစာအဖြစ် အသုံးပြုတာ



များပါတယ်။ လက်ရှိ မေလထဲမှာလဲ ဖွဲနုအိတ်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေပါတယ်။ မွေးမြူရေးလုပ်ငန်းတွေ အပြိုင်လည်ပတ် လုပ်ကိုင်နေတာကြောင့် ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေတာပါ။ အခုလို ဖွဲနုအိတ်တွေ ဝယ်ယူအားကောင်းလာတော့ တောင်သူတွေ၊ ဆန်စက်ပိုင်ရှင်တွေ၊ လုပ်သားတွေ အဆင်ပြေလာပါတယ်"ဟု ပန်းတနော်မြို့နယ် ဆန်၊ စပါး၊ ဖွဲရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ထွက်ရှိသည့် ဖွဲနုများကို ဒေသမွေးမြူရေး လုပ်ငန်းရှင်များက အများဆုံး ဝယ်ယူလျက်ရှိသည့်အပြင် ရန်ကုန်ဈေးကွက်သို့လည်း တင်ပို့ရောင်းချလျက်ရှိပြီး ဖွဲနုအိတ်ရေ ၁၀၀ လျှင် ငွေကျပ် ၂၈၅၀၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဆင်ပေါင်ဝဲမြို့နယ် ထူးပေါက်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

ဆင်ပေါင်ဝဲ မေ ၈

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ငန်းပြားကျေးရွာအုပ်စု ထူးပေါက်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို မေ ၇ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျနှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ထူးပေါက်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထူးပေါက်ကျေးရွာ၌ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း လုပ်ငန်းကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၈ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဧပြီလ စတုတ္ထပတ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပြီး အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးသွားပါက အိမ်ခြေ ၁၇၀ မှ လူ ၉၀၈ ဦးတို့အတွက် သောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက ပြောပြ၍ သိရသည်။

**ငြိမ်းသူ(စလင်း)**



# ကြံခင်းမြို့နယ် အင်းတိုင်းကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

ကြံခင်း မေ ၈

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းတိုင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မေ ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။


ရှေးဦးစွာ ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မူမူသင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံများက စီမံကိန်းလက်စွဲစာစောင်ပါ စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကော်မတီဝင်များ၏ တာဝန်နှင့် ရပိုင်ခွင့်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကော်မတီဝင်ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အင်းတိုင်းကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုး၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **သံသာ**

# ဉာဏ်ရည်တု AI လက်တွေ့ဘဝကို ဖော်ဆောင်သည့် အရှေ့တောင်အာရှ၏ ဒစ်ဂျစ်တယ်စီးပွားရေး




အရှေ့တောင်အာရှ၏ ဒစ်ဂျစ်တယ်စီးပွားရေးသည် အခြေခံဒစ်ဂျစ်တယ်ဆယ်စုနှစ်တစ်ခုကို အဆုံးသတ်ခဲ့ပြီး ဤအသွင်ပြောင်းလဲမှု၏အတိုင်းအတာမှာ ငြင်းမရနိုင်သောအချက်ပင်ဖြစ်သည်။ Google၊ Temasek နှင့် Bain & Company တို့၏ e-Conomy SEA 2025 အစီရင်ခံစာအသစ်တွင် အရှေ့တောင်အာရှဒေသ၏ဒစ်ဂျစ်တယ်စီးပွားရေးသည် ယခုနှစ်တွင် စုစုပေါင်းကုန်စည်တန်ဖိုး အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀၀ ကျော်မည်ဟု ခန့်မှန်းထားပြီး လွန်ခဲ့သော ၁၀ နှစ်ကပထမဆုံးခန့်မှန်းချက်ထက် ၁ ဒသမ ၅ ဆပိုများသည်။ သို့သော် ဤအံ့မခန်းအောင်မြင်မှုသည်ပန်းတိုင်မဟုတ်သေးချေ။ ၎င်းသည် ဒေသ၏နောက်ထပ်အကြီးမားဆုံးပြောင်းလဲမှုဖြစ်သည့် ဉာဏ်ရည်တု AI လက်တွေ့ဘဝကို ချက်ချင်းစတင်ခြင်းဖြစ်သည်။

ဒစ်ဂျစ်တယ်စီးပွားရေး၏ နောက်ဆယ်စုနှစ်တွင် AI သည် ထိရောက်မှုကိရိယာတစ်ခုထက်ပို၍ ဒေသ၏အလားအလာအပြည့်အဝကို ဖွင့်လှစ်ပေးသည့် ဉာဏ်ရည်ထက်မြက်သော လမ်းညွှန်တစ်ဦးဖြစ်လာမည်။ ထို့ကြောင့် ဒစ်ဂျစ်တယ်စီးပွားရေးသည် နက်ရှိုင်းသောဖွဲ့စည်းပုံဆိုင်ရာအပြောင်းအလဲတစ်ခုလိုအပ်လာပြီဖြစ်သည်။ ၎င်းအတွက် အဓိကသော့ချက်မှာ ဒစ်ဂျစ်တယ်စီးပွားရေး၏ ကဏ္ဍအားလုံးတွင် AI ကို နက်ရှိုင်းစွာလက်ခံကျင့်သုံးခြင်းနှင့် ပေါင်းစပ်ခြင်းတို့ဖြစ်သည်။ ဤအပြောင်းအလဲသည် ဉာဏ်ရည်ထက်မြက်သော စီးပွားရေးအသစ်တစ်ခုကို အားဖြည့်ပေးရာရောက်သည်။

အရှေ့တောင်အာရှ၏ AI အသွင်ပြောင်းလဲမှုကို မောင်းနှင်ပေးသော အစွမ်းထက်ဆုံးအင်ဂျင်မှာ မိုဘိုင်းဦးစားပေးဖြစ်သည်။ လွန်ခဲ့သောဒစ်ဂျစ်တယ်ဆယ်စုနှစ်အတွင်း အွန်လိုင်းသို့ဝင်ရောက်လာသော အသုံးပြုသူအသစ် သန်း ၂၀၀ သည် တက်ကြွသောစားသုံးသူအခြေခံဖြစ်ကြောင်း ဖော်ပြနေသည်။ ယနေ့ခေတ်တွင် လူငါးဦးလျှင် သုံးဦးသည် ယခုအခါ အွန်လိုင်းမှဈေးဝယ်ကြပြီး ငွေပေးချေမှုအားလုံး၏ ၆၀ ရာခိုင်နှုန်းကျော်သည် ဒစ်ဂျစ်တယ်စနစ်ဖြစ်သည်။ ဤဒစ်ဂျစ်တယ်ကျွမ်းကျင်မှုက AI ခေါင်းစဉ်များအပေါ် စားသုံးသူများ၏စိတ်ဝင်စားမှုသည် ကမ္ဘာ့ပျမ်းမျှထက် သုံးဆခန့်မြင့်မားနေသည်။

အဆိုပါအကျိုးကျေးဇူးများသည် လက်တွေ့ကျသည်။ အသုံးပြုသူ လေးဦးလျှင် သုံးဦးက AI ဖြင့်မောင်းနှင်သောကိရိယာများသည် ၎င်းတို့ကို အကြောင်းအရာများကို ရှာဖွေတွေ့ရှိရန်နှင့် အလုပ်များကို ပိုမိုလွယ်ကူစေရန် ကူညီပေးခဲ့ကြောင်း အစီရင်ခံခဲ့ကြသည်။

အသုံးပြုသူများ၏ စူးစမ်းလိုစိတ်မြင့်မားခြင်းသည် အရေးကြီးသောအပြောင်းအလဲနှစ်ခုကို တိုက်ရိုက်ဖြစ်ပေါ်စေသည်။ ပထမအချက်အနေဖြင့် AI သည် စူးစမ်းလေ့လာမှုအတွက် နယ်ပယ်သစ်တစ်ခုဖြစ်လာသည်။ သုံးစွဲသူ ၇၅ ရာခိုင်နှုန်းက AI ဖြင့်မောင်းနှင်သောပလက်ဖောင်းများသည် ၎င်းတို့၏ ရွေးချယ်မှုများကို တိုးချဲ့ရန်နှင့် အလုပ်များကို ပိုမိုလွယ်ကူစေရန် ကူညီပေးသည်ဟု ဆိုကြသည်။

ဒုတိယအချက်အနေဖြင့် ရွေးချယ်စရာများပြည့်နှက်နေသောဈေးကွက်တွင် AI သည် လေးလံသောဝန်များကို အလွယ်တကူလုပ်ဆောင်ခြင်းဖြင့် ရွေးချယ်မှုကိုစီမံခန့်ခွဲရန် ကူညီပေးသည့် ဉာဏ်ရည်ထက်မြက်သော လျှော့ချရေးစစ်ထုတ်ကိရိယာတစ်ခုဖြစ်လာသည်။ သုံးစွဲသူ ၄၅ ရာခိုင်နှုန်းက သုတေသနနှင့် နှိုင်းယှဉ်မှုများတွင် အချိန်ကုန်သက်သာစေခြင်းသည် AI အင်္ဂါရပ်များကို အသုံးပြုရန် ၎င်းတို့၏ အဓိကလှုံ့ဆော်မှုဖြစ်သည်ဟု ဆိုကြသည်။

ဒစ်ဂျစ်တယ်စီးပွားရေးကဏ္ဍတွင် AI ကိုပေါင်းစပ်အသုံးပြုခြင်းသည် ကနဦးရှာဖွေတွေ့ရှိမှုမှ အေးဂျင့်သို့မဟုတ် အလိုအလျောက်ဝယ်ယူမှုကဲ့သို့သော လုပ်ငန်းဆောင်တာများသို့ရွေ့လျားနေသော သုံးစွဲသူခရီးတစ်ခုလုံးကို တက်ကြွစွာပြန်လည်ပုံဖော်နေသည်။ ၎င်းတို့သည် အသုံးပြုသူကိုယ်စား AI မှ လုပ်ဆောင်ချက်များကိုပြီးမြောက်စေသည့်စနစ်များကို လက်ခံကျင့်သုံးရမည်ဖြစ်သည်။ ၎င်းတွင် သုံးစွဲသူယုံကြည်မှုကိုတည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းအပေါ် နက်ရှိုင်းစွာအာရုံစိုက်ရန်လိုအပ်ပြီး ၎င်းသည် AI လက်တွေ့ဘဝတွင် အရေးကြီးသောအချက်ဖြစ်သည်။

သုံးစွဲသူမောင်းနှင်သောဝယ်လိုအားသည် စီးပွားရေးလုပ်ငန်းများအား ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှုများကိုပြောင်းလဲရန် တွန်းအားပေးနေသောကြောင့် တန်ဖိုးအသစ်များကိုဖွင့်လှစ်ရန်၊ ခေတ်မီဖောက်သည်မျှော်လင့်ချက်များကို ဖြည့်ဆည်းရန်နှင့် ထိရောက်မှုကို မြှင့်တင်ရန် AI ကို အသုံးချနိုင်မည်ဖြစ်သည်။ ၎င်းအတွက် ပလက်ဖောင်းများသည် ထုတ်လုပ်မှုအမြတ်အစွန်းများ သို့မဟုတ် ကုန်ကျစရိတ်ချွေတာရန်အတွက်သာ AI ကို အသုံးပြုခြင်းထက် ကျော်လွန်၍ စီးပွားရေးတိုးတက်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းအားသာချက်ကို တက်ကြွစွာမြှင့်တင်ရန် လိုအပ်သည်။ အစောပိုင်း AI လက်ခံသူများသည် ထုတ်လုပ်မှုတိုးမြှင့်ခြင်းနှင့် ကုန်ကျစရိတ်ချွေတာခြင်းထက်ကျော်လွန်သော စီးပွားရေးတန်ဖိုးကို သဘောပေါက်နေကြပြီဖြစ်သည်။ တီထွင်ဖန်တီးနိုင်သော AI မှ စီးပွားရေးတိုးတက်မှုကိုအစီရင်ခံကြပြီး AI အေးဂျင့်မှ ရင်းနှီးမြှုပ်နှံမှုအပေါ် သုံးဆကျော်အကျိုးအမြတ်ရရှိနေကြသည်။

အရှေ့တောင်အာရှသည် ဤပြောင်းလဲမှုကို ဦးဆောင်ရန် ဖွဲ့စည်းပုံအရ အားသာချက်ရှိသည်။ ထိုဒေသသည် ဒစ်ဂျစ်တယ် AI စနစ်များစတင်ရာ e-wallets နှင့် အပြန်အလှန်လုပ်ဆောင်နိုင်သော QR ကုဒ်ငွေပေးချေမှုများကိုမှီခိုနေရသည်။ ဤထူးခြားသောအခြေခံအုတ်မြစ်သည် ဆန်းသစ်တီထွင်သူများကို ခေတ်မမီတော့သော ငွေပေးချေမှုအခြေခံအဆောက်အအုံများကို ကျော်လွှားနိုင်စေသည်။ ၎င်းတို့သည် အသုံးပြုသူကိုယ်စား ရှုပ်ထွေးသောလုပ်ဆောင်ချက်များကို ကျိုးကြောင်းဆင်ခြင်ခြင်း၊ စီစဉ်ခြင်းနှင့် လုပ်ဆောင်နိုင်သော အေးဂျင့်ငွေပေးငွေယူစနစ်များဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်တင်နိုင်သည်။

AI ဖြင့်မောင်းနှင်သောတိုးတက်မှုကို တိုးချဲ့ရန်နှင့် ထိန်းသိမ်းရန်လိုအပ်သောအခြေခံအုတ်မြစ်ကို ပံ့ပိုးပေးခြင်းဖြစ်သည်။ ဒေသတွင်း AI အနာဂတ်အပေါ်ယုံကြည်မှုသည် ဤခိုင်မာသောအခြေခံအုတ်မြစ်ကိုတည်ဆောက်ရန် ၎င်း၏ကတိကဝတ်ပေါ်တွင် အခြေခံထားသည်။ AI အရှိန်မြှင့်တင်မှုသည် ခိုင်မာသောရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများလိုအပ်ပြီး ကွာဟချက်များကို ဖြည့်ဆည်းရန်

**❖ ဒစ်ဂျစ်တယ်စီးပွားရေး၏ နောက်ဆယ်စုနှစ်တွင် AI သည် ထိရောက်မှုကိရိယာတစ်ခုထက်ပို၍ ဒေသ၏ အလားအလာအပြည့်အဝကိုဖွင့်လှစ်ပေးသည့် ဉာဏ်ရည်ထက်မြက်သော လမ်းညွှန်တစ်ဦးဖြစ်လာမည်။ ထို့ကြောင့် ဒစ်ဂျစ်တယ်စီးပွားရေးသည် နက်ရှိုင်းသော ဖွဲ့စည်းပုံဆိုင်ရာအပြောင်းအလဲတစ်ခု လိုအပ်လာပြီဖြစ်သည်။ ၎င်းအတွက် အဓိကသော့ချက်မှာ ဒစ်ဂျစ်တယ်စီးပွားရေး၏ ကဏ္ဍအားလုံးတွင် AI ကို နက်ရှိုင်းစွာလက်ခံကျင့်သုံးခြင်းနှင့် ပေါင်းစပ်ခြင်းတို့ဖြစ်သည်။ ဤအပြောင်းအလဲသည် ဉာဏ်ရည်ထက်မြက်သော စီးပွားရေးအသစ်တစ်ခုကို အားဖြည့်ပေးရာရောက်သည်။ ❖**

ဒေသတွင်းရင်းနှီးမြှုပ်နှံမှုများသည် တက်ကြွစွာစီးဆင်းလျက်ရှိသည်။ ၎င်း၏ဒေတာစင်တာစွမ်းရည်သည် အာရှ-ပစိဖိတ်ဒေသ ကျန်ဒေသများအတွက် ၁၂၀ ရာခိုင်နှုန်း တိုးတက်မှုခန့်မှန်းချက်ထက် ပိုမိုမြန်ဆန်ပြီး စွမ်းရည်အသစ် မဂ္ဂါဝပ် ၄၆၀၀ ကျော်ကို စီစဉ်ထားသည်။

အနာဂတ်ကို မျှော်ကြည့်တတ်သော အစိုးရခေါင်းဆောင်မှုသည် ဤရည်မှန်းချက်များကို အားဖြည့်ပေးနေသည်။ စင်ကာပူ၊ မလေးရှား၊ ထိုင်းနှင့် အင်ဒိုနီးရှားကဲ့သို့သော အဓိကနိုင်ငံများသည် အရေးကြီးသော AI အခြေခံအဆောက်အအုံများအတွက် ရန်ပုံငွေများထည့်ရန် ပုဂ္ဂလိကကဏ္ဍနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဤအထက်မှအောက်သို့ ပံ့ပိုးမှုနှင့် ဈေးကွက်မှ သက်သေပြထားသောအကျိုးအမြတ်တို့ ပေါင်းစပ်လိုက်သောအခါ ကမ္ဘာလုံးဆိုင်ရာရင်းနှီးမြှုပ်နှံမှုအတွက် ကောင်းမွန်သောနေရာတစ်ခုကို ဖန်တီးပေးသည်။

နိဂုံးချုပ်အားဖြင့် AI လက်တွေ့ဘဝ(AI Reality)သည် ဉာဏ်ရည်ထက်မြက်သောအနာဂတ်ကို ဦးဆောင်ခြင်းကိုဖော်ပြနေသည်။ ပြန်လည်ထူထောင်ရေးနှင့် အကျိုးအမြတ်ရှိသော တိုးတက်မှုဖြင့် သတ်မှတ်ထားသော အသွင်ပြောင်းဆယ်စုနှစ်တစ်ခုကို အောင်မြင်စွာအဆုံးသတ်နိုင်ခဲ့ပြီးနောက် ဒေသတွင်း၏အနာဂတ်သည် ယခုအခါ အစွမ်းထက်ပြီး ကိုယ်တိုင်အားဖြည့်ပေးသော ဒိုင်းနမစ်ပေါ်တွင် မူတည်နေသည်။ AI ကို လက်ခံကျင့်သုံးရုံသာမက ၎င်း၏ဖွဲ့စည်းပုံဆိုင်ရာအားသာချက်များကို အသုံးချခြင်းဖြင့် ၎င်း၏အလားအလာအပြည့်အဝကို ရရှိရန်အတွက် ထူးခြားသောအနေအထားတွင်ရှိနေသည်။ AI သည် လက်တွေ့ဘဝသို့ ရောက်ရှိနေပြီဖြစ်သော်လည်း ၎င်း၏ကတိကဝတ်ကို အကောင်အထည်ဖော်ရန်အတွက် စည်းလုံးညီညွတ်ပြီး သတိရှိသောကတိကဝတ်များလိုအပ်သည်။ လိုအပ်သောရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများကို တည်ဆောက်နေသည်။ စည်းမျဉ်းစည်းကမ်းဆိုင်ရာအတားအဆီးများကို စီစဉ်နေပြီး စားသုံးသူ(သုံးစွဲသူ)များ၏ စိတ်ဝင်စားမှုနှင့်စီးပွားရေးတိုးတက်မှုကို သက်သေပြနေသည်။ ယခုအခါ အစိုးရများ၊ ပုဂ္ဂလိကကဏ္ဍခေါင်းဆောင်များနှင့် စားသုံးသူများသည် ဂေဟစနစ်အထောက်အကူပြုမှု၏ မရှိမဖြစ်လိုအပ်သောအလွှာကို လုံခြုံစေရန်ဆက်လက်ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။ သို့ဖြစ်ရာ ယခုအခါ ကမ္ဘာ့ AI စီးပွားရေး၏ရှေ့တန်းတွင် အရှေ့တောင်အာရှ၏ ရပ်တည်မှုကိုခိုင်မာစေရန်အတွက် ဉာဏ်ရည်ထက်မြက်သော စီးပွားရေးသို့ အသွင်ကူးပြောင်းမှုကို အရှိန်မြှင့်တင်ရမည်ဖြစ်ပေသည်။

**ကိုးကား**

- Entering the AI reality: How South-East Asia can transition into an intelligent economy by Sapna Chadha- Vice President of Southeast Asia and South Asia Frontier at Google.

**မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)**

# တနင်္ဂနွေနေ့ညကစားမဲ့ အမှတ်ပေးပြိုင်ပွဲမှာ အသင်းလိုက်ကစားပုံကောင်းနေတဲ့ အဲဗာတန်အသင်း၊ ဘီလ်ဘာအိုအသင်း၊ ဖီအိုရင်တီးနားအသင်းတို့ကို အားပေးရမှာပါ

M L




ဥရောပဘောလုံးရာသီပိတ်သိမ်းဖို့ ပွဲစဉ်သုံးပွဲလောက်သာလိုတော့တာကြောင့် အသင်းအားလုံးကပြိုင်ပွဲတိုင်းကို အာရုံစိုက်ကစားလို့ အကြိတ်အနယ်ရှိနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ပတ် တနင်္ဂနွေနေ့ညမှာတော့ ပရီးမီးယားလိဂ်နဲ့ လာလီဂါကခြေစွမ်းပြနေတဲ့အသင်းတွေနဲ့ အသင်းကြီးတွေရလဒ်ကောင်းခဲ့ပေမဲ့ ဘွန်ဒက်လီဂါမှာတော့ ဒေါ့မွန်၊ ပြင်သစ်လီဂူးမှာ လိုင်လီ၊ လန်းစ်၊ စထရာဘော့၊ စီးရီးအေမှာ အေစီမီလန်နဲ့ ဂျူဗင်တပ်တို့ရှုံးခဲ့တာကိုတွေ့ရမှာပါ။ ဒီတစ်ပတ်တနင်္ဂနွေနေ့ညမှာတော့ ခြေရည်တူအသင်းတွေတွေ့ဆုံတဲ့အထဲက ဥရောပဝင်ခွင့်တစ်နေရာ မျှော်လင့်ချက်ရှိနေတဲ့အသင်းတွေကို ဦးစားပေးရွေးချယ်သွားမှာဖြစ်ပြီး အဲဒီထဲကအသင်းလိုက်ကစားအားနဲ့ တိုက်စစ်ပိုင်းထက်မြက်နေတဲ့အသင်းတွေကိုသာ အားပေးသွားမှာဖြစ်ပါတယ်။

## အဲဗာတန်အသင်းကို အားပေးရမှာပါ

ပရီးမီးယားလိဂ် ပွဲစဉ် (၃၆) မှာအကြိုက်တွေ့မိတာကတော့ ပဲလေ့စ်အသင်းနဲ့ အဲဗာတန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ပဲလေ့စ်အသင်းဟာ နည်းပြဂလက်စ်နာလက်အောက်မှာ ခြေစွမ်းပိုင်းတိုးတက်လာတာကြောင့် ပရီးမီးယားလိဂ်ရဲ့ဖြတ်မျဉ်းအသင်းထဲက တစ်သင်းဖြစ်လာတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးပွဲ (၃၄) ပွဲအပြီးမှာ ၁၁ ပွဲနိုင်၊ ၁၀ ပွဲသရေ၊ ၁၃ ပွဲရှုံးရလဒ်နဲ့ ရမှတ် ၄၃ မှတ်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့် (၁၅)မှာရပ်တည်နေပြီး တန်းဆင်းဇုန်က လွတ်မြောက်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အမှတ်ပေးပြိုင်ပွဲမှာ ဖိအားမရှိတော့တဲ့သူတို့အသင်းဟာ ဥရောပပြိုင်ပွဲဖြစ်တဲ့ ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲကိုအာရုံစိုက်ကစားခဲ့လို့ ပြိုင်ဘက်အသင်းအသီးသီးကိုနိုင်ပွဲရယူခဲ့ပြီး ဗိုလ်လုပွဲထိတက်ရောက်ခဲ့တာကိုတွေ့ရမှာပါ။ လာမဲ့ပွဲစဉ်မှာလဲ ကွန်ဖရင့်လိဂ်ဗိုလ်လုပွဲမှာ ဒဏ်ရာရကစားသမားမရှိစေဖို့ ကစားသမားအလှည့်ကျအသုံးပြုလာမှာဖြစ်လို့ အဲဗာတန်ကိုပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့ခက်မှာပါ။

အဲဗာတန်အသင်းဟာ နည်းပြဒိုယက်စ်လက်အောက်မှာ အရင်ပုံစံကောင်းကိုပြန်လည်ရရှိခဲ့တာကြောင့် လက်ရှိမှာ ဥရောပယှဉ်ပြိုင်ခွင့်တစ်နေရာအတွက်မျှော်လင့်ချက်ရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ပွဲစဉ် (၃၅) အပြီးမှာ ရမှတ် ၄၈ မှတ်ထိ စုဆောင်းနိုင်ခဲ့တာကြောင့် အမှတ်ပေးဇယား အဆင့် (၁၀) မှာရှိနေပြီး အဆင့် (၉) က ချဲလ်ဆီးအသင်းနဲ့ရမှတ်တူ၊ အဆင့် (၈)ကဘရိုက်တန်အသင်းနဲ့ ရမှတ်နှစ်မှတ်၊ အဆင့် (၇)ကဘရန့်ဖို့ဒ်နဲ့ ရမှတ်သုံးမှတ်၊အဆင့်(၆)ကဘုန်းမောက်နဲ့ ရမှတ်လေးမှတ်သာ ကွာဟနေတာကိုတွေ့ရမှာပါ။ ဒါကြောင့် အခုပွဲစဉ်ကိုအနိုင်ကစားမယ်ဆိုရင် ဥရောပဝင်ခွင့်တစ်နေရာရဖို့ အခွင့်အရေးရှိလာမှာဖြစ်လို့ နိုင်ပွဲရဖို့ပြင်ဆင်လာမှာသေချာပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်မှာလဲ ခြေစွမ်းပိုင်းထက်မြက်နေတဲ့ မန်စီးတီးအသင်းကို တန်ပြန်တိုက်စစ်ကနေ ဦးဆောင်ဂိုးတွေသွင်းယူပြီး သုံးဂိုးစီသရေရလဒ်ကစားနိုင်ခဲ့တာကိုသတိပြုရမှာပါ။ အခုပွဲစဉ်မှာလဲ သူတို့အသင်းဟာ မန်စီးတီးအသင်းကို ရင်ဆိုင်ခဲ့တဲ့ခြေစွမ်းမျိုးပြသနိုင်ရင်တော့ အမှတ်ပေးပြိုင်ပွဲကိုအာရုံမစိုက်တော့တဲ့ ပဲလေ့စ်အသင်းကို မရှုံးနိုင်ဘူးလို့သုံးသပ်ရတာကြောင့် အဲဗာတန်ကိုပဲ အားပေးရမှာပါ။

**ပဲလေ့စ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပဲလေ့စ် | ၀ | - | ၀ | ဝက်စ်ဟမ်း |
| လီဗာပူး | ၃ | - | ၁ | ပဲလေ့စ် |
| ရက်တာဒိုးနက် | ၁ | - | ၃ | ပဲလေ့စ် |
| ဘုန်းမောက် | ၃ | - | ၀ | ပဲလေ့စ် |
| ပဲလေ့စ် | ၂ | - | ၁ | ရက်တာဒိုးနက် |

**အဲဗာတန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အဲဗာတန် | ၃ | - | ၀ | ချဲလ်ဆီး |
| ဘရန့်ဖို့ဒ် | ၂ | - | ၂ | အဲဗာတန် |
| အဲဗာတန် | ၁ | - | ၂ | လီဗာပူး |
| ဝက်စ်ဟမ်း | ၂ | - | ၁ | အဲဗာတန် |
| အဲဗာတန် | ၃ | - | ၃ | မန်စီးတီး |

## ဘီလ်ဘာအိုအသင်းကို ရွေးရမှာပါ

တနင်္ဂနွေနေ့ညကစားမဲ့ လာလီဂါပွဲစဉ် (၃၅)မှာ အကြိုက်တွေ့မိတာကတော့ ဘီလ်ဘာအိုအသင်းနဲ့ ဗလင်စီယာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ နည်းပြဗယ်ဗာဒီလက်ထက်မှာ ခြေစွမ်းပိုင်းတိုးတက်လာတဲ့ ဘီလ်ဘာအိုအသင်းဟာ နှစ်ပေါင်းများစွာဝေးကွာနေတဲ့ ကိုပါဒယ်ရေးဖလားကိုပြန်လည်ရယူနိုင်ခဲ့သလို ဥရောပပြိုင်ပွဲတွေကိုလဲ နှစ်စဉ်ဝင်ခွင့်ရခဲ့တာကိုတွေ့ရမှာပါ။ အခုရာသီမှာတော့သူတို့အသင်းဟာ နည်းပြရဲ့ကစားကွက်ပိုင်းကို ကစားသမားတွေလိုက်ပါကစားနိုင်ခြင်းမရှိတာကြောင့် ရလဒ်ပိုင်းကျဆင်းသွားပြီး ဥရောပဝင်ခွင့်ရဖို့အတွက်ပါရုန်းကန်ခဲ့ရတာဖြစ်ပါတယ်။ လက်ရှိအမှတ်ပေးပွဲ (၃၄) ပွဲအပြီးမှာ ရမှတ် ၄၄ မှတ်သာရခဲ့တာကြောင့် အဆင့်(၈)မှာရောက်ရှိနေပြီး ဥရောပဝင်ခွင့်အတွက် ရုန်းကန်နေရတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးဇယားအဆင့်(၇)ကဂီတာဖေးအသင်းနဲ့ ရမှတ်လေးမှတ်၊ အဆင့်(၆)ကဆဲလ်တာဗီဂိုအသင်းနဲ့ ရမှတ်သုံးမှတ်သာကွာဟတာကြောင့် အခုပွဲစဉ်ကိုနိုင်ပွဲရခဲ့ရင် လာမဲ့ရာသီဥရောပပြိုင်ပွဲမှာကစားနိုင်ဖို့ သေချာနေတာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်မှာလဲ အလာဗက်လို အိမ်ကွင်းကောင်းတဲ့အသင်းကို ဖိအားပေးကစားနိုင်ခဲ့လို့ လေးဂိုးဂိုးမရှိနဲ့ နိုင်ပွဲရခဲ့တာကြောင့် အခုပွဲမှာ ဗလင်စီယာကို ပွဲချိန်ပြည့်ဖိအားပေးလာမှာသေချာပါတယ်။

ဗလင်စီယာအသင်းကတော့ ပွဲစဉ် (၃၄) အပြီးမှာ ၁၀ ပွဲနိုင်၊ ကိုးပွဲသရေ၊ ၁၅ပွဲရှုံးရလဒ်ရရှိခဲ့ပြီး ရမှတ် ၃၉ မှတ်နဲ့ အဆင့် (၁၂)မှာရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ တန်းဆင်းဇုန်ကလွတ်ဖို့ ရမှတ်တစ်မှတ်လောက်သာလိုတော့သလို လက်ကျန်ပွဲစဉ်တွေမှာ ရမှတ်တစ်မှတ်ရနိုင်ရင် လာလီဂါမှာဆက်ကစားရမှာဖြစ်ပါတယ်။ လက်ရှိခြေစွမ်းပိုင်းကတော့ အတက်အကျမြန်နေပြီး အသင်းငယ်တွေကိုတော့ အနိုင်ကစားထားနိုင်ပေမဲ့ နောက်ဆုံးငါးပွဲမှာတော့ ဂျီရိုနာတစ်သင်းကိုသာ နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ ဗလင်စီယာအသင်းဟာ ဘီလ်ဘာအိုနဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ကိုပါဒယ်ရေးဖလားကွာတားဖိုင်နယ်အဆင့်မှာလဲ နှစ်ဂိုးတစ်ဂိုးနဲ့ရှုံးခဲ့တာဖြစ်ပြီး လက်ရှိဘီလ်ဘာအိုအသင်း တိုက်စစ်ကစားပုံကလဲ အချိတ်အဆက်မိလာတာကြောင့် အခုပွဲစဉ်မှာ ဗလင်စီယာအသင်းရမှတ်ခွဲယူဖို့တောင်ရုန်းကန်ရမှာပါ။ အကျော့ပေးမှုကလဲ ဘီလ်ဘာအိုအသင်းတစ်ဂိုးနဲ့နိုင်ရင်တောင် တစ်ဝက်လောက်ပဲ ပျော့ခွင့်ရဖို့အခြေအနေက အိမ်ရှင်အသင်းအနည်းဆုံးတစ်ဂိုးနဲ့ နိုင်ပွဲရမှာဖြစ်လို့ ဘီလ်ဘာအိုကိုပဲ ရွေးရမှာပါ။

**ဘီလ်ဘာအိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂီတာဖေး | ၂ | - | ၀ | ဘီလ်ဘာအို |
| ဘီလ်ဘာအို | ၁ | - | ၂ | ဗီလာရီးရဲလ် |
| ဘီလ်ဘာအို | ၁ | - | ၀ | အိုဆာဆူနာ |
| အေတီကို | ၃ | - | ၁ | ဘီလ်ဘာအို |
| အလာဗက် | ၂ | - | ၄ | ဘီလ်ဘာအို |

**ဗလင်စီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဗလင်စီယာ | ၂ | - | ၃ | ဆဲလ်တာဗီဂို |
| အယ်ချီ | ၁ | - | ၀ | ဗလင်စီယာ |
| မာယော့ကာ | ၁ | - | ၁ | ဗလင်စီယာ |
| ဗလင်စီယာ | ၂ | - | ၁ | ဂျီရိုနာ |
| ဗလင်စီယာ | ၀ | - | ၂ | အေတီကို |

## ဖီအိုရင်တီးနားအသင်းနဲ့ လက်တွဲရမှာပါ

အီတလီစီးရီးအေ ပွဲစဉ် (၃၆)မှာ အကြိုက်တွေ့မိတာကတော့ ဖီအိုရင်တီးနားအသင်းနဲ့ ဂျီနိုအာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဖီအိုရင်တီးနားအသင်းဟာ အခုရာသီမှာ စီးရီးအေအထွေ့အကြုံရှိတဲ့ ကစားသမားတွေကို ထပ်မံဖြည့်တင်းနိုင်ခဲ့သလို ကစားသမားကောင်းတွေကိုလဲ ဆက်လက်ထိန်းသိမ်းခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ နည်းပြပိုင်အိုလီနဲ့ ကစားသမားတွေကြား နားလည်မှုလွဲမှားခဲ့တာကြောင့် ပထမရာသီဝက်ကာလမှာ မထင်မှတ်တဲ့ပွဲစဉ်တွေမှာ ရမှတ်ဆုံးရှုံးခဲ့ပြီး ရလဒ်ကျဆင်းခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ၂၀၂၃ခုနှစ် နိုဝင်ဘာလမှာ ဖီအိုရင်တီးနားအသင်း နည်းပြအပြောင်းအလဲလုပ်ခဲ့ပြီးနောက်ပိုင်းမှာ ကစားပုံတိုးတက်လာတာကိုတွေ့ရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာလဲ ရိုးမားတစ်သင်းထဲကို အဝေးကွင်းမှာရှုံးထားပြီး ကျန်ပွဲစဉ်တွေမှာရလဒ်ကောင်းခဲ့တာကိုတွေ့ရမှာပါ။ အထူးသဖြင့် အိမ်ကွင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းထက်မြက်တဲ့အသင်းကြီးတွေကိုတောင် နိုင်ပွဲရခဲ့တာကြောင့် အခုပွဲစဉ်မှာ ဂျီနိုအာအသင်းကို ထိန်းချုပ်ကစားနိုင်မှာ သေချာပါတယ်။

ဂျီနိုအာအသင်းဟာ ၂၀၂၂-၂၀၂၃ ဘောလုံးရာသီမှာ စီးရီးဘီပြိုင်ပွဲကို တန်းတက်ပြီးနောက် ခြေစွမ်းပိုင်းတည်ငြိမ်ခဲ့တာကြောင့် လက်ရှိအချိန်ထိ ထိပ်သီးလိဂ်မှာကစားခွင့်ရနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ နှစ်စဉ်ကစားသမားကောင်းတွေ ပေါ်ထွက်လာခဲ့ပေမဲ့ ထိန်းသိမ်းနိုင်ခြင်းမရှိတာကြောင့် ဥရောပကစားခွင့် ဆုံးရှုံးနေရတယ်လို့ဆိုရမှာပါ။ သူတို့အသင်းရဲ့အဝေးကွင်းကစားပုံကတော့ အမှတ်ပေးပွဲ ၁၄ ပွဲမှာ လေးပွဲသာနိုင်ပွဲရခဲ့ပြီး ခံစစ်ပိုင်းကပေးဂိုး ၂၄ ဂိုးထိရှိနေတာကို သတိပြုရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲဆက်မှာလဲနှစ်ပွဲသာအနိုင်ရထားပြီး ခံစစ်ပိုင်းက ပေးဂိုးခြောက်ဂိုးထိရှိနေတာကိုတွေ့ရမှာပါ။ ဒါ့ပြင် နောက်ဆုံးနှစ်ပွဲဆက်မှာလဲ တိုက်စစ်ပိုင်းကဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိတာကြောင့် အခုပွဲစဉ်မှာ ခံစစ်ပိုင်းနဲ့ တိုက်စစ်ကစားပုံမပြင်နိုင်ရင်တော့ အိမ်ကွင်းကစားပုံကောင်းနေတဲ့ ဖီအိုရင်တီးနားရဲ့ပွဲချိန်ပြည့်ထိန်းချုပ်မှုနဲ့ရှုံးပွဲကြုံသွားမှာသေချာပါတယ်။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုတွေမှာလဲ ဖီအိုရင်တီးနားအသင်းက အသာရခဲ့တာကြောင့် အခုပွဲစဉ်မှာ အိမ်ကွင်းအားသာချက်နဲ့ ရမှတ်လိုအပ်နေတဲ့ ဖီအိုရင်တီးနားနဲ့ လက်တွဲရမှာပါ။

**ဖီအိုရင်တီးနားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖီအိုရင်တီးနား | ၁ | - | ၀ | လာဇီယို |
| ဖီအိုရင်တီးနား | ၂ | - | ၀ | ပဲလေ့စ် |
| လက်ချီ | ၁ | - | ၁ | ဖီအိုရင်တီးနား |
| ဖီအိုရင်တီးနား | ၀ | - | ၀ | ဆက်ဆူအိုလို |
| ရိုးမား | ၄ | - | ၀ | ဖီအိုရင်တီးနား |

**ဂျီနိုအာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျူဗင်တပ် | ၂ | - | ၀ | ဂျီနိုအာ |
| ဂျီနိုအာ | ၂ | - | ၁ | ဆက်ဆူအိုလို |
| ပီဇာ | ၁ | - | ၂ | ဂျီနိုအာ |
| ဂျီနိုအာ | ၀ | - | ၂ | ကိုမို |
| အတ္တလန်တာ | ၀ | - | ၀ | ဂျီနိုအာ |

# ပညာရေးနည်းပြများ အလိုရှိသည်

၁။ တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများနှင့် ပညာရေးကျောင်းများတွင် ပညာရေးနည်းပြ(စာပေ)အဖြစ် အမှုထမ်းဆောင်ရန် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်သည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) တက္ကသိုလ်၊ သို့မဟုတ် ကောလိပ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ (ပညာရေးဘွဲ့ရရှိသူများအား ဦးစားပေးမည်။)

( ဂ ) အသက် ၃၀ နှစ်ထက် မကြီးစေရ။

(ဃ) ကျန်းမာရေးကောင်းမွန်ရမည်။

( င ) မည်သည့် ပညာရေးကျောင်းများတွင်မဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၂။ လျှောက်ထားသူသည် အောက်ပါစာရွက်စာတမ်းများ ယူဆောင်လာရမည်-

(က) ကိုယ်ရေးအချက်အလက်။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်(မူရင်းနှင့် မိတ္တူ)။

( ဂ ) အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်းနှင့် မိတ္တူ)။

(ဃ) တက္ကသိုလ်၊ သို့မဟုတ် ကောလိပ်တစ်ခုခုမှ ဘွဲ့ရရှိကြောင်းထောက်ခံချက်၊ သို့မဟုတ် ဘွဲ့လက်မှတ်(မူရင်းနှင့် မိတ္တူ)။

( င ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ကျေးရွာ/ရပ်ကွက်နှင့် ရဲတပ်ဖွဲ့စခန်းတို့မှ ထောက်ခံချက်များ။

၃။ လျှောက်ထားလိုပါက အရည်အချင်းပြည့်မီခြင်း ရှိ/မရှိ စစ်ဆေးခံရန် အောက်ပါပညာရေးကျောင်းများသို့ ၁-၅-၂၀၂၆ ရက်မှစ၍ လူကိုယ်တိုင် သွားရောက်လျှောက်ထားနိုင်သည်-

(က) အမှတ်(၁)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(ရဲမွန်မြို့)။

( ခ ) အမှတ်(၂)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(နေပြည်တော်)။

( ဂ ) အမှတ်(၁)ပညာရေးကျောင်း(မြိတ်မြို့)။

(ဃ) အမှတ်(၂)ပညာရေးကျောင်း(မိတ္ထီလာမြို့)။

( င ) အမှတ်(၃)ပညာရေးကျောင်း(အောင်ပန်းမြို့)။

( စ ) အမှတ်(၄)ပညာရေးကျောင်း(ရဲမွန်မြို့)။

(ဆ) အမှတ်(၅)ပညာရေးကျောင်း(တောင်ငူမြို့)။

( ဇ ) အမှတ်(၆)ပညာရေးကျောင်း(မော်လမြိုင်မြို့)။

(ဈ) အမှတ်(၇)ပညာရေးကျောင်း(မြစ်ကြီးနားမြို့)။

(ည) အမှတ်(၈)ပညာရေးကျောင်း(လားရှိုးမြို့)။

( ဋ ) အမှတ်(၉)ပညာရေးကျောင်း(ပုသိမ်မြို့)။

( ဌ ) အမှတ်(၁၀)ပညာရေးကျောင်း(စစ်တွေမြို့)။

( ဍ ) အမှတ်(၁၁)ပညာရေးကျောင်း(မုံရွာမြို့)။

( ဎ ) အမှတ်(၁၂)ပညာရေးကျောင်း(ကျိုင်းတုံမြို့)။

၄။ ရွေးချယ်ခန့်အပ်ခြင်းခံရပါက အောက်ပါအကျိုးခံစားခွင့်များ ရရှိမည်ဖြစ်ပါသည်-

(က) **လစာ**

| အဆင့်/အတန်း | အခြေခံလစာ | နှစ်တိုး | ပေါင်း |
|---|---|---|---|
| (၁) တပ်ကြပ်ကြီး/နည်းပြ(စစ်သည်အစားခန့်) | ၁၉၈၀၀၀ | ၂၀၀၀ | ၂၀၈၀၀၀ |
| (၂) ဒုတိယအရာခံဗိုလ်/နည်းပြ(စစ်သည်အစားခန့်) | ၂၁၆၀၀၀ | ၂၀၀၀ | ၂၂၆၀၀၀ |
| (၃) အရာခံဗိုလ်/နည်းပြ(စစ်သည်အစားခန့်) | ၂၃၄၀၀၀ | ၂၀၀၀ | ၂၄၄၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀ ကျပ်နှုန်းဖြင့် ၁၀၀၀၀ ကျပ်အထိ ခံစားခွင့်ရှိသည်။ အပိုထောက်ပံ့ငွေအား နိုင်ငံ့ဝန်ထမ်းများနည်းတူ ခံစားခွင့်ရှိသည်။

( ခ ) နေအိမ်၊ ရေ၊ မီးနှင့် တပ်မတော်ဆေးရုံ/ဆေးခန်းများတွင် ဆေးကုသခွင့် အခမဲ့ ခံစားခွင့်ရရှိမည်။

( ဂ ) လုပ်သက် ၅ နှစ်ပြည့်ပါက ပညာရေးဒီပလိုမာ စာပေးစာယူသင်တန်းသို့ တက်ရောက်ခွင့်ရရှိရေးဆောင်ရွက်ပေးမည်။

(ဃ) သက်ဆိုင်ရာကျောင်းမှ ကျောင်းဝတ်စုံ တစ်နှစ်လျှင် ၂ စုံနှုန်း ထောက်ပံ့ပေးခြင်းနှင့် အခြားထောက်ပံ့မှုများအား အခါအားလျော်စွာ ဆောင်ရွက်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာပညာရေးကျောင်းများနှင့် ဖုန်း-၀၃၆-၃၀၅၃၁/၀၃၆-၃၀၅၆၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။







ပင်ရင်းအရောင်း - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၀၇၇၊ ၀၁ ၆၅၂၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## ဘိုးဘပိုင် / မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ **မိုးဇာ**ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၅)၊ အကွက်အမည်-**ပုဏ္ဏားစု**ကွင်း၊ ဦးပိုင်အမှတ်(၅/၁)၊ ဧရိယာ(၀.၀၆၁)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်-၅/၁၂
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်-၄/က
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်-၅/၁၁
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်-၆/ခ-၂

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးသူရကျော်**မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၆ ခုနှစ်၊ ဇွန်လ(၄)ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန**
**စစ်ကိုင်းမြို့**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ မီးသွေးဘုတ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၄၈-ဆ)၊ ဖလံပင်ကုန်းကွင်း၊ ဦးပိုင်အမှတ်(၅၈/၂)၊ ဧရိယာ(၂ ဒသမ ၇၆)ဧက ယာမြေမျိုးနှင့်ပတ်သက်၍ လယ်ယာမြေလုပ်ပိုင်ခွင့် ခွင့်ပြုလက်မှတ်ပုံစံ(၇) အမည်ပေါက်သူ ဦးတင်အုံး(၉/ကဆန(နိုင်)၀၈၅၄၅၆) လယ်ယာမြေလုပ်ပိုင်ခွင့် ခွင့်ပြုလက်မှတ်ကတ်ပြားမူရင်းနှင့် မြေစာရင်းပုံစံ(၁၀၅)မူရင်းတို့မှာ ၎င်း၏လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးသွားပါသဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့် ခွင့်ပြုလက်မှတ် ပုံစံ(၇) ဒုတိယမိတ္တူမှန်အား ထုတ်ပေးနိုင်ပါရန် ဦးတင်အုံး(၉/ကဆန(နိုင်)၀၈၅၄၅၆)မှ လျှောက်ထားလာပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်၊ စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ဤကြော်ငြာပါသည့်ရက်မှ **(၃၀)ရက်အတွင်း** ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဥပဒေ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စဉ့်ကိုင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

**အိမ်ပြင်ပဥ္စာ ထွန်းသော မီးများကို နေ့အလင်း ရောင်ရှိ ချိန်တွင် ပိတ်ထား ခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## တစ်ဦးတည်းဖြစ်ကြောင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရတနာပုံတက္ကသိုလ်တွင် မြန်မာစာမေဂျာ၊ ဒုတိယနှစ်တွင် ပညာသင်ကြားနေသော (ဘ) ဦးခင်သောင်း၏သား မောင်အောင်ပြည့် (ခ) မောင်အောင်သီဟသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်အောင်ပြည့် (ခ) မောင်အောင်သီဟ**
**၉/ခမစ(နိုင်)၀၆၈၄၈၅**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့၊ အားသစ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-8 တွင် ပညာသင်ကြားခဲ့သော မပြည့်ဖူးသွယ်နှင့် Grade-4 တွင် ပညာသင်ကြားခဲ့သော မောင်ဉာဏ်သုတလင်းတို့၏ ဖခင်အမည်မှန်မှာ ဦးမိုးသူကျော်ဖြစ်ပါကြောင်း။

**ဦးမိုးသူကျော်(၉/သပက(နိုင်)၀၄၃၀၈၇)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အမက(၂၁) ကျောင်း၊ ပဥ္စမတန်းတွင် ပညာသင်ကြားနေသော မောင်ကောင်းထွဋ်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဘိုဘိုဝင်းဖြစ်ပါကြောင်း။

**ဦးဘိုဘိုဝင်း(၉/မရတ(နိုင်)၁၀၈၉၄၈)**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုဒ္ဓါနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား






တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိအရာရှိ၊ စစ်သည်၊ မိသားစုများကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးထွန်းဝင်းနှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ ရုံး၊ ဌာနများမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုများ တက်ရောက်ကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

# တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာချက်

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သစ်အနေဖြင့် ရက်ပေါင်း ၁၀၀ အတွင်း ဦးစားပေးဆောင်ရွက်မည့်ကိစ္စရပ်များတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်ချေးငွေနှုန်းထားတိုးမြှင့်ထုတ်ချေးမည့်အစီအစဉ်နှင့် လယ်ယာသုံးစက်ကိရိယာချေးငွေများထုတ်ချေးမည့်အစီအစဉ်တို့ကို တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မိုးရာသီချေးငွေကာလမှစတင်၍ စိုက်ပျိုးစရိတ်ချေးငွေနှုန်းထားတိုးမြှင့်ထုတ်ချေးမည်ဖြစ်ရာ သီးနှံအမျိုးအစားအလိုက် တိုးမြှင့်ထုတ်ချေးမည့်နှုန်းထား၊ ချေးငွေအတိုးနှုန်း၊ စတင်ထုတ်ချေးမည့် ကာလသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(က) ထုတ်ချေးမည့်ချေးငွေနှုန်းထား**

| စဉ် | သီးနှံအမျိုးအစား | လက်ရှိချေးငွေနှုန်းထား | တိုးမြှင့်ထုတ်ချေးမည့်နှုန်းထား |
|---|---|---|---|
| (၁) | စပါး၊ ဂျုံနှင့်ချည်မျှင်ရှည်ဝါ (မျိုးစေ့ထုတ်) | ကျပ် ၁၅၀၀၀၀ | ကျပ် ၃၀၀၀၀၀ |
| (၂) | အခြားသီးနှံ ၁၈ မျိုး | ကျပ် ၁၀၀၀၀၀ | ကျပ် ၂၅၀၀၀၀ |
| (၃) | ပန်းနှမ်း၊ဆီမုန်ညှင်း၊ ဂုန်လျှော် | ကျပ် ၁၀၀၀၀၀ | ကျပ် ၁၅၀၀၀၀ |

**(ခ) ချေးငွေအမျိုးအစားနှင့် ထုတ်ချေးကာလ**

| စဉ် | ချေးငွေအမျိုးအစား | ထုတ်ချေးကာလ |
|---|---|---|
| (၁) | မိုးချေးငွေ | ၂၀၂၆ ခုနှစ် မေလမှ စက်တင်ဘာလကုန်ထိ၊ |
| (၂) | ဆောင်းချေးငွေ | ၂၀၂၆ ခုနှစ် အောက်တိုဘာလမှ ၂၀၂၇ ခုနှစ် ဇန်နဝါရီလကုန်ထိ၊ |
| (၃) | မိုးကြိုချေးငွေ | ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လကုန်ထိ၊ |

**(ဂ) ချေးငွေအတိုးနှုန်း** - တစ်နှစ်လျှင် ငါးရာခိုင်နှုန်း၊

**(ဃ) စတင်ထုတ်ချေးမည့်ရက်** - ၁၂-၅-၂၀၂၆ (၂၀၂၆ ခုနှစ် မေ ၁၂ ရက်)၊

**စာမျက်နှာ ၁၈ ကော်လံ ၁ ❍**

**ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်၊ ကျိုင်းတောင်းမြို့အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့်အဆောက်အအုံများ၊ ပစ္စည်းများ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများကို ဖမ်းဆီးရမိ**

စာမျက်နှာ - ၂၂

**သစ်ပင်သစ်တောများ၏ ကျေးဇူး**

ဆောင်းပါး

စာမျက်နှာ - ၂၆